The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 40 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 16, 2017

## မွေးမြူရေးတောင်သူများအတွက် အကျိုးဖြစ်ထွန်းလျက်ရှိသည့်

# ပြည်ပသို့ ဆိတ်မွေးမြူ တင်ပို့မှု

စာမျက်နှာ - ၈



## ကျွဲနွားအရှင်များအား ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုပြီ

စာမျက်နှာ - ၁၂

## ဂျပန်နိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကြောင်း တစေ့တစောင်း

စာမျက်နှာ - ၂၀

## ပြည်တွင်း၌ Myanmar International Tourism Expo ကို ပထမဦးဆုံး အကြိမ်အဖြစ် ပြုလုပ်မည်

စာမျက်နှာ - ၂၆

## ကုန်သွယ်ဖက်နိုင်ငံများအကြား အပြန်အလှန် အကျိုးရှိစေမည့် လွတ်လပ်သောကုန်သွယ်မှု

စာမျက်နှာ - ၃၂

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075
ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့

smart

www.yomabank.com/smart

YOMA BANK
The Responsible Bank.

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဆန်တင်ပို့မှု အခြေအနေနှင့် စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဆန်တင်ပို့မှုအခြေအနေနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၂ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ့ဆန်ဈေးကွက်သည် ဒုတိယကမ္ဘာစစ်မတိုင်မီက ကမ္ဘာ့ဆန်ဈေးကွက်၏ထက်ဝက်နီးပါးကို နေရာယူတင်ပို့ခဲ့ရာမှ နောက်ပိုင်းကာလများတွင် ဆန်တင်ပို့မှု ကျဆင်းခဲ့ကြောင်း၊ တဖြည်းဖြည်းနှင့် ဆန်တင်ပို့မှု တိုးတက်လာရာမှ ယခုဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် နှစ်သန်းတင်ပို့နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ထို့အပြင် ဈေးကွက်အနေဖြင့်လည်း ယခင်နှစ်က တင်ပို့ခဲ့ခြင်းမရှိသော ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများသို့တိုးချဲ့တင်ပို့နိုင်ခဲ့ပါကြောင်း၊သို့သော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၁၀ သန်းကျော်တင်ပို့နိုင်သဖြင့် မြန်မာနိုင်ငံ၏ တင်ပို့နိုင်မှုစွမ်းရည်နှင့် အလားအလာအပေါ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် Quality Market၊ Quantity Market များကို ဆန်စပါးအမျိုးအစားအလိုက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အဆိုပါတင်ပို့မှု ဈေးကွက်အလိုက် ဆန်စပါးအမျိုးအစားခွဲကာ ဇုန်အလိုက် ရွေးချယ်စိုက်ပျိုး ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အဓိက စားသောက်ကုန်ဖြစ်သော ဆန်သည် Strategic goods ဖြစ်သည့်အတွက် အခြားကုန်စည်များနှင့်မတူဘဲ ဆန်စပါးကို G to G ရောင်းဝယ်မှုများဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင် မသမာသောရောင်းဝယ်မှု မဖြစ်ရေး၊ ဆန်တင်ပို့မှုဈေးကွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခိုင်မာရေး၊ စနစ်တကျဖြစ်ပေါ်ရေးအတွက် ပိုမိုခိုင်မာသော နည်းလမ်းများ ဖော်ထုတ်နိုင်ရေး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများမှ ကိုယ်စားလှယ်များက ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက နိုင်ငံတကာဆန်ဈေးကွက်နှင့် မြန်မာ့ဆန်ဈေးကွက် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဆန်တင်ပို့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ဘုရင့်နောင်ကုန်စည်ဒိုင်၊ ဝါးတန်းကုန်စည်ဒိုင်၊ မူဆယ်ဆန်စပါးကုန်သည်ဒိုင်များနှင့် ကုမ္ပဏီများက ဆန်စပါးတင်ပို့ရာတွင် တွေ့ကြုံရသည်များအား ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် European Chamber of Commerce in Myanmar မှ Trade & Competitiveness ၏ Executive Director ဖြစ်သူ Mr. Filip Lauwerysen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည် ကြီးများအသင်း (EUROCHAM Myanmar) ၏ Executive Director ဖြစ်သူ Mr. Filip Lauwerysen ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၁၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရန် အလားအလာရှိသည့်ကဏ္ဍများတွင် လက်တွဲဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်းမှ အသိပညာနှင့် အတွေ့အကြုံများ မျှဝေပေးနိုင်ရေး၊ မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်းက မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပြုချက်များပါဝင်သည့် ၂၀၁၇ စက္ကူဖြူစာတမ်းကို ပေးအပ်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ရန်ကုန်မြို့ရှိ ဆန်ကုန်စည်ဒိုင်များသို့ကွင်းဆင်း၍ ဆန်ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ လိုက်ပါလျက် အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင် ဆန်ကုန်စည်ဒိုင်နှင့် ဆိပ်ကမ်းမြို့နယ်၊ ဝါးတန်းဆန်ကုန်စည်ဒိုင်များသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ မြန်မာနိုင်ငံဆန်ကုန်သည်အသင်း ဥက္ကဋ္ဌ၊ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် ဥက္ကဋ္ဌ၊ ဝါးတန်းကုန်စည်ဒိုင် ဥက္ကဋ္ဌတို့က ကုန်စည်ဒိုင်များဖြစ်ပေါ်လာမှု အခြေအနေများ၊ လက်ရှိကုန်စည်ဒိုင်တွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အခြေအနေများ၊ ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ဆောင်ရွက်သွားလိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းများကို စနစ်တကျရောင်းဝယ်ဖောက်ကားလာစေရန် မူဝါဒများချမှတ်၍ ထိန်းကျောင်းသွားမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်၍ ထိန်းကျောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိရေးအတွက် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန် ရည်မှန်းထားသော်လည်း ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားပါသည်။

ယင်းနောက် ကုန်စည်ဒိုင်အသင်းသူ၊ အသင်းသားများ၊ ဆန်ရောင်းဝယ်သည့် အေးဂျင့်များ၊ ဆန်ဝယ်ယူသည့် ကုမ္ပဏီကိုယ်စားလှယ်များက တင်ပြသည့် လက်ရှိလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**ဆန်းမြင့်**

Commerce
JOURNAL
**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
**စာတည်းမှူးချုပ်**
ကြည်မာ
**တာဝန်ခံစာတည်း**
ခင်သီတာအေး
**အုပ်ချုပ်ရေးမှူး**
အေးအေးမော်
**စာတည်းအဖွဲ့**
-
**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း
**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)
**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း
**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး
**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်
**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# အောက်တိုဘာလဒုတိယပတ်တွင် မအူပင်ခရိုင်၊ ဖျာပုံခရိုင်တို့၌ ဆန်စပါးဈေးနှုန်းအနည်းငယ်မြင့်တက်

မအူပင်ခရိုင် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ဧည့်မထမိုးစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ငါးသိန်းငါးသောင်းဝန်းကျင်မှ ယခုကျပ်ငါးသိန်းခြောက်သောင်းဝန်းကျင်၊ စပါးတင်း ၁၀၀ကို တစ်သောင်းဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၃၅၀၀မှ ယခုကျပ် ၂၄၀၀၀ဖြင့် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ဈေးနှုန်းမြင့်တက်သွားကြောင်း သိရသည်။ အလားတူဖျာပုံခရိုင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ကို ကျပ်ငါးသိန်းလေးသောင်းဝန်းကျင်မှ ယခုကျပ်ငါးသိန်းခြောက်သောင်းဝန်းကျင်၊ စပါးတင်း ၁၀၀ကို ကျပ်တစ်သောင်းခွဲဝန်းကျင်၊ ဆန်တစ်အိတ်ကို ယခင်ကျပ် ၂၂၅၀၀-ကျပ် ၂၃၀၀၀မှယခုကျပ် ၂၃၅၀၀-ကျပ် ၂၄၀၀၀ဖြင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်သွားကြောင်း၊ ရန်ကုန်မှ ဆန်အဝယ်များခြင်း၊ ဒေသတွင်းဝယ်လိုအားရှိ၍ စပါးဟောင်းလက်ကျန်နည်းပါးလာခြင်းတို့ကြောင့် ဆန်စပါးဈေးနှုန်းအနည်းငယ်မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးဈေးနှုန်းသတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောဈေးတက်ပြီး ဆန်ကြမ်းဈေးထပ်ကျ

ယခုတစ်ပတ် ရန်ကုန်ဈေးကွက်မှာ ဆန်ချောဈေးတက်ပြီး ဆန်ကြမ်းဈေးကျကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရှိရပါတယ်။ ဆန်ချောက ရာသီချိန်မဟုတ်တဲ့အတွက် အဝင်နည်းပြီး ရောင်းလိုအားထက် ဝယ်လိုအားများတာကြောင့် ဈေးတက်တာဖြစ်ကြောင်း သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၆၅၀၀နဲ့ လတ်စ တစ်အိတ်ကျပ် ၃၅၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၄၀၀၀၀နဲ့ လတ်စ တစ်အိတ်ကျပ် ၃၇၀၀၀၊ နယ်စုံ ကျိုက်လတ်ထိပ်စတစ်အိတ် ကျပ် ၃၅၀၀၀နဲ့လတ်စ တစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ်၄၈၅၀၀ မှ ကျပ် ၅၀၀၀၀ ဖြစ်ပါတယ်။ ဆန်ချောတစ်အိတ်ကို ကျပ် ၅၀၀ မှ ၁၀၀၀အထိ ဈေးမြင့်တက်သွားတာတွေ့ရပါတယ်။

ဇူလိုင်လောက်ကစပြီး ဆက်တိုက်မြင့်တက်ခဲ့တဲ့ ဆန်ကြမ်းဈေးဟာ ယခင်တစ်ပတ်က ဈေးအနည်းငယ်ကျပြီး ယခုတစ်ပတ်မှာလည်း ဝယ်လိုအား လျော့သွားတာရယ် ဧည့်မထ ၂၅မှတ်အဝယ်ဝင်လာတာရယ်ကြောင့် ဈေးကျသွားကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ ဧည့်မထဆန်ထိပ်စ တစ်အိတ် ကျပ် ၂၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၁၂၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၄၃၀၀၊ ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၂၀၃၀၀ မှ ကျပ် ၂၀၅၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ်၃၀၀မှကျပ်၅၀၀ထိ ဈေးကျကြောင်း သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထဆန်ဈေးငြိမ်ပြီး ငစိန်ဆန်ဈေးအနည်းငယ်တက်ကြောင်းသိရပါတယ်။ ဧည့်မထဆန် ၅မှတ် မော်ဘီဆန်တစ်အိတ် ၁၃၉ ယွမ်မှ ၁၄၂ ယွမ်၊ ဧည့်မထ ၅မှတ် စူပါတစ်အိတ် ၁၃၆ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၁၀ မှတ် မော်ဘီ တစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၅ ယွမ်ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ မနောသုခ ၂၅ မှတ် တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၂ ယွမ်၊ ငစိန်ဆန် ၅ မှတ် တစ်အိတ် ၁၂၈ ယွမ် မှ ယွမ်၁၃၀၊ ငစိန် ဆန် ၁၅မှတ် တစ်အိတ် ၁၂၃ယွမ်မှ ၁၂၆ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ်၁၁၉ ယွမ်မှ ၁၁၂ယွမ်ဖြစ်ပြီး တစ်အိတ်ကို တစ်ယွမ်ခန့် ဈေးတက်ကြောင်း မူဆယ်ဆန်ဈေးနှုန်းအရ သိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ အောက်တိုဘာ ၅ရက်မှ ၁၁ရက်အထိ ၉၇၉၈တန်ရှိပါတယ်။ ဆန်အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ယခုတစ်ပတ် ဆန်အဝင်လျော့ကျခဲ့ပါတယ်။ အောက်တိုဘာ ၁၃ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၂ကျပ်ဈေးပေါက်ကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ယခုတစ်ပတ် ဆန်နဲ့ ဆန်ကွဲတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၃၀ မှ အောက်တိုဘာ ၆ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၈၂သန်း တန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန်၁၈၆၃၇ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၆၉ တန်ကျော်၊ ဧည့်မထဆန် ၁၅၇၇၄ တန်ခန့်နဲ့ ကောက်ညှင်းဆန် ၂၄၇တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်၁၃၃တန်နဲ့ ဧည့်မထဆန် ၁၇တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်၁၇၂၂တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၇၅ တန် တင်ပို့ပြီး ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ် ဆန်တင်ပို့မှုမှာ ၁၉၄၉၇တန်ဖြစ်တဲ့အတွက် ယခုတစ်ပတ် ဆန်တင်ပို့မှုတန်ချိန်၈၆၀လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ သုညဒသမ ၂၀၈ သန်းဖိုးနဲ့ တန်ချိန်မှာ ၇၁၅ တန်ကျော်ဖြစ်ပါတယ်။ ဆန်ကွဲကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၆၁၁ တန်ခန့်တင်ပို့ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၀၄တန်ကျော် တင်ပို့တာဖြစ်ပါတယ်။ ယခင် တစ်ပတ်က အဆိုပါစခန်းနှစ်ခုမှ ဆန်ကွဲ ၁၁၄၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၂၈တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၁ ရက်မှ ၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၆၃သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၁၇၉၂ တန် တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ငစိန်ဆန် တန် ၁၀၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၁၀၇၅ တန်နဲ့ငစိန်ဆန် တန်ချိန်၂၅၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၆၅၀၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၂၅၀၊ဧည့်မထဆန် တန်ချိန် ၅၁၅၀ နဲ့ ဇီယာဆန် ၄၂၅ တန်၊ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၀၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၁၀၇၂ တန်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၀၀၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၆၉၅ တန်နဲ့ ဧည့်မထဆန် တန်ချိန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ၃၅၆၂၇တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန်တင်ပို့မှု ၃၈၃၅တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ တရုတ်နိုင်ငံသို့ ၁၂၅ တန်၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၂၅၀၀၊ စုစုပေါင်းတန်ချိန် ၂၇၅၀ ဖြစ်ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၆၉၆ သန်းဖိုးဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက၈၈၀၆တန် လျော့နည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၁၅၅၆ တန် တင်ပို့ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၃-၁၀-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၀ | ၃၇၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၇၅ | ▽ | ၃၇၅ | ၃၈၀ | △ | ၄၁၀ | ၄၀၀ | ▽ | ၃၆၇ | ၃၆၇ | □ |
| ဆန်ဖြူ ၁၀% | ၃၇၀ | ၃၇၃ | ▽ | ၃၈၀ | ၃၇၃ | △ | - | - | - | ၃၆၂ | ၃၆၄ | △ |
| ဆန်ဖြူ ၁၅% | ၃၆၉ | ၃၆၆ | ▽ | ၃၇၃ | ၃၇၀ | △ | - | - | - | ၃၅၇ | ၃၆၁ | △ |
| ဆန်ဖြူ ၂၅% | ၃၅၃ | ၃၅၁ | ▽ | ၃၆၂ | ၃၆၅ | △ | ၃၆၅ | ၃၆၀ | ▽ | ၃၃၇ | ၃၄၃ | △ |
| ပေါင်းဆန် | ၃၉၀ | ၄၂၉ | △ | - | - | - | ၄၀၉ | ၄၀၅ | ▽ | ၄၁၅ | ၄၁၀ | ▽ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၃-၁၀-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၀၀၀ | △ | ၂၁၀၀၀ | △ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၄၇၀ | □ | ၂၂၅၀၀ | □ | ၈၄၁၀ | □ | ၃၉၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၃၄၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၁၃၀၀၀ | △ | ၄၃၅၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၈၀၀၀ | △ | ၇၀၀၀ | □ | ၃၂၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၆၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | △ | ၂၃၀၀၀ | □ | - | - | ၄၀၅၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၉၀၀ | ▽ | ၃၂၀၀၀ | □ | - | - | ၅၀၀၀၀ | ▽ |
| မြိတ် | ၄၀၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၄၀၀၀ | △ | - | - | ၄၂၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၉-၁၀-၂၀၁၇ မှ ၁၃-၁၀-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 977 | 50,224,064.076 |
| 2 | Form D | 76 | 1,941,524.690 |
| 3 | Form E | 108 | 2,944,938.840 |
| 4 | Korea GSP | 8 | 234,050.500 |
| 5 | Form AK | 166 | 7,573,531.830 |
| 6 | Form AJ | 13 | 495,622.110 |
| 7 | Form AI | 81 | 4,165,317.100 |
| 8 | Form AANZ | 30 | 245,987.020 |
| 9 | Form DFTP | | |
| Grand Total | | 1459 | 67,825,036.166 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၃-၁၀-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၅၇ | ၈၀၈ | ▼ | ၉၅၀ | ၉၀၈ | ▼ | ၉၀၀ | ၈၈၅ | ▼ | ၉၁၅ | ၉၀၀ | ▼ |
| ပဲစင်းငုံ | ၆၅၆ | ၆၂၁ | ▼ | ၆၀၀ | ၅၇၅ | ▼ | ၆၀၅ | ၅၇၅ | ▼ | ၆၁၅ | ၅၈၅ | ▼ |
| ပဲတီစိမ်း | ၁၅၆၅ | ၁၅၀၀ | ▼ | ၁၄၂၂ | ၁၄၂၂ | ■ | ၁၄၂၁ | ၁၄၂၁ | ■ | ၁၄၇၅ | ၁၄၄၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | ၂၃၂၃ | ၂၃၅၈ | ▲ | ၂၃၁၆ | ၂၃၆၈ | ▲ | ၂၂၄၀ | ၂၂၆၅ | ▲ |
| ပဲလွန်းဖြူ | ၁၅၈၀ | ၁၆၆၅ | ▲ | - | - | - | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၆၅၀ | ▲ | ၂၄၃၆ | ၂၄၃၆ | ■ | - | - | - | - | - | - |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၃-၁၀-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု | ၃/၁၀ | ၁၃/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၀၅ | ၃၈၅ | ▼ | ၆၅၆ | ၆၀၁ | ▼ | ၆၅၆ | ၆၁၆ | ▼ |
| ပဲစင်းငုံ | ၃၀၅ | ၃၀၀ | ▼ | ၅၈၀ | ၅၅၄ | ▼ | ၅၈၇ | ၅၇၈ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၁၇ | ၆၉၃ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၁၃၀ | ၁၁၃၀ | ■ | ၈၃၉ | ၇၉၃ | ▼ | ၈၈၅ | ၈၂၈ | ▼ |

✳ မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃၀.၉.၁၇)ထိ | ယခုတစ်ပတ် (၇.၁၀.၁၇)ထိ | (၁.၁.၁၇) မှ (၇.၁၀.၁၇) ထိ |
| မတ်ပဲ | ၄၀၇၁၅၂ | ၄၂၅၁ | ၄၁၁၄၀၃ |
| ပဲတီစိမ်း | ၁၀၅၀၅၂ | ၁၂၃၉ | ၁၀၆၂၉၁ |
| ပဲစင်းငုံ | ၂၀၀၇၂၉ | ၁၀၇၀ | ၂၀၁၇၉၉ |
| ကုလားပဲ | ၃၇၃၇၆ | ၂၉၀ | ၃၇၆၆၆ |
| ပဲလွန်းဖြူ | ၁၂၇၅၅ | ၁ | ၁၂၇၅၆ |
| မြေထောက်ပဲ | ၁၈၂၆၇ | ၆၁ | ၁၈၃၂၈ |

## လက်လီပဲဈေးကွက်မှာ ပြည်ပဲပုပ်သီးနှံ ဈေးအနိမ့်နဲ့သာ ရောင်းဝယ်မှုဖြစ်

ယခု သီတင်းကျွတ်ကာလမှာ ပြည်ပဲမျိုးစုံဈေးကွက်တွင် ဆောင်းပဲသီးနှံ စိုက်ပျိုးရန် မျိုးပဲအချို့ ဝယ်ယူလျက်ရှိလို့ ပဲအချို့ ဈေးပိုလာခဲ့တာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံအနေဖြင့် လက်လီသာ အရောင်းအဝယ်ဖြစ်တာကြောင့် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာတော့ ထောပတ်ပဲ၊ ပဲနီပြား၊ ဘိုကိတ်၊ ပဲလွန်းဖြူ လက်လီအရောင်းအဝယ်များတဲ့ ပဲများနဲ့ နှိုင်းယှဉ်လျှင် ဈေးနိမ့်နေခဲ့ကြောင်း သိရပါတယ်။

ဒါကြောင့် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံကဲ့သို့ အရောင်းအဝယ် အေးတဲ့ သီးနှံများထက် ဈေးပိုရနေသော်လည်း ကျန်ပဲများထက် ဈေးလျော့နည်းနေခဲ့လို့ တစ်တင်း ကျပ် ၂၇၅၀၀ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ မျိုးပဲအဝယ်ရှိပြီး အရည်အသွေးလိုက်၍ ဈေးပိုရ

ပြည်ပဲဈေးကွက်အတွင်း ဈေးကောင်းရလျက်ရှိတဲ့ ကုလားပဲသီးနှံဟာ ယခုကာလတွင် မျိုးပဲများဝယ်ယူလာတာကြောင့် ဈေးအမြင့်အတိုင်း ဆက်လက် အရောင်းအဝယ်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ မျိုးပဲဈေးကတော့ တစ်တင်း ကျပ် ၄၇၀၀၀ မှ ကျပ် ၅၀၀၀၀အထိ အရည်အသွေးပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲခွဲစက်သမားများက ပုံမှန်ဝယ်ယူနေလို့ တစ်တင်း ကျပ် ၄၅၀၀၀ ရရှိခဲ့ကြတဲ့အတွက် ယခုနှစ် ပြည်ဈေးကွက်မှာ ပဲကြီး သီးနှံပြီးလျှင် ဒုတိယဈေးအများဆုံးရရှိခဲ့တဲ့ သီးနှံဖြစ်ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## သီတင်းကျွတ်ကာလ ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲနှင့်ပဲစင်းငုံသီးနှံများမှ လွဲ၍ ကျန်ပဲများ ပုံမှန်ရောင်းဝယ်မှုဖြစ်သလို မျိုးပဲအချို့ဝယ်ယူမှုရှိခဲ့



ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း သီတင်းကျွတ်ကာလတွင် ဆောင်းသီးနှံအတွက် မျိုးပဲဝယ်ယူမှုများရှိလာတာကြောင့် ပဲဈေးအချို့ ဈေးမြင့်လာသလို ဈေးငြိမ်နေသော ပဲများလည်းရှိခဲ့ကာ မတ်ပဲနှင့်ပဲစင်းငုံသီးနှံဈေးကတော့ ထပ်မံကျဆင်းလျက်ရှိတယ်လို့ သိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ နေ့စဉ်အိတ် ၁၀၀ ကျော် ဝင်ရောက်လျက်ရှိသော်လည်း ပဲအဝင်နည်းသွားပြီဖြစ်ပါတယ်။ ပဲလက်ကျန်လည်းရှိခဲ့လို့ မန္တလေးလိုင်းသမားဝယ်ယူမှုအပေါ် လိုသလောက်ရောင်းချနိုင်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၇၅၀၀ ဖြင့် လဆန်းရက်က ဈေးအတိုင်း ဈေးဆက်ငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်သီတင်းကျွတ်ချိန်က ပဲတီစိမ်းသီးနှံပဲလက်ကျန်ပြတ်သလောက်ဖြစ်ခဲ့လို့ ရက်ခြားသာအရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲဈေးမှာတစ်တင်းကျပ် ၂၅၀၀၀ ခန့်ရရှိခဲ့ပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးများ ယခုနှစ်မှာ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်လိုက်ခြင်းကြောင့် ယခုချိန်အရောင်းအဝယ်လည်း အေးဈေးလည်းအေးသွားခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံမှာတော့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိလို့ ယခင်နှစ်ဈေးနှင့် ယခုနှစ်ဈေးကွာခြားမှု သိပ်မရှိခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲနှင့် ပဲစင်းငုံသီးနှံများမှာ ယခင်နှစ်က ပဲတီစိမ်းသီးနှံထက် ဈေးကောင်းခဲ့သလို ပဲဈေးကွက်မှာလည်း ဈေးအမြင့်နဲ့ ရောင်းဝယ်နေခဲ့တာကြောင့် မတ်ပဲတစ်တင်းကျပ် ၄၆၀၀၀၊ ပဲစင်းငုံတစ်တင်းကျပ် ၃၅၅၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြရပေမယ့် ယခုနှစ်မှာတော့ မတ်ပဲသီးနှံမှာပဲသစ်ပေါ်ချိန်တွင် ဈေးကောင်းခဲ့သော်လည်း ဇွန်၊ ဇူလိုင်မှစ၍ ပဲဈေးများကျဆင်းလာခဲ့ပါတယ်။ ယခုချိန်မှာတော့ မတ်ပဲတစ်တင်းကျပ် ၁၇၀၀၀၊ ပဲစင်းငုံတစ်တင်းကျပ်၁၁၀၀၀ ဖြင့်သာ ငွေလို၍ရောင်းချသူအချို့ဖြင့် အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံကတော့ အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့သိရပါတယ်။

ပြည်တွင်း၌သာအဓိကအရောင်းအဝယ်များတဲ့ပဲသီးနှံများအနက် ပဲကြီးသီးနှံက ဈေးကောင်းရနေလို့ ဈေးကွက်မှာ ဈေးအမြင့်ဆုံးဖြစ်နေသလို ယခုချိန်မှာ မျိုးပဲဝယ်ယူနေမှုများကြောင့်လည်း မျိုးပဲဈေးမှာတစ်တင်း ကျပ် ၆၀၀၀၀ထိ ရရှိနေခဲ့ပါတယ်။ ပဲကြော်ဖိုသမားများ ပုံမှန်အဝယ်ရှိလို့ လက်ကားရောင်းဝယ်နေကြတဲ့ပဲဈေးကတော့(ရွှေကျွန်း) တစ်တင်းကျပ် ၅၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၅၀၀၀၀တို့ဖြင့် အိတ် ၂၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲကြီးသီးနှံရဲ့ ယခင်နှစ် သီတင်းကျွတ်ကာလက ကျပ်သုံးသောင်းအောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြလို့ ယခုနှစ်မှာတော့ မတ်၊ ဧပြီလများမှစ၍ ပဲဈေးများ တရိပ်ရိပ်မြင့်တက်လာခဲ့ပါတယ်။

လက်လီပဲဈေးကွက်အတွင်းရှိ ပဲများထဲမှ ပဲနီပြားသီးနှံနှင့် စားတော်ပဲသီးနှံများမှာလည်း ဈေးကောင်းရလျက်ရှိလို့ ပဲနီပြားတစ်တင်းကျပ် ၃၃၀၀၀၊ စားတော်ပဲတစ်တင်းကျပ် ၄၈၀၀၀ တို့ဖြင့် နေ့စဉ်လက်လီအိတ်အနည်းငယ်စီ ရောင်းချခဲ့ကြတဲ့အတွက် ပြည်ပဲဈေးကွက်ရဲ့ သီတင်းကျွတ်ကာလမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံမှလွဲ၍ ကျန်ပဲများပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကာ ဈေးကောင်းရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မိုးမြေပဲများရိတ်သိမ်းပြီး ဆောင်းမြေပဲများ ဆက်လက်စိုက်ပျိုးလျက်ရှိ

ကျောက်ဆည်ခရိုင်တွင် မိုးမြေပဲ ကို ၃၀၄၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၇ ဧကရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကအထွက်နှုန်း အနေဖြင့် ၄၈ ဒသမ ၆၈ တင်း၊ အထွက်စုစုပေါင်း ၉၈၆၆ တင်းထွက်ရှိကြောင်းသိရှိရပါသည်။ ကျောက်ဆည်ခရိုင်တွင် ဆောင်းမြေပဲကို ၇၀၉ ဧကစိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရသိရှိရပါသည်။ ယခုအချိန်တွင် ဆောင်းမြေပဲများလည်း စတင်စိုက်ပျိုးနေပြီဖြစ်ပါသည်။ ယာမြေ၊ ကုန်းမြေများပေါ်တွင် စက်တင်ဘာလကုန်ပတ်မှ စတင်စိုက်ပျိုးထားခဲ့ရာ ယခုအချိန်တွင် မြေပဲပင်ပေါက်ကလေးများ ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ပါသည်။ မြေပဲစိုက်ပျိုးမှုအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာကျပ်၁၇၀၀၀၀ ဝန်းကျင် ကုန်ကျကြောင်း သိရှိရပါသည်။ မြေပဲဈေးနှုန်းအနေဖြင့် ယခုအချိန် တွင် မြေပဲတောင့် တစ်တင်းလျှင် ကျပ် ၉၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ပွဲရုံများမှ သိရှိရပါသည်။

**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## ပြည်ထောပတ်ပဲ ယခင်နှစ်ဈေးထက် ကျပ်နှစ်သောင်းနီးပါး ပိုရလာ

သီတင်းကျွတ်ကာလ ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲထက် ပြည်တွင်းဝယ်လက်ပဲအားလုံးလိုလို ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံသည်လည်း လက်လီသာအဝယ်ရှိခဲ့ပြီး ပဲဈေးအနေဖြင့် တစ်တင်းကျပ် ၃၂၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ဘိုကိတ်ပဲ၊ ပဲနီပြားစတဲ့ ပဲများနည်းတူ ကျပ်သုံးသောင်းအထက်ရခဲ့ကြလို့ ယခုနှစ်မှာပြည်တွင်းဝယ်လက်ပဲအားလုံး ဈေးကောင်းရခဲ့တဲ့နှစ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ထောပတ်ပဲသီးနှံဈေးဟာ ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့လို့ တစ်တင်းကျပ်တစ်သောင်းကျော်သာရခဲ့ပြီး ယခုနှစ်မှာတော့ ယခင်နှစ်ရဲ့ဈေးထက် ကျပ်နှစ်သောင်းနီးပါးမြင့်တက်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး ယခင်တစ်ပတ်ထက်ပိုမြင့်တက်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ဆီကြိတ်မြေပဲဆန်ဈေးရော လုံးဆန်ဈေးပါ ပြန်မြင့်လာတာ တွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို ဆီစက်များက ရသလောက် အဝယ်ရှိနေသော်လည်း အဝင်နည်းနေ၍ ဈေးမြင့်လာတာဖြစ်ပါတယ်။ တစ်ပိဿာလျှင် ကျပ် ၁၉၅၀အထိ မြင့်လာလို့ ယခင်တစ်ပတ်ထက်စာလျှင် တစ်ပိဿာလျှင် ကျပ် ၂၅၀ ထိ ဈေးပိုလာပြီး တစ်နေ့လျှင် အိတ်၅၀၀ခန့်အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ လုံးဆန်ကိုလည်း ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်များက ဝယ်လိုအားရှိသော်လည်း ပစ္စည်းဝင်ရောက်မှုနည်းသွားလို့ ဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။

ယခုတစ်ပတ် လုံးဆန်ဈေးမှာ လုံးဆန်(အဖြူ) တစ်ပိဿာလျှင်၂၁၂၅ကျပ်၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၀၅၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်မြင့်လာပြီး တစ်နေ့လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

**ဝေဝေမင်း**

Vol: 17, No.40 Monday October 16 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၁၂.၁၀.၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.ERAWAN-12 | P'Oil (In Bulk) ၅၀၀၀ ကုန်တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း (၁) | - SIMA NPERFECT | ကုန်သေတ္တာ ၅၅၄ကုန်တင်၅၁၄ ကုန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - KOTA RATNA | ကုန်သေတ္တာ ၂၆၀ကုန်တင်၄၀၅ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၂) | - MAERSK ABERDEEN | ကုန်သေတ္တာ၆၁၀ကုန်တင်၄၉၇ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - SINAR BALI | ကုန်သေတ္တာ၅၂၀ကုန်တင်၇၂၃ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - PATRIA | ဆန် ၁၅၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - MAAN AUNG | သကြား ၇၅၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - KIRANA NAREE | ဆန် ၂၄၅၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - ALKAR TRUST | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - HANTHAR | Steel Product ၅၃၀၀ တန်ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - SAN GIORGIO | ကုန်သေတ္တာ၆၅၀ကုန်တင်၄ဂဂကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - HONG KAI | Steel Product & Fertilizer ၁၇၅၁ဂ တန်ကုန်ချဆဲ |
| MMTM JETTY | - MT.POLARIS | MOGAS 92 Ron ၁၂၂ဂ၁ တန်ကုန်ချဆဲ |
| Green Asia JETTY | - MT.GREAT DIAMOND | Diesel Oil ၁၂၀၄၉ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LE MIN | Equipment ၂၁၆၁ တန်ကုန်တင်ရန် | CHINA | ၁၃.၁၀.၂၀၁၇ |
| ASEAN LEADER | Vehicle(RO/RO) ၄၀၄တန်ကုန်ချရန် | JAPAN | ၁၃.၁၀.၂၀၁၇ |
| KO RALIA | Cement(In Bulk) ဂ၀၀၀ တန်ကုန်ချရန် | MALAYSIA | ၁၆.၁၀.၂၀၁၇ |
| SPRING NELSON | Steel Out Equipment ၆၅၀၀တန်ကုန်တင်ရန် | CHINA | ၁ဂ.၁၀.၂၀၁၇ |
| GLOVIS MARIA | Steel Product ၃၀၂၉၅ တန်ကုန်ချဆဲ | CHINA | ၂၀.၁၀.၂၀၁၇ |
| AQUAMARIN | Steel& Fertilizer ၂၉၀၀၀ တန်ကုန်ချဆဲ | CHINA | ၂၂.၁၀.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၂.၁၀.၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၃.၁၀.၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၁၀.၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁၀.၂၀၁၇ |
| SANTOSA STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၁၀.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁၀.၂၀၁၇ |
| KUO SHIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁၀.၂၀၁၇ |
| FSL SANTOSA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁၀.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၅.၁၀.၂၀၁၇ |
| MCC SHEN ZHEN | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၁၀.၂၀၁၇ |
| MCC MERGUI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၁၀.၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၀.၂၀၁၇ |
| PACIFIC STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁ဂ.၁၀.၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၁၀.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.PRIMROSE | P'Oil (In Bulk) | - | ၁၂.၁၀.၂၀၁၇ |
| MT.SINGA PERAIS | ဒီဇယ်ဆီ | SINGAPORE | ၁၂.၁၀.၂၀၁၇ |
| MT.CORVUS | P'Oil (In Bulk) | INDONESIA | ၁၂.၁၀.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၂.၁၀.၂၀၁၇ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၁၄.၁၀.၂၀၁၇ |
| MT.FLY SEAL | MOGAS 92 RON | SINGAPORE | ၁၄.၁၀.၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁၅.၁၀.၂၀၁၇ |
| MT.CHAO ANOMA | P'Oil (In Bulk) | INDONESIA | ၁၅.၁၀.၂၀၁၇ |
| MT.RIO DAYTONA | MOGAS 92 RON | SINGAPORE | ၁၆.၁၀.၂၀၁၇ |
| MT.FLY GURNARD | ဒီဇယ်ဆီ | SINGAPORE | ၁၄.၁၀.၂၀၁၇ |
| MT.OCEAN SUCCESS | MOGAS 92 RON | SINGAPORE | ၁၅.၁၀.၂၀၁၇ |

# အောက်တိုဘာဒုတိယပတ်ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ၏ဈေးနှုန်းမှာအနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင်ကျပ်၁၁၈၀၀ ဖြင့်တင်း ၃၀၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော နှမ်းဈေးကွက်တွင် ဈေးနှုန်းများအနည်းငယ်မြင့်လျက်ရှိပြီး နှမ်းညိုတစ်တင်းလျှင် ကျပ်၂၈၇၀၀၊ နှမ်းဝါ(ပြင်) တစ်တင်းလျှင် ကျပ်၃၃၄၀၀၊ နှမ်းနက်ရိုးရိုးမှာ ဈေးကောင်းရရှိနေပြီး တစ်တင်းလျှင်ကျပ် ၃၀၅၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဂန့်ဂေါခရိုင်၊ ယောဒေသမှ ထွက်ရှိသည့် နှမ်းနက်(စမုံ)မှာ အရည်အသွေးကောင်းမွန်၍ ပြည်ပနိုင်ငံမှ ဝယ်လက်ရှိခြင်းတို့ကြောင့် ဈေးကောင်းရလျက်ရှိသည်ဟု ကုန်စည်ဒိုင်မှသတင်းရရှိတယ်။ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၄၀၀၀မှ ကျပ် ၄၂၀၀၀ထိ ဈေးရှိပြီး တစ်နေ့လျှင်တင်း ၅၀ မှ ၂၀၀ထိအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဒေသထွက်ဖြစ်သည့်ပြောင်းဖူးစေ့(CP)၏ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျပြီးတစ်တင်းလျှင်ကျပ် ၇၅၀၀ ဈေးနှုန်းဖြင့်တင်း ၅၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါသည်။ဒေသထွက်ကုန်ဖြစ်သည့်မြေပဲဆီ(ဆုံဆီ)တစ်ပိဿာဈေးနှုန်းမှာလက်ကားဈေး ကျပ် ၆၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# အောက်တိုဘာဒုတိယပတ်ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိသည်။ ဒေသတွင်းရှိ မြေပဲဆားလှော်လုပ်ငန်းရှင်များမှ အဝယ်လိုက်လာခြင်း၊ ပဲကြော်ဖိုလုပ်ငန်းများမှ အဝယ်များခြင်းတို့ကြောင့် မြေပဲဆန်နီ(မြောင်)တစ်ပိဿာလျှင် ကျပ်၂၀၀၀မှကျပ်၂၁၀၀ထိ၊ ကျွန်းဆန်မှာတစ်ပိဿာလျှင်ကျပ် ၁၉၅၀၊ S1 (မြေပဲဖြူလုံးဆန်) ဈေးနှုန်းမှာ အနည်းငယ်တက်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ်၂၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ်၁၇၀၀၀၊ စွန်တာပြာတစ်တင်းလျှင်ကျပ် ၃၀၀၀၀၊ ပဲပိစပ် တစ်တင်းလျှင် ကျပ်၁၄၅၀၀၊ ဒေသတွင်း အစားအစာဖြစ်သည့်ပဲပုပ်တစ်တင်းလျှင် ကျပ်၂၉၅၀၀ဈေးဖြင့် ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသတင်းရရှိပါသည်။

ကုလားပဲများဖြစ်သောHLတစ်တင်းလျှင်ကျပ် ၄၂၅၀၀၊ 929ကုလားပဲဖြူလုံးကြီးမှာ ကျပ် ၄၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့်မှာ အနည်းငယ်ဈေးတက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# မုံရွာကုန်စည်ဒိုင်မြေပဲဆန်ဈေးကွက် မြေပဲဆန်ဈေးအနည်းငယ်ပြန်မြင့်

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ ယခင်တစ်ပတ်ဈေးထက် အနည်းငယ်ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ်လည်း သွက်လျက်ရှိကြောင်း ပဲကုန်သည်ထံမှသိရပါတယ်။ ယခုတစ်ပတ်မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၂၀၀ မှ ကျပ် ၂၂၅၀ နှုန်းပေါက်ပြီး အိတ် ၁၀၀၀ ခန့်၊(လုံးဆန်နီ)၂၃၂၅ ကျပ်နဲ့အိတ် ၁၀၀ခန့်၊ (ဆီဆန်) ကျပ် ၁၉၀၀နဲ့ အိတ် ၅၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ဆီဆန်ကတော့ မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက အဝယ်လိုက်၍ အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ မြေပဲလုံးဆန်ဖြူကို မန္တလေးဝယ်လက်က ဝယ်ယူပြီး လုံးဆန်နီကို ဆားလှော်သမားများက ဝယ်ယူလို့အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။

ယခင်တစ်ပတ်က မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၂၅၀၊ (လုံးဆန်နီ) ကျပ်၂၂၀၀၊ (ဆီဆန်) ၁၈၂၅ ကျပ်နှုန်းပေါက်လို့ ယခုတစ်ပတ်နှင့်နှိုင်းယှဉ်ပါက ယခင်တစ်ပတ် ပေါက်ဈေး ထက်မြင့်နေကြောင်းသိရပါတယ်။ မြေပဲဆီတစ်ပိဿာ (လက်ကား) ကျပ် ၃၇၀၀၊ (လက်လီ)ကျပ် ၄၇၀၀/၄၈၀၀ နှုန်းရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်**

# အောက်တိုဘာလဒုတိယပတ် မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးလျော့နည်းခဲ့ပြီး ကုလားပဲသီးနှံတက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် အောက်တိုဘာလ ဒုတိယပတ်မှစ၍ ပဲအချို့ဈေးလျော့နည်းသွားခဲ့ပြီး ကုလားပဲတစ်မျိုးသာ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်ပိုလာတာတွေ့ရပါတယ်။ မတ်ပဲနှင့် ပဲစင်းငုံမှာ ယခင်တစ်ပတ် ကထက်ဈေးလျော့နည်းလာတာကိုတွေ့ရပါတယ်။ ပဲစင်းငုံမှာ နေ့စဉ်ရက်ဆက်ဈေးကျခဲ့ရာ ယခုတစ်ပတ်တွင် တစ် တင်းလျှင်ကျပ် ၁၁၅၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲဈေးမှာ ယခုတစ်ပတ်တွင် ထွက်တိုးတစ်တင်းလျှင် ကျပ် ၁၅၅၀၀ နှင့် ရိုးရိုးပဲတစ်တင်းလျှင် ကျပ် ၁၆၅၀၀ ဖြင့် ပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ်အားဖြင့် ပုံမှန်သာရှိတယ်လို့ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။ ပဲတီစိမ်းမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိခဲ့ပြီးတစ်တင်း ကျပ် ၂၇၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

ကုလားပဲမှာ ဒေသတွင်းအရောင်းအဝယ်များခဲ့ပြီး ပဲခွဲစက်သမားများက နေ့စဉ် ဝယ်ယူခဲ့လို့ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင်ကျပ် ၄၅၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၄၃၅၀၀ နှင့် ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၄၃၅၀၀ ဖြင့် အမြင့်ဆုံးဈေးပေါက်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်အိတ် အနည်းဆုံး ၄၀၀ မှ အများဆုံး ၇၀၀ ထိ ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရပါတယ်။

အခြားပဲမျိုးစုံဈေးကွက်မှာတော့ စွန်တာနီတစ်တင်း ကျပ် ၃၁၅၀၀ မှ ကျပ် ၃၃၀၀၀၊ ပဲနီလုံးကြား တစ်တင်းကျပ် ၄၀၀၀၀၊ ပဲကြီးတစ်တင်းကျပ် ၅၀၀၀၀ မှ ကျပ် ၆၅၀၀၀၊ ထောပတ်တစ်တင်းကျပ် ၃၄၅၀၀၊ ပုဂံပဲတစ်တင်းကျပ် ၄၂၀၀၀၊ ပဲပုပ်တစ်တင်းကျပ် ၃၀၅၀၀ မှ ကျပ် ၃၁၀၀၀၊ မြေထောက်ပဲ တစ်တင်းကျပ် ၄၀၀၀၀နှင့် ပဲယင်းဝါ တစ်တင်း ကျပ် ၂၁၀၀၀ဖြင့် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

## ကြက်သွန်နီ

# ပြည်ကြက်သွန်နီအမြင့်ဈေးဖြင့် ရောင်းဝယ်လျက်ရှိ

ပြည်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းမှုမရှိဘဲ အမြင့်ဈေးဖြင့် သာဆက်လက်ရောင်းဝယ်လျက်ရှိနေကြောင်းသိရပါတယ်။ ကထိန်ရာသီကာလဖြစ်သော်လည်း အလှူအတန်းပြုလုပ်သူများက ဈေးမြင့်သည့်အတွက် အနည်းငယ်သာ ဝယ်ယူကြသဖြင့် အရောင်းအဝယ်မှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက သိသာစွာအေးနေကြောင်း တွေ့ရပါတယ်။ ကျောက်ပန်းတောင်း၊ ဆိပ်ဖြူတို့မှ တစ်နေ့လျှင် ပိဿာ ၃၀ ဝင်အိတ် ၂၅၀ မှ ၃၀၀ ခန့်ထိ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ်အေးနေတဲ့အတွက် ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်များနေတယ်လို့ ပွဲရုံလုပ်ငန်းရှင်များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

ယခုတစ်ပတ်ပွဲရုံလက်ကား ဈေးမှာ တစ်ပိဿာလျှင်(ကြီး) ကျပ် ၂၃၀၀ မှ ကျပ် ၂၃၅၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ် ၂၁၀၀နှင့် (အသေးစ)ကျပ် ၁၈၅၀တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၂၇၀၀ မှ ကျပ် ၂၈၀၀၊ (လတ်) ကျပ် ၂၅၀၀ မှ ကျပ် ၂၆၀၀၊ (သေး) ကျပ် ၂၃၀၀ မှ ကျပ် ၂၄၀၀ တို့ဖြင့်ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မပြောင်းလဲဘဲရှိနေတာ တွေ့ရပါတယ်။ သို့သော်ယခုဖြစ်ပေါ်လျက်ရှိတဲ့ ကြက်သွန်နီဈေးနှုန်းများကို အောက်ဖော်ပြပါ ယခင်နှစ်ကာလတူဈေးနှုန်းများဖြင့် နှိုင်းယှဉ်ကြည့်ပါက ဈေးအမြင့်နဲ့ရောင်းဝယ်လျက်ရှိနေကြောင်းသိရပါတယ်။

တရုတ်ကြက်သွန်နီဝင်ရောက်မှုကို ကန့်သတ်လိုက်ခြင်းကြောင့် ပြည်ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများ ဝင်ရောက်မှုနည်းသွားပြီး ဒေသကြက်သွန်နီများ ဈေးပိုမိုမြင့်တက်ရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ တရုတ်ကြက်သွန်နီဈေးနှုန်းအနေနဲ့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်ကာ လက်ကားပွဲရုံဈေးကျပ် ၁၁၀၀မှ ကျပ် ၁၂၀၀ရှိပြီး လက်လီဈေးအသေးများတွင် ကျပ်၁၄၀၀-ကျပ် ၁၅၀၀-ကျပ် ၁၆၀၀တို့ဖြင့်အသီးသီး ရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။

| လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူဈေးနှုန်း(ကျပ်) | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဩဂုတ်လ | ၆၀၀ | ၇၀၀ | ၁၆၅၀ | ၁၈၀၀ |
| စက်တင်ဘာလ | ၆၀၀ | ၇၀၀ | ၂၂၀၀ | ၂၄၀၀ |
| အောက်တိုဘာလ (ဒုတိယပတ်) | ၆၀၀ | ၇၅၀ | ၂၂၀၀ | ၂၄၀၀ |

**ဝင်းလဲ့ဝါ(ပြည်)**

# အောက်တိုဘာဒုတိယပတ် မုံရွာကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်း

မုံရွာ (ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက်အနည်းငယ် ပြန်လည်မြင့်တက်လာတာသိရပါတယ်။ ပွဲရုံသို့ကြက်သွန်နီများ ပိဿာ ၅၀၀၀ ခန့်နေ့စဉ်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များနှင့်ချင်းတွင်းမြစ်ကမ်းတစ်လျှောက် မြို့များသို့ပုံမှန်တင်ပို့ရောင်းဝယ်လျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာလက်ကားပေါက် ဈေးနှုန်းမှာ(ကြီး)ကျပ်၂၁၀၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ၁၉၀၀နှုန်းပေါက်လျက်ရှိပြီးလက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၃၀၀၊ (လတ်)ကျပ် ၂၂၀၀၊ (သေး) ကျပ် ၂၀၀၀နှုန်းနဲ့ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ်၁၉၅၀၊(လတ်)ကျပ်၁၈၅၀၊ (သေး)၁၇၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၂၃၀၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ် ၁၉၀၀နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် မြင့်တက်လာကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ဈေးအတက်/အကျသိပ်မရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်းသိရပါတယ်။ ပွဲရုံသို့ကြက်သွန်ဖြူများ ပိဿာ ၈၀၀/၇၀၀ခန့် နေ့စဉ်အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊(ရှမ်း)ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ(ဗမာ)ကျပ် ၄၅၀၀၊ (ရှမ်း)ကျပ်၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နန္နွင်း

# ရှမ်းနန္နွင်း အရောင်းအဝယ်ပြန်ဖြစ်လာ

သီတင်းကျွတ်ပွဲတော်ကာလအပြီးမှာ ချင်း/နန္နွင်းတွေ အရောင်းအဝယ်ပြန်ဖြစ်လာပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ပြည်ပတင်ပို့ဖို့အတွက် နယ်စပ်စခန်းနဲ့ ပင်လယ်ရေကြောင်းအတွက်ပါ ဝယ်ယူလာပါတယ်။ တရုတ်ကို တင်ပို့ဖို့အတွက် မူဆယ်ဝယ်လက်တွေကဝယ်နေသလို ယူအေအီးနိုင်ငံတွေကို တင်ပို့နိုင်ဖို့အတွက် ရန်ကုန်ဝယ်လက်တွေဝယ်ယူနေကြ တယ်လို့သိရပါတယ်။ တစ်ပတ်အတွင်း ဟိုပုံးဈေးကွက်မှာတင် နန္နွင်းပိဿာချိန်ပေါင်း လေးသောင်းခွဲခန့်အရောင်းအဝယ်ဖြစ်ခဲ့သလို အောင်ပန်းဈေးကွက်မှာလည်း ပိဿာချိန်လေး သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လက်ကျန်တွေက တော့ အနည်းအကျဉ်းသာရှိပြီး ဟိုပုံးမြို့နယ်မှာ နန္နွင်းလက်ကျန်ပေါင်း တန်ချိန်သုံးထောင်ခန့်သာကျန်ရှိပါတယ်။ နန္နွင်းအသစ်တွေက လည်း နောက်နှစ်ဖေဖော်ဝါရီ၊ မတ်လ မှသာပြန်ပြီးပေါ်လာမှာဖြစ်လို့ ဒီလိုသာ အရောင်းအဝယ်ဖြစ်နေရင် အသစ်မပေါ်ခင်စပ်ကြားမှာ ပစ္စည်းလက်ကျန်တွေတောင် ကုန်သလောက်ဖြစ်သွားနိုင်တယ်လို့လည်း ဒေသခံတွေကဆိုပါတယ်။

ဒီတစ်ပတ်နန္နွင်းတစ်ပိဿာပေါက်ဈေးကတော့ ဟိုပုံးဈေးကွက်မှာ အညံ့စတွေက ကျပ် ၁၀၄၀၊ အရောအနှော ကျပ် ၁၃၅၀နဲ့ ထိပ်စက ကျပ်၂၅၀၀၊ ကျပ် ၂၆၀၀ ဈေးရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နန္နွင်းညံ့စတစ်ပိဿာ ကျပ် ၁၀၀၀ဈေးသာရှိပြီး ဆင်တောင်နန္နွင်းကတော့ ပစ္စည်းလည်းမရှိတော့ပါဘူး။ဆင်တောင်နန္နွင်းကတော့ တစ်ပိဿာကို ကျပ် ၃၀၀၀ နဲ့ ဈေးပိတ်သွားတယ်လို့လည်း အောင်ပန်းနန္နွင်းပွဲရုံတွေကသိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

# ပင်လယ်ရေကြောင်းလမ်းမှနန္နွင်းတန်ချိန် ၅၀ ကျော်တင်ပို့

အောက်တိုဘာ ၁ ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း နန္နွင်း (ရှမ်းစ) ၅၈ တန်ကို အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၅၄တန် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာနန္နွင်း ၄ တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နန္နွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၀၀-၇၁၀ရရှိခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နန္နွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၁၄၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မူဆယ်မှ နန္နွင်းတက် လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၇၁၉၀တန်ဖိုးရှိ နန္နွင်းတက် (ရှမ်းစ) ၆၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၇ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နန္နွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၉၆၅၉၆၅ ကျပ်ဖြစ်ပြီး ယခင်နှစ်ကာလတူဈေးမှာ ၉၆၂၆၂၅-၉၇၅၃၇၅ ကျပ် ဈေးခန့်ရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ချင်း

# ဟိုပုံးဈေးကွက်မှာ ချင်းခြောက်များ အရောင်းအဝယ်ပြန်ဖြစ်လာ

ဟိုပုံးဈေးကွက်မှာတော့ ရှမ်းချင်း(စို)က ကုန်သလောက်ဖြစ်သွားပါပြီ။ ချင်းခြောက်ကတော့ ပြန်ပြီးအရောင်းအဝယ် ဖြစ်လာတယ်လို့သိရပါတယ်။ ချင်းခြောက်ကိုတော့ မူဆယ် ဝယ်လက်တွေက ဝယ်ယူခဲ့ပြီး အခက်ကြီးတွေက ပိုပြီးအရောင်းသွက်နေကာရောရာတွေလည်း အနည်းအကျဉ်းရောင်း ရတယ်လို့သိရပါတယ်။ တစ်ပတ်အတွင်းမှာ ချင်းခြောက်ပိဿာချိန်သုံးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပွဲတော်ကာလဖြစ်လို့ အဝင်ကတော့ နည်းနေပြီး ဝင်လာတဲ့ချင်း(စို)ကလည်း အရည်အသွေးညံ့တာကြောင့် ဈေးကျလာတယ်လို့သိရပါတယ်။ ပြည်တွင်းဝယ်လက်တွေပဲအဝယ်ရှိနေပြီး အောက်တိုဘာလ ၁ ရက်မှ ၁၀ရက် ထိချင်း(စို) ပိဿာချိန်ပေါင်း ၁ ဒသမ ၂၅ သိန်းနဲ့ ချင်းခြောက် ပိဿာချိန် သုံးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့အောင်ပန်း ချင်းပွဲရုံတွေထံက သိရပါတယ်။

ဒီတစ်ပတ်ချင်းတစ်ပိဿာပေါက်ဈေးကတော့ အောင်ပန်းချင်း(စို)က တစ်ပိဿာကို ကျပ် ၂၀၀ မှ ကျပ်၂၅၀၊ ချင်း(ခြောက်)က ကျပ် ၉၀၀ ဈေးရှိပြီး ဟိုပုံးချင်း(ခြောက်)ကတော့ တစ်ပိဿာကို ကျပ်၁၂၅၀ဈေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**



# ပြည်ကြက်သွန်ဖြူဈေးအနည်းငယ်တက်လာ

ပြည်(ပွဲရုံ) ကြက်သွန်ဖြူရောင်းဝယ်ရေးဈေးကြီးတွင် ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိနေတာ တွေ့ရပါတယ်။ အောက်တိုဘာပထမပတ်အတွင်းက ကြက်သွန်ဖြူဈေးတွေ တဖြည်းဖြည်းကျလာပြီး ကြက်သွန်ဖြူ တစ်ပိဿာလျှင် ပွဲရုံများ၌ ကျပ် ၁၅၀၀ထိ ကျလာတာ တွေ့ရပါတယ်။ ယခုအောက်တိုဘာ(ဒုတိယပတ်)တွင် ကြက်သွန်ဖြူ ဈေးအနည်းငယ်ပြန်တက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မှာ ကြက်သွန်ဖြူတစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၁၉၀၀၊ (ကြူကုတ်စ) နှင့် (ရှမ်းစ) ကျပ် ၃၄၀၀ ဈေးနှုန်းတို့ဖြစ်ကြောင်းသိရပါတယ်။ လက်လီဈေးများတွင်တော့ (ကြူကုတ်စ) ကျပ်၂၄၀၀နှင့် (ရှမ်းစ) ကျပ် ၃၈၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေတာတွေ့ရပါတယ်။ ဈေးအနည်းငယ်တက်လာတာကြောင့် အရောင်းအဝယ်ပြန်အေးလာတာလည်း တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ အရောင်းအဝယ်မှာ အိတ် ၂၅၀ နီးပါးလောက်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း**

# ပခုက္ကူခရိုင်အတွင်း ကုန်သည်များလက်ဝယ်၌ ကြက်သွန်နီလက်ကျန်များ အများအပြားရှိနေ

ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သည့် ဒေသများဖြစ် သည့်ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်၊ ရေစကြိုမြို့နယ်များမှာအများဆုံးစိုက်ပျိုးလျက်ရှိပါတယ်။

ထိုဒေသများရှိကြက်သွန်စိုက်တောင်သူများမှာ လက်ကျန်နည်းပြီး ဈေးကောင်းရရှိလျက်ရှိပါတယ်။ ဆိပ်ဖြူဒေသထွက် ကြက်သွန်နီမှာ အရည်အသွေးကောင်းမွန်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ပုံမှန်ပိဿာချိန် ၁၂၀၀၀ ကျော်တင်ပို့လျက်ရှိပြီး ဈေးနှုန်းများမှာ ထိပ်စ တစ်ပိဿာလျှင် ၁၉၈၅ ကျပ်၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၉၀၀ ၊အနိမ့်စတစ်ပိဿာလျှင် ကျပ် ၁၈၅၀ ဖြင့် အရည်အသွေးလိုက်၍ ဈေးကောင်းရရှိလျက်ရှိပါသည်။ ပေါက်မြို့နယ်အတွင်းမှ ထွက်ရှိသည့် ကြက်သွန်နီမှာ ပခုက္ကူမြို့သို့ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်။ ယခုအခါ တောင်သူများတွင် လက် ကျန်နည်းနေပြီး ကုန်သည်များတွင် လက်ကျန်များနေသည့်အတွက် ဈေးကောင်းရရှိလျက်ရှိပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီ ကုန်ဝယ်ဒိုင်တွင် ယခင်တစ်ပတ်ထက် အနည်းငယ် ဈေးကျလျက်ရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# မွေးမြူရေးတောင်သူများအတွက် အကျိုးဖြစ်ထွန်းလျက်ရှိသည့် ပြည်ပသို့ ဆိတ်မွေးမြူ တင်ပို့မှု

မယ်သီတာ



မြန်မာ့ဆိတ်များကို ပြည်ပနိုင်ငံအတော်များများက ကြိုက်နှစ်သက်ကြတယ်လို့ဆိုပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ဆိတ်များကို အများအပြား ဝယ်ယူနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဆိတ်အရှင်များကို တရားဝင်တင်ပို့ခွင့်ရရှိပြီးနောက်ပိုင်းမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆိတ်အရှင်တင်ပို့မှုဟာ တစ်နှစ်ကို ကောင်ရေ ခြောက်သောင်းကျော်ရှိတယ်လို့ မူဆယ်ကုန်သွယ်ရေးဇုန်ရဲ့ စာရင်းများအရ သိရပါတယ်။

ဆိတ်တင်ပို့မှုကို ယခင်အစိုးရလက်ထက်များမှာ တရားဝင်တင်ပို့ခွင့် ပြုထားခြင်းမရှိပေမယ့် တစ်ဖက်နိုင်ငံရဲ့ လိုအပ်ချက်အရ ဆိတ်များကို တရားမဝင်တဲ့နည်းလမ်းနဲ့တင်ပို့နေတာကြောင့် တရားဝင်တင်ပို့ခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ဆိတ်အရှင်များအား ပြည်ပသို့ အကန့်အသတ်ဖြင့် ခြောက်လစမ်းသပ်တင်ပို့နိုင်ရန် ခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ဆိတ်အရှင်တင်ပို့သည့် ကုမ္ပဏီပေါင်း ၁၄ ခုရှိပြီး အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ဆိတ်ကောင်ရေပေါင်း ခြောက်သောင်းကျော်ကို မူဆယ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၇-၁၈ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ကုမ္ပဏီပေါင်း ၁၃ ခုမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ဆိတ်ကောင်ရေပေါင်း ခုနစ်သောင်းနီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

ဆိတ်အရှင်များကို တင်ပို့လျက်ရှိတဲ့ကုမ္ပဏီများဟာ သူတို့ကိုယ်တိုင်မွေးမြူပြီး တင်ပို့လျက်ရှိသလို တစ်နိုင်တစ်ပိုင် မွေးမြူသူများထံမှဝယ်ယူ၍လည်း တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှာ ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အများအပြားရှိနေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများအပြား မွေးမြူကြတယ်လို့သိရပါတယ်။ အထူးသဖြင့် စားကျက်မြေကျယ်ကျယ်ပြန့်ပြန့်ရရှိသည့်နေရာများတွင် အများအပြား မွေးမြူလေ့ ရှိကြပါတယ်။

"ဆိတ်ကိုမွေးရင် ခြံထဲမှာ လှောင်မွေးတာထက် လွှတ်ကျောင်းပြီး မွေးတာက ပိုပြီးအသားတက်မြန်တယ်။ ပိုပြီးထွားကျိုင်းမြန်တယ်။ ဆိတ်ဆိုတာမျိုးက သွားလာလှုပ်ရှားနေမှ စားကျက်မှာ သူတို့စိတ်ကြိုက် စားချင်တာစားနေရမှ ပိုပြီးနှစ်ခြိုက်တဲ့သတ္တဝါမျိုးဖြစ်တဲ့အတွက် ခြံထဲမှာ လှောင်ပြီးထားတဲ့ဆိတ်ထက် လွှတ်ထားတဲ့ဆိတ်က ပိုပြီးသန်မာတယ်။ အသားထွက်ပိုပြီးကောင်းတယ်"လို့ ဆိတ်မွေးမြူသူတစ်ဦးက ပြောပါတယ်။

ဆိတ်တင်ပို့သူများဟာ ဆိတ်အထီးများ(သင်းကွပ်ပြီး)ကိုသာ အများအပြားတင်ပို့ကြတယ်လို့ သိရပါတယ်။ သင်းကွပ်ထားတဲ့ဆိတ်အထီးများဟာ ပိုမိုကြီးထွားလွယ်ပြီး ဈေးကွက်မှာ ဈေးကောင်းရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆိတ်မွေးမြူသူများရော ဆိတ်တင်ပို့သူများပါ ဆိတ်အထီးများကို အဓိကထားပြီး တင်ပို့လျက်ရှိပါတယ်။

မြန်မာနိုင်ငံက ဆိတ်များဟာ သဘာဝအလျောက်ပေါက်ရောက်နေတဲ့သစ်ရွက်များကိုသာ စားသုံးခြင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဖတ်၊ ပဲမှော်၊ မြေပဲမှော်၊ ရှားသီးပင်ခြောက်များကိုသာ စားသုံးတာကြောင့် အခြားနိုင်ငံများမှ ဆိတ်များထက် အရသာပိုရှိတယ်လို့ ဆိုပါတယ်။

ပခုက္ကူခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တိုင်းလိုလိုရဲ့ ကျေးရွာတွေမှာ အိမ်တိုင်း ဆိတ်မွေးကြတယ်လို့ပခုက္ကူမြို့ရဲ့ ဒေသခံတစ်ဦးက ပြောပါတယ်။

"ကျွန်တော်တို့ ပခုက္ကူမြို့ရဲ့ကျေးရွာတိုင်းလိုလိုမှာ ဆိတ်မွေးကြတဲ့သူတွေ များပါတယ်။ ရွာတိုင်းနီးပါး အိမ်တိုင်းနီးပါးမှာ ဆိတ်မွေးကြပါတယ်။ တစ်အိမ်ကို အကောင် ၂၀-၃၀ လောက်မွေးကြပါတယ်။ သူတို့ကတော့ လွှတ်ကျောင်းစနစ်နဲ့မွေးကြတာပါ။တချို့ကတော့ ဆိတ်အထီးတွေကိုပဲ မွေးကြတယ်။ တချို့ကတော့ အထီးရော အမရော တွဲပြီးမွေးကြတယ်။ ဆိတ်က တစ်နှစ်ကို နှစ်သားတစ်ဗိုက်ဆိုတော့ မွေးတဲ့သူတွေအတွက် တွက်ခြေကိုက်တယ်လို့ ပြောနိုင်ပါတယ်"ဟု ပြောကြပါတယ်။

ဆိတ်တစ်ကောင်လျှင် ကိုးလမှ ၁၀ လအထိသာမွေးမြူရပြီး ၁၀လပြည့်ပါက ရောင်းတန်းဝင်သည့်ဆိတ်တစ်ကောင်ကို ရရှိကြောင်း သိရပါတယ်။

ဆိတ်များကို မွေးမြူရာမှာ အဓိကဖြစ်ပေါ်လျက်ရှိတဲ့ အခက်အခဲကတော့ စားကျက်မြေရရှိရေးပဲဖြစ်တယ်လို့ ဆိုပါတယ်။ လူတို့ရဲ့နယ်မြေချဲ့ထွင်မှုတွေ၊ တောင်ယာချဲ့ထွင်မှုတွေကြောင့် စားကျက်မြေများဟာ တစ်နေ့တခြား ရှားပါးလာနေပြီဖြစ်တယ်လို့ဆိုပါတယ်။

"ဆိတ်ကိုမွေးရာမှာအဓိကပြဿနာက စားကျက်မြေရှားပါးတဲ့ပြဿနာပဲ။ ဆိတ်ကို လွှတ်ကျောင်းပြီးမွေးမှ ပိုပြီးကြီးထွားလွယ်၊ သန်မာလွယ်တယ်။ ဒါပေမယ့် စားကျက်မြေက တစ်နေ့တခြား ရှားပါးလာတဲ့အတွက် ဆိတ်ကျောင်းသူတွေဟာ စားကျက်မြေရရှိဖို့ နိစ္စဓူဝ လုံးပန်းနေကြရတယ်"လို့ ၎င်းက ထပ်မံပြောကြားပါတယ်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ကိုယ်တိုင်လည်းမွေးပါတယ်။ တခြားကလည်းဝယ်ပြီး တင်ပို့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လားရှိုးနဲ့ ကျောက်ဆည်မြို့က ဆူးလေကုန်းကျေးရွာမှာ ဆိတ်ကောင်ရေပေါင်း တစ်သောင်းလောက် မွေးထားပါတယ်။ ကိုယ်တိုင်မွေးထားတဲ့အပြင် ရေစကြို၊ မြိုင်၊ ပခုက္ကူနဲ့ ပေါက်မြို့နယ်တွေကလည်းဝယ်ယူပြီး တင်ပို့ပါတယ်။ ကျွန်တော်တို့ကတော့ တရုတ်နိုင်ငံကိုအဓိကတင်ပို့ပါတယ်။ တစ်ကြိမ်တင်ပို့ရင် အကောင် ၂၅၀ နဲ့ ၃၀၀ ကြားတင်ပို့ပါတယ်။ ဈေးနှုန်းအနေနဲ့ တစ်ပိဿာကို ကျပ် ၆၅၀၀ ခန့်ရရှိပါတယ်။ တစ်ဖက်နိုင်ငံရဲ့ဝယ်လိုအား အနည်းအများပေါ်မူတည်ပြီး ဈေးအတက်အကျရှိပါတယ်"လို့ဝေယံထွန်းကုမ္ပဏီမှ မန်နေဂျာဖြစ်သူ ဦးအောင်ဝင်းက ပြောကြားခဲ့ပါတယ်။

ရေစကြို၊ မြိုင်၊ ပေါက်နယ်များမှာ ဆိတ်ကို အိမ်တိုင်းလိုလို မွေးမြူကြတယ်လို့ ဆိုပါတယ်။

ကုမ္ပဏီအနေနဲ့မိမိယုံကြည်ရသူများကို မွေးချင်သည့်အကောင်ရေအလိုက် ငွေထုတ်ပေးကြောင်း၊ ဥပမာ ဆိတ်ပေါက် အကောင်ရေ ၅၀ လောက်ကို ကျပ်သိန်းလေးဆယ်၊ ပြီးတော့အစာဖိုးက ဘယ်လောက်ဆိုပြီး ထုတ်ပေးလိုက်ကြောင်း၊ ပြန်ရောင်းတဲ့အချိန်ကျရင် အစားဖိုးနဲ့ဆိတ်ဖိုးနဲ့နုတ်ပြီးကျန်တဲ့ အမြတ်ကို တစ်ယောက် တစ်ဝက် ခွဲယူတဲ့စနစ်ကို ကျင့်သုံးကြောင်း၊ ဆိတ်များကို ပဲနဘတ်၊ ဝါစေ့နဘတ်၊ နှံစားပြောင်း၊ အထွက်တိုးပြောင်း၊ ပဲခွံ၊ ဇီးဖတ် စတာတွေကို ကျွေးရကြောင်း ၎င်းက ထပ်မံပြောကြားခဲ့ပါတယ်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့လည်း ဆိတ်တွေကို ကိုယ်တိုင်မွေးသလို မွေးဘက်လည်းပေးပါတယ်။ အရွယ်ရောက်ပြီးတဲ့ဆိတ်တွေကို မွေးဘက်တွေကိုပေးပြီး မွေးခိုင်းတာပါ။ သူတို့က လူစိုက်ပေါ့။ အရွယ်ရောက်လာတဲ့အခါမှာ ဆိတ်တစ်ကောင်ရဲ့ကာလတန်ဖိုးကို တစ်ယောက်တစ်ဝက် ခွဲယူတဲ့စနစ်ကို ကျင့်သုံးပါတယ်။ မြိုင်၊ ရေစကြို၊ ကျောက်ဆည်အနီးတစ်ဝိုက်ကျေးရွာများနဲ့ ပေါက်နယ်တစ်ဝိုက်မှ ကျေးရွာများကို မွေးဘက်ပေးထားပါတယ်။ မွေးဘက်ပေးရာမှာ တစ်အိမ်ကို လေးငါးဆယ်လောက်ပေးပါတယ်။ စိတ်ချရတဲ့သူဆိုရင် အကောင်တစ်ရာလောက်ပေးပါတယ်"လို့ ဖြိုးကျော်ပိုင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်လွင်ဦးက ပြောပါတယ်။

ဆိတ်များကို မွေးဘက်ပေးရာမှာ မွေးဘက်ပြုလုပ်သူများအနေဖြင့် အထွေအထူး ကုန်ကျစရာမလိုဘဲ အသားတင်ဝင်ငွေရရှိတာဖြစ်ပါတယ်။ ဆိတ်မွေးတဲ့ တစ်အိမ်ထောင်လျှင် မိသားစုများရှိရာ အိမ်ရှိကလေးမှအစ ဆိတ်ကျောင်းရန်၊ ဆိတ်အစာကျွေးရန် စတဲ့ လုပ်ငန်းများကို လုပ်ကိုင်နိုင်ကြသဖြင့် အလုပ်သမားစရိတ် ကုန်ကျခြင်းမရှိဘဲ အသားတင်ဝင်ငွေရရှိကြောင်း သိရပါတယ်။

ဖြိုးကျော်ပိုင်ကုမ္ပဏီဟာ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဆိတ်ကောင်ရေပေါင်း သုံးသောင်းနီးပါးလောက် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

ဖြိုးကျော်ပိုင်ကုမ္ပဏီလီမိတက်ဟာ ကျောက်ဆည်မြို့ ဆူးလေကုန်းကျေးရွာမှာ ကိုယ်ပိုင် ဆိတ်မွေးမြူရေးခြံရှိသကဲ့သို့ ဆိတ်မွေးဘက်များကိုလည်း ထားရှိတဲ့အတွက်အခုလိုဆိတ်အကောင်ရေ အများအပြားတင်ပို့နိုင်တာဖြစ်ပါတယ်။

ဆိတ်ကို တစ်ဖက်နိုင်ငံမှ ဝယ်လိုအားနဲ့ ဈေးကွက်အခြေအနေ၊ ပွဲတော်ရှိမှုနဲ့ ဈေးကျဆင်းမှုတို့အပေါ်မူတည်ပြီး တင်ပို့နေကြတာဖြစ်ပါတယ်။

ဆိတ်များကို တင်ပို့ရာမှာ နိုင်ငံတော်အစိုးရက တရားဝင်တင်ပို့ခွင့် ပေးအပ်ထားသော်လည်း နယ်မြေအေးချမ်းမှုအပေါ်မူတည်ပြီး အခက်အခဲများရှိနေတယ်လို့ ဦးကျော်ကျော်လွင်ဦးက ထပ်မံပြောကြားပါတယ်။

စာမျက်နှာ (၁၂)သို့ ➢

## ခတ်ဆီ/ဒီဇယ်

# ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ ခတ်ဆီ၊ဒီဇယ်ဝင်

စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၈၃၇၆၉၇ တန်ဖိုးရှိ ဒီဇယ် ၂၄၂၈၉ ဒသမ ၄၂၉ တန် နဲ့ အမေရိကန်ဒေါ်လာ ၃၅၄၈၅၆၆၈ တန်ဖိုးရှိ ခတ်ဆီ ၇၃၄၁၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၀၁၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၁၄၁၄၀ ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၈၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၆၅၃၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောခတ်ဆီပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းများ ဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၆၅၇၀ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၁၄၀ နဲ့ အမေရိကန်ဒေါ်လာ ၇၃၈၄၃ တန်ဖိုးရှိ ခတ်ဆီ၁၃၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၃၆၅၀ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၄၂၀ တင်သွင်းခဲ့သလို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၇၇ တန်ဖိုးရှိ Re-export ဒီဇယ် တန်ချိန် ၅၀၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၄၅ ကျပ်၊ အောက်တိန်း (92) ၇၄၅ ကျပ်၊ အောက်တိန်း (95) ၇၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာ ၉ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ်၁၅၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၁၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၆၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးနည်း နည်းမြင့်လာတယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၈၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၈၀ ၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၇၉၀၊ ခတ်ဆီတစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ အောက်တိုဘာ ၉ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၂၀၀၀၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာအောက်တိုဘာ ၁၂ ရက်မှာ ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေးကျပ် ၁၅၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) ဈေးမှာ အောက်တိုဘာလ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၉၀၀၀၊ ရောင်းဈေးကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင်ဝယ်ဈေး ကျပ် ၁၅၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ခတ်ဆီရော ဒီဇယ်ပါ ဈေးကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၀၀ ၊ အောက်တိန်း(92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်က ပိတ်ရက်ရှည်များကြောင့် ပြည်တွင်းရွှေဈေးကွက် အတွင်းအရောင်းအဝယ်အေးခဲ့သလို ဈေးများလည်းကျဆင်းခဲ့သည်။

ထိုအချိန်က ကမ္ဘာ့ရွှေဈေးများလည်း ကျဆင်းခဲ့ပြီး ပြည်တွင်းရွှေဈေးများလည်း ဈေးကျဆင်းကာ အရောင်းအဝယ်လည်းအေးလာခဲ့သည်။ ယခုတစ်ပတ်တွင်မူ ကမ္ဘာ့ရွှေဈေးလည်း ပြန်လည်မြင့်တက်လာခဲ့ရာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်အထိ ရောက်ရှိခဲ့သည်။ ပြည်တွင်းတွင်လည်း သီတင်းကျွတ် ပိတ်ရက်များအလွန်ကာလဖြစ်သည့်အတွက် ရွှေဈေးကွက်အတွင်းအရောင်းအဝယ်များ ပြန်လည်သွက်လာခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် အောက်တိုဘာ ၉ ရက်က ကျပ် ၉၃၁၀၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၉၃၆၅၀၀ ရှိခဲ့သည်။ အောက်တိုဘာ ၁၄ ရက်တွင် ကျပ် ၉၄၀၀၀၀ သို့မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် အောက်တိုဘာ ၉ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ ရှိခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၁ သို့ မြင့်တက်ခဲ့သည်။ အောက်တိုဘာ ၁၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၀၄ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

# ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်မြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အနည်းငယ်ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရသည်။ သီတင်းကျွတ်ကာလပိတ်ရက်ရှည်များ ပြီးဆုံးပြီးနောက် ငွေလဲဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်ဟုဆိုသည်။ ယခုတစ်ပတ်အတွင်း ငါးကျပ်ခန့် မြင့်တက်လာခြင်းဖြစ်သည်။

ဈေးပြန်လည်မြင့်တက်လာသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်သွက်လာခဲ့ကြောင်းသိရသည်။

“ဒီတစ်ပတ်ထဲမှာ ဈေးပြန်တက်လာတယ်။ ဈေးပြန်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ဖြစ်လာတယ်။ တစ်ပတ်အတွင်းပြောရမယ်ဆိုရင် ငါးကျပ်လောက်တက်လာတယ်”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲစင်တာများတွင် အောက်တိုဘာ ၉ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၄၉ ကျပ်၊ ဝယ်ဈေး ၁၂၄၇ ကျပ်ရှိခဲ့ပြီး အောက်တိုဘာ ၁၂ ရက်တွင် ရောင်းဈေး ၁၃၅၄ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်သို့မြင့်တက်ခဲ့သည်။ သို့သော် ရက်သတ္တတစ်ပတ်၏ ဈေးကွက်ပိတ်ရက်ဖြစ်သည့် သောကြာနေ့တွင် အနည်းငယ်ကျဆင်းကာ ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၁ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# MTSH ၏ အစုရှယ်ယာဈေးနှုန်းများ ကျဆင်းလာ၍ အရောင်းအဝယ်သွက်လာ

ရန်ကုန် စတော့ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်လျက်ရှိသည့် အစုရှယ်ယာ ကုမ္ပဏီများအနက် MTSH ၏ အစုရှယ်ယာဈေးနှုန်းများသည် ကျဆင်းလာခဲ့ရာ အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၄၅၀ သာရှိသည်။

ယင်းကဲ့သို့ MTSH ၏ အစုရှယ်ယာဈေးနှုန်းများ ကျဆင်းလာသဖြင့် MTSH ၏ အစုရှယ်ယာများအား ပြန်လည်ရောင်းချသူများ များပြားလာသကဲ့သို့ ဝယ်ယူသူများလည်း များပြားလာကြောင်း စတော့ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့်တစ်ပတ်က အစုတစ်စုလျှင် ကျပ် ၃၅၅၀ဖြင့် ဈေးပိတ်ခဲ့သော်လည်း ယခုတစ်ပတ် ဈေးပြန်လည်ဖွင့်ချိန်တွင် ကျပ် ၃၄၀၀ ဖြင့် ဈေးကျဆင်းကာ ဈေးဖွင့်ခဲ့သည်။

အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် MTSH ၏အစုရှယ်ယာရောင်းချရမှုပမာဏမှာ အစုပေါင်း ၁၆၇၁၀ အထိရှိခဲ့သည်။ ထို့ပြင် အောက်တိုဘာ ၁၀ ရက်တွင်လည်း MTSH ၏ အစုရှယ်ယာဈေးနှုန်းသည် ကျပ် ၃၄၅၀ ရှိခဲ့ရာ အစုပေါင်း ၁၀၀၀၀ အထိ ရောင်းချခဲ့ရသည်။

သို့သော် အောက်တိုဘာ ၁၂ရက် နောက်ပိုင်းတွင် ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကာ ကျပ်၃၅၀၀ အထိရောက်ရှိခဲ့ပြီး အရောင်းအဝယ် အနည်းငယ် ပြန်လည်အေးသွားခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

October 13, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 82.19 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.58 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.93 |
| I DR | Indonesia Rupiahs | 13508.47 |
| JPY | Japan Yen | 112.09 |
| MYR | Malaysia | 4.22 |
| PKR | Pakistan Rupees | 105.44 |
| PHP | Philippines Pesos | 51.42 |
| RUB | Russia Rubles | 57.72 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1129.32 |
| LKR | Sri Lanka Rupe | 153.76 |
| THB | Thailand Baht | 33.08 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22721.86 |

*Source:xe.com*

## World Gold Price

September-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1285 | 1283 | 1283 |
| 10 | 1291 | 1290 | 1288 |
| 11 | 1291 | 1289 | 1289 |
| 12 | 1298 | 1296 | 1296 |
| 13 | 1300 | 1297 | 1298 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-10-2017 | 932.50 | 932.50 |
| 10-10-2017 | 935.50 | 935.80 |
| 11-10-2017 | 935.00 | 935.20 |
| 12-10-2017 | 938.00 | 938.30 |
| 13-10-2017 | 938.00 | 937.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6.63 | 33.37 | 82.09 | 65.42 |
| 10 | 6.59 | 33.32 | 82.14 | 65.30 |
| 11 | 6.58 | 33.20 | 81.97 | 65.32 |
| 12 | 6.59 | 33.11 | 82.03 | 65.12 |
| 13 | 6.58 | 33.08 | 82.19 | 64.93 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9-October | 16.91 | 3338.62 | 2125.32 | 6592.38 | 918.00 |
| 10-October | 17.06 | 3297.18 | 2137.44 | 6634.04 | 922.00 |
| 11-October | 17.10 | 3300.27 | 2125.54 | 6686.05 | 931.00 |
| 12-October | 17.21 | 3271.40 | 2110.77 | 6756.80 | 934.00 |
| 13-October | 17.26 | 3306.66 | 2124.88 | 6812.34 | 936.00 |

Source:kitco.com

## Energy NYMEX 13-10-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.46 | 0.86 | 1.70 |
| Brent Crude Futr (USD/bbl) | 57.30 | 1.05 | 1.87 |
| Gasoline Rbob Fut (Cent/gal) | 161.15 | 2.83 | 1.79 |
| Natural Gas Futr (USD/MMBtu) | 3.00 | 0.01 | 0.47 |
| Heating Oil Futr (Cent/gal) | 180.24 | 3.69 | 2.09 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေတန်ချိန် ၅၀ကျော်ဝင်

အောက်တိုဘာ ၁ရက်မှ ၇ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၀၃၈ တန်ဖိုးရှိ ဘိလပ်မြေ ၅၃ ဒသမ ၀၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၆ တန်နဲ့ တရုတ်နိုင်ငံမှ ၂၇ ဒသမ ၀၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၂၆တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၂၆ တန်ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိသီတင်းပတ်အတွင်းနယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၄၃၀တန်ကျော်ရှိပြီး ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၁၉၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၁၈၅၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၅၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့ခိုင်နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မိုးများနေတာကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း(ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မြင်းခေါင်းကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀၊ စိန်(ထိုင်း) ကျပ်၆၃၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါး ကျပ်၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## စာတ်မြေသြဇာ

# ဒီတစ်ပတ်မြေသြဇာအဝင်နည်း

အောက်တိုဘာလ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၆၇၆၇၀တန်ဖိုးရှိမြေသြဇာ ၈၅၆၃ ဒသမ ၅၁တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကိုရီးယားနိုင်ငံမှ တန်ချိန် ၇၆၉ ဒသမ ၃၀ တန်၊ ရုရှားနိုင်ငံမှ တန်ချိန် ၂၁၀၀၊ ဂျာမနီနိုင်ငံမှ ၁၉၉၇ ဒသမ ၂၁ တန်၊ အီရန်နိုင်ငံမှ ၁၀၅၀ တန်၊ ဂျပန်နိုင်ငံမှ ၅၄ တန်၊ မလေးရှားနိုင်ငံမှ ၉၁၅ တန်၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် ၁၆၃၀နဲ့ ဗီယက်နမ်နိုင်ငံမှ ၄၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၂၉၂၀ နဲ့ နှိုင်းယှဉ်ရင်ဒီတစ်ပတ်မှာ တန်ချိန် ၄၃၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၁၅း၁၅း၁၅၊ ကွန်ပေါင်း ၁၆း၁၆း၈၊ ပိုတက်ဆီယမ်၊ ယူရီးယား၊ ဩဂဲနစ်တို့ဖြစ်တယ်လို့သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ဖြစ်

အောက်တိုဘာ ၁ ရက်မှ ၇ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၈၅၆၀ ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်က အဝင်မှာတန်ချိန်၁၂၉၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၃၅၀ ကျော်အဝင်လျော့ခဲ့ပါတယ်။ အောက်တိုဘာလ ၁ ရက်မှ ၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၈၇၅၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၄၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၃၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ရန်ကုန်နဲ့တောင်ကြီးမှာအရောင်းပုံမှန်ရှိပြီး မကွေးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက ဆောင်းသီးနှံအတွက် အရောင်းအဝယ်နည်းနည်းလိုက်ပြီးဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီလိုဈေးတက်ရတာကလည်း အရောင်းအဝယ်ကြောင့်မဟုတ်ဘဲ ကုမ္ပဏီဈေးတက်လို့တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ပုလဲအသေးက ကျပ် ၃၀၀၊ ကွန်ပေါင်း၁၅ ပတ်လည်နဲ့ တီစူပါက ကျပ် ၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ က ကျပ် ၁၀၀၀ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၃၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၅၀၀၊ ကွန်ပေါင်း(ပန်းရောင်) ကျပ် ၃၂၃၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်)ကျပ်၁၃၈၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ**အရောင်းအေးပြီးဈေးငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ -တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ်၂၃၂၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားကကျပ် ၉၀၀၊ တီစူပါ၂၀%က ကျပ် ၁၃၀၀၊ တီစူပါ ၁၅ပတ်လည်က ကျပ် ၅၀၀၊ ပိုတက် ကကျပ် ၃၀၀၊ ယူရီးယား(ယူအေအီး)ကကျပ် ၈၀၀ ဈေးမြင့်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ်၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ်၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၅၀၀၊ မြားကမ္ဘာကျပ် ၁၆၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၂၃၂၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(၁၅း၁၅း၁၅) ကျပ် ၃၇၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီ၊ နို့မှုန့်အဝင်လျော့

အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ်အတွင်း နို့ဆီ ၁၀၉ ဒသမ ၄၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကောင်းဘဲလ်နို့ဆီ ၆၅ ဒသမ ၆၄တန်နဲ့ မာရီဂိုးနို့ဆီ ၄၃ဒသမ ၇၇၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၃ ဒသမ ၅၂၉ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၁၂၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာနို့ဆီရော နို့မှုန့်ပါအဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၉ မှ ၆/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၉ မှ ၂၉/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅·၀၀ | ၃၂·၁၀ | (-) ၇·၀၀ |
| ၂။ | လွယ်ဂျယ် | ၃၀·၀၀ | ၁၄၀၅·၀၀ | (-) ၁၃၇၅·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီ | ၂၀·၀၀ | ၅၀၂၇·၅၀ | (-) ၅၀၀၇·၅၀ |
| ၅။ | တာချီလိတ် | - | ၄၇၄၄၇·၀၀ | (-) ၄၇၄၄၇·၀၀ |
| ၆။ | မြဝတီ | ၃၆၄·၇၅ | ၄၁၁·၉၅ | (-) ၄၇·၂၀ |
| ၇။ | ကော့သောင်း | - | ၂၆၃၄၂·၉၀ | (-) ၂၆၃၄၂·၉၀ |
| ၈။ | မြိတ် | - | ၃၈၃၅၀·၀၀ | (-) ၃၈၃၅·၀၀ |
| | စုစုပေါင်း | ၄၃၉·၇၅ | ၁၁၉၀၁၆·၃၅ | (-) ၁၁၈၅၇၆·၆၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၉ မှ ၆/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၉ မှ ၂၉/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၅၇၃၇·၅၀ | ၁၀၈၅၇·၂၇ | (-) ၅၁၁၉·၇၇ |
| ၂။ | လွယ်ဂျယ် | ၈၁·၅၀ | ၄၁၄·၀၀ | (-) ၃၅၂·၅၀ |
| ၃။ | ချင်းရွှေဟော် | ၄၈၇·၅၀ | ၁၁၉၆·၅၀ | (-) ၇၀၉·၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၁၀·၀၀ | ၁၀·၀၀ | (+) ၂၀၀·၀၀ |
| ၅။ | မြဝတီ | ၂၁၈၁·၄၁ | ၁၅၅၅·၂၀ | (+) ၆၂၆·၂၁ |
| ၆။ | ကော့သောင်း | ၆၀·၀၀ | - | (+) ၆၀·၀၀ |
| ၇။ | မြိတ် | - | ၅၄·၀၀ | (-) ၅၄·၀၀ |
| ၈။ | ရိဒ် | - | - | - |
| | စုစုပေါင်း | ၈၇၅၇·၉၁ | ၁၄၁၀၆·၉၇ | (-) ၅၃၄၉·၀၆ |

ခင်မိုးသူ

## နှမ်း

# ကယားပြည်နယ်မှ မန္တလေးမြို့သို့ နှမ်းတန်ချိန်ကိုးရာနီးပါး တင်ပို့

ကယားပြည်နယ်ရှိ ဘောလခဲနှင့် ဖားဆောင်း မြို့နယ်များတွင် နှမ်းကို အများဆုံးစိုက်ပျိုးကြပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နှမ်းစိုက်ဧကပေါင်း ၂၃၇၇၁ ဧက စိုက်ပျိုးထားကြောင်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်ထက် နှမ်းဧကပေါင်း ၃၆၀၄ ဧကပိုမိုစိုက်ပျိုးထားကြောင်း သိရှိရပါတယ်။ နှမ်းစိုက်ပျိုးရာတွင်လည်း ရွှေ့ပြောင်းတောင်ယာတွင် အဓိကထားစိုက်ပျိုးကြပြီး နှမ်းကို သီးသန့်(သို့မဟုတ်) ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးကြပြီး သီးထပ်အဖြစ်လည်း စိုက်ပျိုးကြပါတယ်။ ကယားပြည်နယ်တွင်နှမ်းကို ဩဂုတ်လအကုန်နှင့် စက်တင်ဘာလတွင် ရိတ်သိမ်းကြပြီး စက်တင်ဘာလအတွင်းတွင် နှမ်းအိတ်ပေါင်း ၉၉၄၅ အိတ်၊ တန်ချိန်အားဖြင့် ၄၉၉ တန်ခန့် တင်ပို့ထားကြောင်း၊ အောက်တိုဘာလရဲ့ ပထမပတ်နှင့် ဒုတိယပတ်အတွင်းတွင်လည်း နှမ်းအိတ်ပေါင်း ၇၈၁၂ အိတ်၊ တန်ချိန်အားဖြင့် ၃၉၂ တန်ခန့် တင်ပို့ထားရာ နှမ်းထွက်ရှိချိန်မှ ယခုအချိန်ထိ နှမ်းတန်ချိန်ပေါင်း ၈၉၁ တန်ခန့်တင်ပို့ထားနိုင်ကြောင်း မြို့ဦးဂိတ် စာရင်းအရ သိရှိရပါတယ်။ နှမ်းတင်ပို့ရာတွင်လည်း မန္တလေးမြို့သို့သာ အဓိကတင်ပို့ထားကြောင်း သိရှိရပါတယ်။

နှမ်းသီးနှံရိတ်သိမ်းချိန်ဖြစ်သော စက်တင်ဘာလအတွင်း ကယားပြည်နယ်တွင် ဖြစ်ပေါ်သော နှမ်းဈေးနှုန်းမှာ နှမ်း(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ မှ ကျပ် ၂၉၀၀၊ နှမ်း(နက်) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀၊ စမုံနက်နှမ်းတစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ ထိဈေးပေါက်ပြီး ဈေးကောင်းခဲ့ကြောင်းနှင့် ယခုအောက်တိုဘာလ ဒုတိယပတ်အတွင်း ကယားပြည်နယ်တွင် နှမ်း(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ နှမ်း(နက်) တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ စမုံနက်နှမ်းတစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဈေးပေါက်ပြီးဈေးအနည်းငယ်ပြန်လည်ကျဆင်းနေကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။ **ထွန်းနိုင်လင်း (လွိုင်ကော်)**

# မူဆယ်မှ နှမ်း ပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင် ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၂၅၆ သန်း တန်ဖိုးရှိ နှမ်းညို ၂၆၉ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန် ၂၂၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၄၉ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၁၆ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၉၀၁ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉၈၉ တန်နဲ့ နှိုင်းယှဉ်ပါက ၈၈ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၂၅၀၈ တန်၊ နှမ်းဖြူ ၃၃၄ တန်ကျော်၊ နှမ်းညို ၂၆ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ၃၂ တန်ကျော်တို့ဖြစ်ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၃၈၉၈၉၉ ကျပ်နဲ့ နှမ်းနက်တစ်တန်ကို ၂၁၉၇၉၈၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# အဝယ်လိုက်လာသဖြင့် မလေးရှားစားအုန်းဆီဈေး အနည်းငယ်ပြန်လည်မြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် အဝယ်လိုက်လာသဖြင့် အောက်တိုဘာ ၁၁ ရက်တွင် ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။



အောက်တိုဘာလအတွင်း ထုတ်လုပ်မှု မြင့်မားလာမည်ဟု မျှော်လင့်ထားကြသော်လည်း ပြည်ပတင်ပို့မှုနှင့် အဝယ်လိုက်လာမှုတို့ကြောင့် ဈေးပြန်လည်မြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဒီဇင်ဘာလအတွက် စားအုန်းဆီ စံထားဈေးနှုန်းသည် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်လျှင် ၂၆၉၆ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၃၈ ဒသမ ၈၆)ရှိခဲ့သည်။

တစ်ပတ်အတွင်း စားအုန်းဆီ ရောင်းချရမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၄၂၆၅၂ တွဲရှိခဲ့သည်။

အောက်တိုဘာ ၃ ရက်ကတည်းက စားအုန်းဆီဈေးနှုန်းများ ကျဆင်းခဲ့ရာ တစ်နေ့တာအတွင်း ကျဆင်းမှုအဖြစ် ၂၆၇၇ ရင်းဂစ်အထိ ကျဆင်းခဲ့သည်။

"မလေးရှားနိုင်ငံမှာ အောက်တိုဘာလအတွက် စားအုန်းဆီထုတ်လုပ်မှု မြင့်တက်လာမယ်လို့ ဝယ်ရောင်းသမားတွေက စိုးရိမ်ပူပန်ခဲ့ကြပါတယ်"ဟု ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့၏ တရားဝင်စာရင်းဇယားများအရ စားအုန်းဆီထုတ်လုပ်မှုပမာဏသည် စက်တင်ဘာလကုန်ပိုင်းတွင် တန်ချိန် နှစ်သန်းအထိရှိလာမည်ဖြစ်သည်ဟု ဆိုသည်။

တင်ပို့မှုအားကောင်းနေသဖြင့် ယခုကဲ့သို့ စားအုန်းဆီဈေးမြင့်တက်လာရခြင်းဖြစ်သည်ဟု ကုန်သည်အများစုက ခန့်မှန်းလျက်ရှိသည်။

"စားအုန်းဆီကို အိန္ဒိယနိုင်ငံက ဝယ်ယူမှုမြင့်တက်လာတဲ့အတွက် ဈေးနှုန်းကျဆင်းမှုက အခိုက်အတန့်သာဖြစ်ခဲ့ပါတယ်။ အောက်တိုဘာ ၁၂ ရက် ကနည်းပညာပိုင်းဆိုင်ရာ အားကောင်းမှုတွေကြောင့် အရောင်းအဝယ် ပြန်ကောင်းလာပါတယ်။ အရောင်းအဝယ် ကောင်းလာတဲ့အတွက်လည်း ဈေးနှုန်းမြင့်တက်မှုကို အထောက်အပံ့ဖြစ်စေပါတယ်"ဟု ကွာလာလမ်ပူရှိအခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

စားအုန်းဆီနှင့် ဆက်စပ်လျက်ရှိသည့် အခြားသော ဟင်းရွက်ဆီဈေးကွက်တွင် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်၏ ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးသည် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းနေချိန်တွင် ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးသည် ငြိမ်သက်လျက်ရှိသည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဆိုဈေးသည် သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၁၀-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၁၀၀ | ၅၀၀၀ | ▽ | ၄၄၀၀ | ၄၃၀၀ | ▽ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၂၀၀ | ၄၅၀၀ | △ | ၄၀၀၀ | ၄၁၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၃၉၀၀ | ၃၉၀၀ | □ | ၃၇၀၀ | ၃၈၀၀ | △ | ၁၈၇၀ | ၂၁၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၃-၁၀-၂၀၁၇ US$/Ton

| အမျိုးအစား | အောက်တိုဘာပထမပတ် | အောက်တိုဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၇.၀၀ | ၆၇၄.၀၀ | ▽ |
| RBD P.Olein | ၆၇၇.၀၀ | ၆၈၁.၅၀ | △ |
| RBD P.Stearin | ၆၇၁.၀၀ | ၆၇၆.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃-၁၀-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၂၄·၆၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀·၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀·၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄·၀၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈·၁၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈·၀၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄·၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၈·၄၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀·၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀·၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁·၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆·၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၇၈·၂၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၃-၁၀-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၃-၁၀-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။


## စာမျက်နှာ (၈) မွေးမြူရေးတောင်သူများအတွက် ...... မှအဆက်

မြန်မာနိုင်ငံမှာ ဆိတ်မွေးမြူခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးသော်လည်း ဆိတ်တင်ပို့မှုလုပ်ငန်းကတော့ အရှိန်အဟုန်ရနေပြီဖြစ်ပါတယ်။ ဆိတ်ဟာ တင်ပို့သူရော မွေးမြူသူပါ နှစ်ဦးနှစ်ဖက် အကျိုးရှိသလို နိုင်ငံတော်အတွက်ပါ အကျိုးရှိတဲ့ ပြည်ပဝင်ငွေရရှိနေတဲ့ ပြည်ပပို့ကုန်တစ်မျိုးအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဆိတ်အရှင်များကို တရားဝင်တင်ပို့ခွင့်ပြုပြီးနောက်ပိုင်းမှာ ရရှိလာတဲ့ပို့ကုန်ဝင်ငွေဟာ ပထမခြောက်လအတွင်းမှာပင် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရရှိခဲ့တာကို ကြည့်ရင် သိနိုင်မှာဖြစ်ပါတယ်။

အခုဆိုရင်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကျွဲနွားအရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုလိုက်ပြီဆိုတဲ့ အမိန့်ကြော်ငြာစာကို အောက်တိုဘာ ၉ ရက် ရက်စွဲနဲ့ ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပါတယ်။

အဲဒီအမိန့်ကြော်ငြာစာမှာ "စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသည့် လွတ်လပ်သည့်ဈေးကွက်စနစ်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲနွားအရှင်များအား ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်တင်ပို့ခွင့်ပြုလိုက်ကြောင်း၊ ပြည်ပသို့ ကျွဲနွားများ တင်ပို့မည့်သူများအနေဖြင့် ဝယ်ယူစုဆောင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း၊ ပြည်တွင်းနယ်ကျော် သယ်ဆောင်ခြင်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" ဖော်ပြထားပါတယ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၄၉ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ-၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ကျွဲ၊ နွားအရှင်များအား ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင် တင်ပို့ခွင့်ပြုလိုက်သည်။

၂။ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့မည့်သူများအနေဖြင့် ဝယ်ယူစုဆောင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း၊ ပြည်တွင်းနယ်ကျော်သယ်ဆောင်ခြင်းများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၃။ ပြည်ပသို့ ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းကို ဈေးကွက်အခြေအနေနှင့် ပြည်တွင်း မွေးမြူထုတ်လုပ်နိုင်မှုအခြေအနေများပေါ်မူတည်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှ စ၍ ဆောင်ရွက်ခွင့်ပြုသည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဆိတ်အရှင်များကို တရားဝင် တင်ပို့ခွင့်ပြုလိုက်တဲ့အတွက် မွေးမြူရေးတောင်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး တစ်ဦးချင်းဝင်ငွေတွေလည်း တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အနေနဲ့လည်း ကုန်သွယ်မှုပမာဏတိုးတက်လာပြီး နိုင်ငံတော်အတွက် အခွန်ဝင်ငွေတွေ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ တရားမဝင် ကုန်သွယ်မှုတွေ လျော့နည်းကျဆင်းလာပြီး တရားမဝင်လမ်းကြောင်းပေါ်ရောက်အောင် ပြုလုပ်ပေးတဲ့အတွက် အကျိုးအမြတ်များစွာရရှိစေမှာဖြစ်ပါတယ်။

ဒါ့အပြင် တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးအတွက် ကုန်သွယ်မှုဖြင့် ဆောင်ရွက်ပေးနိုင်တာကြောင့် များစွာအကျိုးရှိစေမယ့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သာမက မွေးမြူသူတောင်သူများရော တင်ပို့သူများပါ တွက်ခြေကိုက်တဲ့အတွက် ဆိတ်တင်ပို့မှုလုပ်ငန်းကို ယခုထက်တိုးချဲ့လုပ်ကိုင်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဒါ့အပြင်အခုအခါမှာ ကျွဲနွားအရှင်များကိုပါ ပြည်ပသို့ တင်ပို့ခွင့်ပြုလိုက်တဲ့အတွက် တရားမဝင်ကျွဲနွားမှောင်ခို သယ်ဆောင်ရောင်းဝယ်မှုများကို ထိန်းချုပ်နိုင်မယ့်အပြင် နိုင်ငံတော်အတွက် ကုန်သွယ်မှုပမာဏ တိုးတက်ရရှိကာ မွေးမြူသူတောင်သူများနဲ့ တင်ပို့သူကုန်သည်များပါ အကျိုးရှိလာတော့မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## ကျွဲနွားအရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုပြီ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မခွဲ(ခ)အရ ကျွဲနွားများကို ပြည်ပသို့ တင်ပို့ရာတွင် ကျွဲနွားအရှင်များအား တရားဝင်တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရဖြစ်ပေါ်နေသည့် လွတ်လပ်သည့် ဈေးကွက်စနစ်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကိုပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲနွားအရှင်များအား ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်တင်ပို့ခွင့်ပြုလိုက်ကြောင်း၊ ပြည်ပသို့ ကျွဲနွားများ တင်ပို့မည့်သူများအနေဖြင့် ဝယ်ယူစုဆောင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း၊ ပြည်တွင်း နယ်ကျော်သယ်ဆောင်ခြင်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အဆိုပါအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

အဆိုပါဝန်ကြီးဌာနအနေဖြင့် ဆိတ်အရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ကိုလည်း ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ တင်ပို့ခွင့်ပြုခဲ့ကြောင်းသိရသည်။ ယခုကဲ့သို့ ကျွဲ၊ နွား၊ ဆိတ်အရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ရရှိခဲ့သဖြင့် ပြည်တွင်း၌ မွေးမြူရေး တောင်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး တစ်ဦးချင်းဝင်ငွေများလည်း တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း ကုန်သွယ်မှုပမာဏတိုးတက်လာပြီး နိုင်ငံတော်အတွက် အခွန်ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တရားမဝင် ကုန်သွယ်မှုများ လျော့နည်းကျဆင်းလာပြီး တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိအောင်ပြုလုပ်ပေးသည့်အတွက် အကျိုးအမြတ် များစွာရရှိစေမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်ရေးအတွက် ကုန်သွယ်မှုဖြင့် ဆောင်ရွက်ပေးနိုင်သဖြင့် များစွာအကျိုးရှိစေမယ့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ကြောင်း ကုန်သွယ်မှုဆိုင်ရာကျွမ်းကျင်သူတစ်ဦးကပြောကြားခဲ့သည်။ **မယ်သီတာ**



## MPT က မိုဘိုင်းဖုန်း အသုံးပြုခြင်းနှင့် အင်တာနက်ကို လုံခြုံစိတ်ချစွာ အသုံးပြုလာနိုင်စေရေးအတွက် Mobile Seminar ပွဲများကို ကျင်းပသွားမည်

MPT သည် မိုဘိုင်းဖုန်းအသုံးပြုခြင်းနှင့် အင်တာနက်ကို လုံခြုံစိတ်ချစွာ အသုံးပြုလာနိုင်စေရေးအတွက် ဦးစားပေးမြှင့်တင်သွားမည့် Mobile Seminar ပွဲများကို မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၁၀၀ ကျော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Mobile Seminar ပွဲများကို ပွဲပေါင်း ၁၁၀ ကျော်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မိုဘိုင်းလ်အင်တာနက်ဝန်ဆောင်မှုများကို အပြည့်အဝ အသုံးချတတ်လာနိုင်စေရန်အပြင် စမတ်ဖုန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ကုန်ကျစရိတ် သက်သက်သာသာ အသုံးပြုနိုင်ရန်အတွက် လမ်းညွှန်ချက်များ၊ လေ့ကျင့်ပေးမှုများကို MPT အဖွဲ့သားများမှ လုပ်ဆောင်ပေးသွားမည် ဖြစ်ပါသည်။ ထိုသို့သော ဆွေးနွေးပွဲများတွင် သင့်လျော်မှုရှိသည့် မိုဘိုင်းလ်ဖုန်းအသုံးပြုပုံနှင့် ကျင့်ဝတ်များ၊ အင်တာနက်လုံခြုံရေးနှင့် အွန်လိုင်းအသုံးပြုခြင်းတို့တွင် မည်ကဲ့သို့လုံခြုံစွာ အသုံးပြုရမည်ဟူသောအချက်များ၊ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့် နှောင့်ယှက်ခြင်းတို့ကို မည်သို့ကာကွယ်တားဆီးရမည်ဆိုသော အချက်အလက်များအပြင် မိမိတို့၏ ကိုယ်ပိုင်အချက်အလက်များကို ကာကွယ်ခြင်း အစရှိသော အရေးကြီးသည့် ခေါင်းစဉ်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းကလည်း MPT အနေဖြင့် Mobile Seminar များကို မြန်မာနိုင်ငံအနှံ့ရှိ မြို့ကြီးများ၌ ကျင်းပပေးခဲ့ရာ ဆွေးနွေးပွဲပေါင်း ၁၉၅ ပွဲကို ကျင်းပပေးနိုင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာနိုင်ငံတွင် သီးသန့်ဗိုမ်ခံအငှားကားလုပ်ငန်းကို Strides နှင့် AUT တို့ပူးပေါင်း၍လုပ်ဆောင်မည်

မြန်မာနိုင်ငံတွင် သီးသန့်ဗိမ်ခံအငှားကားလုပ်ငန်းကို စင်ကာပူနိုင်ငံမှ Strides ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းနှင့် Alliance Urban Transport (AUT) တို့ ပူးပေါင်းကာ လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

AUT ကုမ္ပဏီသည် Elite Telecom အများပိုင်ကုမ္ပဏီနှင့် JFQ Capital Holding ကုမ္ပဏီတို့ပူးပေါင်း၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါသီးသန့်ဗိမ်ခံအငှားကားဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် SMRT Strides နှင့် AUT တို့သည် နှစ်ဦးသဘောတူစာချုပ်ကို အောက်တိုဘာ ၁၂ ရက်က နေပြည်တော်ဟိုတယ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

ယင်းဗိမ်ခံအငှားကား ဝန်ဆောင်မှုလုပ်ငန်းအတွက် ဂျပန်နိုင်ငံမှ တိုယိုတာကားကုမ္ပဏီနှင့် AUT တို့က ၂၀ ရာခိုင်နှုန်းစီ ရှယ်ယာထည့်ဝင်ထားပြီး Strides ကုမ္ပဏီက ရှယ်ယာ ၆၀ ရာခိုင်နှုန်း ထည့်ဝင်ထားကြောင်း သိရသည်။

Strides အမည်ရှိ အဆိုပါဗိမ်ခံအငှားကား ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ရန်ကုန်မြို့တွင်းရှိ ခရီးသည်များကို ဝန်ဆောင်မှုပေးရုံသာမက ဗိမ်ခံကားများကို ၎င်းတို့သွားရောက်လိုသည့် ရန်ကုန်မြို့တော် ပြင်ပဧရိယာများသို့လည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဗိမ်ခံကားလုပ်ငန်းကို ၂၀၁၈ ခုနှစ် ပထမသုံးလအတွင်း စတင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယပင်လယ်စာသွင်းကုန်ပစ္စည်းများအပေါ် အီးယူက စံနှုန်းများပိုမိုတင်းကြပ်ဖွယ်ရှိ

လာမည့်နိုဝင်ဘာလတွင် အိန္ဒိယရှိပင်လယ်စာစက်ရုံများအား စစ်ဆေးရန်အတွက် အီးယူ၏ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ လာရောက်မည်ဖြစ်ရာ အဆိုပါကုန်စည်များအပေါ် အီးယူက ကန့်သတ်ချက်အချို့ချမှတ်မည်၊ပိတ်ပင်မည်ကို အိန္ဒိယပင်လယ်စာလုပ်ငန်းရှင်များက စိုးရိမ်နေကြကြောင်း သိရှိရပါသည်။

အီးယူကိုယ်စားလှယ်အဖွဲ့မှာ အိန္ဒိယသို့ နှစ်နှစ်တစ်ကြိမ်လာရောက်နေကျဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်အတွင်းက အီးယူသို့တင်ပို့သည့် အိန္ဒိယမွေးမြူရေးပုစွန်ပို့ကုန်အများအပြားမှာ ပဋိဇီဝဓာတ်ကြွင်းများ ပါဝင်သောကြောင့် အပယ်ခံခဲ့ရသည့်အတွက် ယခုတစ်ကြိမ်လာရောက်ခြင်းမှာသိသာသကဲ့သို့ဖြစ်နေကြောင်း၊ အီးယူအနေဖြင့် အခြားနိုင်ငံများနှင့်မတူသည်မှာ ပဋိဇီဝဓာတ်ကြွင်းပါဝင်မှုနှုန်းကို သုည ရာခိုင်နှုန်းအထိ ကန့်သတ်ထားကြောင်း၊ ထိုမျှသာမက ပစ္စည်းနမူနာစစ်ဆေးခြင်းကိုလည်း ယခင်က တင်ပို့လာသည့်ကုန်စည်၏ ၁၀ ရာခိုင်နှုန်းကိုသာ စစ်ဆေးရာမှ ပြီးခဲ့သည့်ခြောက်လမှစ၍ ၅၀ရာခိုင်နှုန်းထိ တိုးမြှင့်စစ်ဆေးလာခဲ့ကြောင်း၊ သို့ဖြစ်၍ အိန္ဒိယမှတင်ပို့သည့် ပင်လယ်စာထုတ်ကုန်များမှာ ပို၍အပယ်ခံလာရကြောင်း၊ WTO မူဝါဒများအရ အီးယူအနေဖြင့် အိန္ဒိယ၏ ပင်လယ်စာပို့ကုန်များအား ပိတ်ပင်ရန်မှာမဖြစ်နိုင်သော်လည်း ပစ္စည်းနမူနာစစ်ဆေးခြင်းကိုမူ ၁၀၀ရာခိုင်နှုန်းထိ တိုးမြှင့်မည်ကို စိုးရိမ်ရသည်ဟု Seafood Exporters Association of India (SEAI) ၏ ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်သူ Kenny Thoma က ပြောကြားထားကြောင်း သိရှိရပါသည်။

၂၀၁၆-၁၇ဘဏ္ဍာနှစ်တွင် အိန္ဒိယမှအီးယူသို့ပင်လယ်စာထွက် ကုန်ပစ္စည်းတင်ပို့နိုင်မှုတန်ဖိုးမှာ ရူပီးကုဋေ ၃၈၀၀၀ နီးပါးခန့်အထိရှိခဲ့ရာ ယင်းပမာဏသည် အိန္ဒိယ၏ရေထွက်ပစ္စည်းပို့ကုန်နှစ်စဉ် ပမာဏ၏ ၁၈ ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိကြောင်း၊ အိန္ဒိယ၌ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ဒေသမျိုးစိတ်မဟုတ်ဘဲ နှစ်သက်ဖွယ်ကောင်းသည့် Vannamei အမျိုးအစား ပုစွန်မွေးမြူမှုများ ပိုမိုမြင့်တက်လာသည့်အတွက် အိန္ဒိယ၏ ပင်လယ်စာပို့ကုန်မှာလည်း မြင့်တက်လာခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်၌ ဈေးနှုန်းကောင်းမွန်သည့်အတွက် ယခုဘဏ္ဍာနှစ်တွင် Vannamei အမျိုးအစား ပုစွန်ထုတ်လုပ်မှုပမာဏကို ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းတိုးမြှင့်ကာ တန်ချိန် ၅ဒသမ ၅သိန်းအထိရှိရန် လျာထားကြောင်းသိရှိရပါသည်။

အိန္ဒိယ၌ စီးပွားဖြစ်ပုစွန်မွေးမြူရေးလုပ်ငန်းများ၏ ပို့ကုန်ပမာဏသည် ပင်လယ်စာပို့ကုန်ပမာဏတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ အိန္ဒိယအာဏာပိုင်များ၏အရည်အသွေးစစ်ဆေးမှုလုပ်ငန်းစဉ်များမှာ ထိရောက် လုံလောက်မှုရှိသည်ဟု Thomas က ပြောကြားထားပါသည်။

ထို့ပြင်အိန္ဒိယ၏ ပုစွန်ထုတ်လုပ်မှုအနေဖြင့် ယခုနှစ်တွင် အင်ဒရာပရာဒေ့ရှ်၊ အနောက်ဘင်ဂေါ၊ Odisha နှင့် ဂူဂျာရတ်ပြည်နယ်တို့၌ ပုစွန်မွေးမြူရေးလုပ်ငန်းများတိုးလာသည့်အတွက် ပြဿနာတစ်စုံတစ်ရာမရှိပါက Vannamei ပုစွန်ထုတ်လုပ်နိုင်မှုပမာဏမှာ တန်ချိန်ခုနစ်သိန်းခန့်အထိ ရှိနိုင်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်မှာလည်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင်ရှိကြောင်း Society of Aquaculture Professionals ၏ဥက္ကဋ္ဌဟောင်းဖြစ်သူ S Muthu-karuppan က ပြောကြားထားပါသည်။

ထုတ်ကုန်ပမာဏအားဖြင့် တိုးလာနိုင်သော်လည်း အချို့သောလယ်သမားများမှာ ခွင့်ပြုထားခြင်းမရှိသည့် ပဋိဇီဝဆေးများကို အသုံးပြုသည့်အတွက် မွေးမြူရေးကန်အရေအတွက် တိုးလာခြင်းသည် အရည်အသွေးပိုင်းတွင် ပူပန်စရာဖြစ်လာနိုင်ပြီး အီးယူအနေဖြင့် သွင်းအားစုစံနှုန်းသတ်မှတ်ချက်များအပေါ် ထောက်ပြစရာဖြစ်လာနိုင်သည်ဟု All India Shrimp Hatcheries Association ၏ ဥက္ကဋ္ဌဖြစ်သူ L Satyanarain ကပြောကြားထားကြောင်း သိရှိရပါသည်။

ပို့ကုန်လုပ်ငန်းရှင်များကမူ အီးယူအနေဖြင့် အိန္ဒိယပင်လယ်စာ ထွက်ကုန်ပစ္စည်းများအပေါ် မပိတ်ပင်နိုင်သည့်အတွက် မစိုးရိမ်သော်လည်း မူဝါဒအသာရရန်အတွက် ဖိအားတစ်ခုအဖြစ် စံနှုန်းသတ်မှတ်ချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်လာမည်ကို စိုးရိမ်ကြောင်း၊ ယင်းအတွက် အိန္ဒိယအနေဖြင့် အီးယူထုတ်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်နှင့်နို့ထွက်ပစ္စည်းများကို ဖွင့်ပေးခြင်းကဲ့သို့သော လုပ်ဆောင်ချက်များကို ဖော်ဆောင်နိုင်သည်ဟု Seafood Exporters Association of India ၏ အမျိုးသားဘဏ္ဍာထိန်း Norbert Karikkassery က သုံးသပ်ပြောကြားထားကြောင်း သိ ရှိရပါသည်။

အိန္ဒိယပင်လယ်စာထွက်ကုန်များကို အများဆုံးဝယ်ယူသည့်နိုင်ငံမှာ အမေရိကန်ဖြစ်ပြီး စုစုပေါင်းပမာဏ၏ ၃၀ရာခိုင်နှုန်းရှိကြောင်း၊ ဒုတိယအများဆုံးမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းနီးပါးပင်ဖြစ်ကြောင်း၊ အီးယူမှ တင်သွင်းသည့် ပမာဏမှာလည်း ၁၈ ရာခိုင်နှုန်းအထိ ပါဝင်နေရာပိုမိုတင်းကြပ်သည့် စံနှုန်းသတ်မှတ်ချက်များ ချမှတ်ခြင်းအားဖြင့် အိန္ဒိယ၏ပို့ကုန်တင်ပို့မှု လျော့ကျလာနိုင်ကြောင်း၊ အီကွေဒေါနိုင်ငံသည် အီးယူသို့ပင်လယ်စာအဓိကတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းသိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဘရက်ဇစ်နောက်ပိုင်း ဟောင်ကောင်နှင့်ဗြိတိန်၏စီးပွားရေးချိတ်ဆက်မှု ဆက်လက်ကောင်းမွန်နိုင်

အီးယူမှ ဗြိတိန်နုတ်ထွက်ပြီးနောက်တွင်လည်း ဗြိတိန်နှင့်အီးယူတို့မှာ ဟောင်ကောင်၏အဓိကအရေးပါသော စီးပွားရေးနှင့်ကုန်သွယ်ရေးမိတ်ဖက်များအဖြစ် ဆက်လက်ရှိနေမည်ဟုယုံကြည်ကြောင်း၊ ဟောင်ကောင်၏ စီးပွားရေးလုပ်ငန်းများအနေဖြင့် အီးယူမှ ဗြိတိန်နုတ်ထွက်ပြီးနောက်ပိုင်း ရရှိလာမည့်အခွင့်အလမ်းများအား ဆုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်းနှင့် ဗြိတိန်၏လုပ်ငန်းငယ်များ ဟောင်ကောင်သို့ လာရောက်ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းကြောင်း ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ အမှုဆောင်ဒါရိုက်တာ Margaret Fong Shun-man က လန်ဒန်တွင် ကျင်းပသည့် ကုန်သွယ်ရေးဟောပြောပွဲတွင် ပြောကြားခဲ့သည်။

အီးယူမှာ ဟောင်ကောင်၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံများအနက်မှတစ်နိုင်ငံဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုတန်ဖိုးမှာ ဟောင်ကောင် ဒေါ်လာ ၆၄၈ ဘီလီယံရှိပြီး စုစုပေါင်းကုန်သွယ်မှု၏ ၇ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်။ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် ဂျာမနီနှင့် ဗြိတိန်မှာ ဟောင်ကောင်၏ ၁၁ နှင့် ၁၂ နိုင်ငံမြောက်ကုန်သွယ်မှုအများဆုံးနိုင်ငံများဖြစ်ကြသည်။ တရုတ်ပြည်မကြီးနှင့် အမေရိကန်ပြည်ထောင်စုမှာ ဟောင်ကောင်၏ထိပ်တန်းကုန်သွယ်မှုအများဆုံးနိုင်ငံများဖြစ်ကြသည်။

ဗြိတိန်နှင့်ကုန်သွယ်မှု မှာ ဟောင်ကောင်ဒေါ်လာ ၁၀၂ ဒသမ ၉ ဘီလီယံခန့်ရှိခဲ့ပြီး အီးယူမှဗြိတိန်ခွဲထွက်ပြီးနောက်ပိုင်းတွင် ဗြိတိန်၏ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအပေါ် လွှမ်းမိုးမှုလျော့နည်းမည်ကို နိုင်ငံများက စိုးရိမ်ကြသော်လည်း ဟောင်ကောင်အတွက်မူ အခွင့်အလမ်းများသာတွေ့မြင်ကြောင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်နှစ်အတွင်း ဟောင်ကောင်တွင် ဗြိတိန်ကုမ္ပဏီများ ဒေသတွင်းရုံးချုပ်များနှင့် ရုံးခွဲပေါင်း ၆၀၀ ခန့်ဖွင့်လှစ်ခဲ့ပြီး ယခင်နှစ်များထက် လေးရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ယခင်နှစ်များအတွင်း ဗြိတိန်ကုမ္ပဏီကြီးများ အာရှအတွင်း ကာလရှည်ကြာစွာ ရင်းနှီးမြှုပ်နှံခဲ့ကြသော်လည်း အသေးစားနှင့်အလတ်စားကုမ္ပဏီများအနေဖြင့် အီးယူအတွင်း၌သာ ကုန်သွယ်ခဲ့ကြသည့်အတွက် အနာဂတ်တွင် တည်ငြိမ်ပြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်သည့် အာရှအတွင်း အထူးသဖြင့် ဟောင်ကောင်တွင် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့ပါသည်။ဗြိတိန်ကုမ္ပဏီများအနေဖြင့် ဟောင်ကောင်ရှိ ကုမ္ပဏီများနှင့်ယှဉ်ပြိုင်ရန်အတွက်သာ မဟုတ်ဘဲဒေသတွင်း လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသနှစ်ခုလုံး အကျိုးကျေးဇူးရရှိနိုင်မည်ဟုမျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ခုနစ်ကြိမ်မြောက် အေဆမ်စီးပွားရေးဝန်ကြီးများအစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

ခုနစ်ကြိမ်မြောက် အေဆမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှ ၂၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ကျင်းပခဲ့ပြီး အာရှအုပ်စုမှ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံနှင့် ဥရောပအုပ်စုမှ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၀တို့မှ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့နှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အေဆမ်စီးပွားရေးဝန်ကြီးများအစည်းအဝေးကျင်းပခြင်းကို ၁၂ နှစ်ကြာရပ်နားထားခဲ့ရာမှ ယခုနှစ်တွင် ခုနစ်ကြိမ်မြောက်အဖြစ် ကိုရီးယား သမ္မတနိုင်ငံတွင် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အေဆမ်စီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့်အတူ The 14th Conference of the Asia Europe Economic Forum (AEEF), the 3rd Global Eco-Innovation Forum of the ASEM SMEs Eco-Innovation Center (ASEIC), the 2nd ASEF Young Leaders Summit of the Asia-Europe Foundation (ASEF) တို့ကိုလည်း Side Eventsများအဖြစ် ကျင်းပခဲ့ပါသည်။

ခုနစ်ကြိမ်မြောက် အေဆမ် စီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် အဓိကအားဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စီးပွားရေးအသိုက်အဝန်းခိုင်မာတောင့်တင်းရေးနှင့် အေဆမ်နိုင်ငံများအကြား စဉ်ဆက်မပြတ်နှင့်အားလုံးပါဝင်တိုးတက်မှုတို့ကို ဆွေးနွေးခဲ့ကြပါသည်။

အေဆမ်စီးပွားရေးဝန်ကြီးများအနေဖြင့် စီးပွားရေးဝန်ကြီးများအစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသွားရန်နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMTI) ကို တစ်နှစ်လျှင် တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် ပုံမှန်ကျင်းပသွားရန် သဘောတူညီခဲ့ကြပါသည်။ ထို့အပြင် ရှစ်ကြိမ်မြောက် အေဆမ်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၉ ခုနှစ်၌ ဥရောပတွင် ကျင်းပရန်လည်း သဘောတူခဲ့ကြပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၆–၁၀–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေး ထပ်မံကျနေသော်လည်း အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျနေပေမယ့် အရောင်းအဝယ်ကောင်းနေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၄၈၀ မှ ယခုတစ်ပတ်မှာတော့ ကျပ် ၄၄၅ (တစ်တန် ကျပ် ၂၇၂၅၁၀) ထိဈေးကျဆင်းခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၃၇၅၄၃၉၁ ပိသာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၁၃၆၆၉၄ ပိဿာထိရှိခဲ့တာကြောင့် အရောင်းအဝယ်လည်း သွက်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၀ ကျပ်ရှိပြီး အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲဈေးကျနေပြီး အရောင်းအဝယ်ဖြစ်မှု နည်းပါး

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲဈေးကျနေပြီး အရောင်းအဝယ်လည်းအေးနေကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၄၄၇ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၂၁ ကျပ် (တစ်တန်ကျပ် ၈၇၀၂၀၀) အထိ ဈေးကျဆင်းခဲ့ပါတယ်။မန္တလေးဝယ်လက်က ပဲတီစိမ်းလုံးကြီးကို အရည်အသွေးကောင်းမွန်မှုအပေါ် ရွေးချယ်ဝယ်ယူနေလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၀၀၀ ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၈၈၅ကျပ်(တစ်တန်ကျပ် ၅၄၁၉၆၀)အထိ ဈေးကျဆင်းခဲ့ကြောင်း သိရ ပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များက ဝယ်ယူနေကြပေမယ့်လည်း ဈေးမကြိုက်တာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်း ငုံနီတစ်ပိဿာ ကျပ် ၆၄၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၇၅ကျပ် (တစ်တန် ကျပ် ၃၅၂၁၂၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုမြို့ခံဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်များက အရည်အသွေးကောင်းကို လိုချင်ကြလို့ အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၃၆၇ကျပ် (တစ်တန် ကျပ် ၁၄၄၉၅၂၀)နဲ့ ဈေးငြိမ်နေပြီး မန္တလေးဝယ်လက်ရှိပေမယ့် ရောင်းလိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲဈေးများကျဆင်းလာသလို အစေ့ထုတ်ပြောင်းဈေးပါ ထပ်မံကျဆင်း

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာရွှေဝါ)၊ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၉၆၇ကျပ် ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၀၈ ကျပ် (တစ်တန်ကျပ် ၅၅၆၀၅၀) ထိဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၃၃ ကျပ်ထိရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၇၅ ကျပ်(တစ်တန် ကျပ် ၃၅၂၁၂၀)ထိ ဈေးပြုတ်ကျခဲ့သလို အရောင်းအဝယ်လည်း နည်းနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါ တစ်ပိဿာ ၁၆၀၀ ကျပ်နဲ့ ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၂၂ကျပ် (တစ်တန် ကျပ် ၈၇၀၈၁၀) အထိ ဈေးပြန်ကျ ခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်တင်ပို့သူများက ဝယ်လိုအားနည်းခဲ့လို့ အရောင်းသမားများကလည်း ရောင်းချခြင်းနည်းခဲ့တာကြောင့်အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၈၂၂ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၂၈၄၄ ကျပ် (တစ်တန် ၁၇၄၁၆၃၀)နဲ့ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၄၄၄ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၃ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀) အထိ ဈေးပြန်ကျခဲ့ပြီး တစ်ရက်ကို နှမ်းဖြူအိတ် ၂၀၀ကျော်ခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းဈေးလည်း ကျဆင်းခဲ့ပေမယ့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၄၄၄ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၂၆ ကျပ် (တစ်တန် ကျပ် ၂၆၀၈၇၀) ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပြည်ပပို့ကုန်ပဲများ ဈေးကျနေပြီး နှမ်းဈေး မြင့်တက်နေ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပြည်ပပို့ကုန်ပဲများ ဈေးကျဆင်းနေပြီး နှမ်းဈေးမှာမူ ဈေးကောင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၄၅၀ ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၄၀ ကျပ် (တစ်တန်ကျပ် ၈၈၁၈၄၀) အထိ ဈေးကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၂၅ကျပ် ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၉၀၀(တစ်တန်ကျပ် ၅၅၁၁၅၀) အထိဈေးကျခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၆၃၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာက ယခုတစ်ပတ်မှာတော့တစ်ပိဿာ ၅၈၅ ကျပ် (တစ်တန် ကျပ်၃၅၈၂၅၀) အထိ ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၆၉၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၉၀ ကျပ် (တစ်တန် ၁၇၀၈၅၆၀ ကျပ်)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၅၅၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၆၇၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၇၀ကျပ် (တစ်တန် ကျပ် ၁၆၉၆၃၂၀) ထိဈေးတက်ခဲ့သလို နှမ်းနီတစ်ပိဿာ ၂၂၇၀ ကျပ် (တစ်တန် ကျပ်၁၃၉၀၁၂၀)နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(သစ်)ဈေး ပြန်ကျဆင်းလာ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန် ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အသစ်)တို့ ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ၂၃၂၅ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာ ကျပ် ၂၂၅၀ (တစ်တန် ကျပ် ၁၃၇၇၈၇၀) ထိ ဈေးကျခဲ့ပေမယ့် ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ၁၄၂၅ကျပ်အထိ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၁၄၀၀ (တစ်တန် ကျပ် ၈၅၇၃၄၀) အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းအတွက် ဈေးအမြင့်ကို မျှော်နေကြလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ယခင်တစ်ပတ် ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၆၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၆၀၀ (တစ်တန် ကျပ် ၃၆၇၄၃၀)ကျပ်အထိ ဈေးကျခဲ့သလို အရောင်းအဝယ်ဖြစ်မှုလည်း နည်းပါးခဲ့ကြောင်းသိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနီနဲ့ နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ကျပ်၁၂၉၂၁၄၀)နဲ့ ဆက်ရှိနေခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၁၀ ကျပ် ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ် နက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်တက်ခဲ့ပြီး တစ်ပိဿာ ကျပ် ၂၈၀၀ (တစ်တန် ကျပ် ၁၇၁၄၆၉၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်က ဈေးကွက်ဝင်ရောက်မှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ပါတယ်။ နှမ်းနီကို မြို့ခံဆီစက်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိခဲ့တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲဟော်လန်တို့ ဈေးပြန်ကျဆင်း

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲဟော်လန်တို့ ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၉၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၈၅၀ (တစ်တန် ၅၂၀၅၃၀) ထိ ဈေးကျဆင်းခဲ့ပါတယ်။ အလားတူ ကုလားပဲဟော်လန်လည်း ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၂၂၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာလျှင် ကျပ် ၂၂၄၀ (တစ်တန် ကျပ် ၁၃၇၁၇၅၀) ထိ ဈေး ကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းဖြူကတော့ ယခုတစ်ပတ်မှာ ဈေးကောင်းရခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၂၂၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာလျှင် ကျပ် ၂၄၇၀ (တစ်တန် ကျပ်၁၅၁၂၆၀၀) ထိ ဈေးမြင့်တက်ခဲ့ပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်းနေ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ (RC)၊ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၃၆၀၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၉၇၀၀၀အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင် တစ်ပတ်က တစ်တန် ကျပ် ၇၀၆၀၀၀ အထိရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၆၄၅၀၀၀ ထိ ဈေးပြန်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၄၀၈၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၈၀၀၀၀ နဲ့ ဈေးပြန်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၃၉၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၆၁၀၀၀ ၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၂၈၀၀၀ စသည်ဖြင့် ဈေးအကျကြမ်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ ဈေးထပ်မံကျဆင်းပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ် ပြန်လည်ကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၁၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၈၅၀ ကျပ် (တစ်တန်ကျပ်၅၂၀၅၃၀) အထိ ဈေးကျဆင်းလာခဲ့သလို ယခုတစ်ပတ်အတွင်း ဈေးကွက်ဝင်ရောက်မှုနည်းခဲ့သလို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက် တွေကဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်းမရှိတော့လို့ အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရပါတယ်။

# စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)ဦးအောင်မောင်းက ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်း

မကွေးတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား သိရှိနားလည်နိုင်စေရန် အတွက် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးအောင်မောင်းသည် စက်တင်ဘာ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီး ဌာနရုံးအစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးရာ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဒေသ ကြီးဦးစီးမှူးနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) က မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ်စိုက်ပြီး ပဲစင်းငုံသီးနှံများ ပေါ်ထွက်လာလျှင် အဆိုပါသီးနှံအသစ်များကိုသာ ဝယ်ယူပေးမှာ ဖြစ်ကြောင်း၊ ကုန်သည်များ လှောင်ထားပြီးဖြစ်တဲ့ သီးနှံအဟောင်းများကိုတော့ ကြိုက်ရောင်းကြိုက်ဝယ်ဖြင့်သာ ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ နတ်မောက်မြို့နယ်၊ တံခွန်တိုင်အုပ်စုရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ပဲစင်းငုံကို တန်းကြား(၂၅ ပေ)စိုက်ပျိုးထားသည်ကို လေ့လာသိရှိခဲ့ပြီး တစ်ဧကကုန်ကျစရိတ် ကျပ် ၁၀၀၀၀ သာ ကုန်ကျကြောင်း၊ ဒါကြောင့်အခြားဌာနများ၏ စာရင်းများကို အခြေမပြုဘဲ မိမိတို့ကိုယ်တိုင် ကွင်းဆင်းပြီး အထွက်နှုန်းများ တစ်ဧကေ ကုန်ကျစရိတ်များကို ပြန်စိစစ်တင်ပြပေးရန် လိုအပ်ကြောင်း၊ တန်းကြား(၆ ပေ) ဖြင့် တွက်ချက်တင်ပြထားသည့်အတွက် အထွက်များ နေခြင်း၊ ကုန်ကျစရိတ်များနေသည်ဟု ယူဆရကြောင်း၊ ယခုလက်တွေ့ ကွင်းဆင်းရာတွင် (၁၂ ပေ) တန်းကြား၊ (၂၅ ပေ)တန်းကြားများ စိုက်ပျိုးထားသည်ကို လေ့လာသိရှိခဲ့ရကြောင်း၊ တန်းကြား အကွာအဝေးမတူညီတဲ့အတွက် မျိုးနှင့်ကုန်ကျစရိတ်လည်း တူညီမှာမဟုတ်ကြောင်း အသေးစိတ်ရှင်းလင်းခဲ့ပါသည်။

ထို့ပြင် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားရာတွင် ပဲစားသုံးမှုကို ဟင်းအဖြစ်သာမက (Value Added) သရေစာများ ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ကုန်ကျစရိတ်နီးစပ်မှန်ကန်စေရေး ကွင်းဆင်းတွက်ချက်ရန်၊ ပဲစားသုံးမှုမြင့်တက်လာစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ပဲကြာဆန်တွင် မတ်ပဲအချိုးပိုထည့်၍ စမ်းသပ်ရန်၊ ပဲစင်းငုံစားသုံးသည့် အလေ့အထ ပေါ်ပေါက်လာစေရေး အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းကြရန်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများစသည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၏ ပဲစင်းငုံ တစ်လစာ၊ တစ်နှစ်စာ လိုအပ်သည့်တန်ချိန် ဝယ်ယူနိုင်မည့်အခြေအနေ စာရင်းပြုစုရန် ပဲတင်သွင်းမှုမူဝါဒအပြောင်းအလဲနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အကောင်အထည်ဖော်ရေးအစည်းအဝေးစသည့် ဖော်ထုတ်ချက်များနှင့်ပတ်သက်၍ လက်ကျန်ပဲများ၏ ဈေးကွက်အခြေအနေ သိုလှောင်သိမ်းဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ပဲတီစိမ်း အရည်အသွေးမီ၊ အလုံးညီမျိုးသုံးစွဲရေးစီစဉ်ရန်နှင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ စိုက်ပျိုးထွက်ရှိလာသောပဲများ ဝယ်ယူရေးစီစဉ်ရန်၊ ဈေးကွက်တစ်ခုတည်းကို မမှီခိုဘဲ ဈေးကွက်အသစ်ထပ်မံရရှိရေး၊ ဈေးကွက်ဝေစု ရရှိနိုင်မည့် အခြားပဲ၊ နှမ်းသီးနှံအစားထိုး စိုက်ပျိုးရေး၊ Value Added ပြုလုပ်တင်ပို့နိုင်ရေး အထောက်အပံ့ရရှိရေး ညှိနှိုင်းဆောင်ရွက်ရန်၊ လယ်ယာထွက်ကုန်သီးနှံ အမျိုးမျိုးဖြင့် ထိုးဖောက်ရန် Trade Agriculturer, SMEs ,Policy များအား ပြန်လည်သုံးသပ်ရန် ရှင်းလင်းပြောကြားခဲ့ပါသည်။

အလားတူ အောက်တိုဘာလ ၁ ရက်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)သည် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဗိုလ်ဥတ္တမခန်းမတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ပဲမျိုးစုံသီးနှံများအတွက် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ပဲမျိုးစုံစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်း စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

# "ကုန်သွယ်မှုမြှင့်တင်ရန်၊ ကုန်စည်ပြပွဲအခြေခံ" (သစ်တောဈ ဖြေလျှော့မှုများ)

## ဝင်းသန်းကျော် (ကုန်သွယ်မြှင့်)

"ကုန်သွယ်မှုမြှင့်တင်ရန်၊ ကုန်စည်ပြပွဲအခြေခံ" ဆိုတဲ့စကားနှင့်အညီ စာရေးသူအနေနှင့် ယခုတစ်ပတ်မှာ သစ်တော၏ ဖြေလျှော့မှုများ ခေါင်းစဉ်နှင့် ဗဟုသုတဖြစ်ဖွယ် ဝေမျှချင်ပါတယ်။ သစ်တောထွက်ပစ္စည်းများကို ပြည်တွင်းသယ်ယူခြင်း၊ ပြည်ပတင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ထောက်ခံချက်များဖြင့် ဆောင်ရွက်ရကြောင်း သိရှိရပါသည်။

ပြည်ပကုန်စည်ပြပွဲများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ၊ ကွမ်ရှီးပြည်နယ်၊ တရုတ်-အာဆီယံကုန်စည်ပြပွဲ၊ မူဆယ်-ကျယ်ဂေါင်တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ သစ်လုပ်ငန်းရှင်များက ၂၀၁၃ ခုနှစ် မတိုင်မီ ယခင်နှစ်များက သွားရောက်ပြသကြရာ၌ သစ်ကုမ္ပဏီ/သမဝါယမအသင်း တစ်ခုလျှင် တန်ချိန်နှစ်တန်ခန့်အား ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်အတွက် သစ်တောထွက် ပရိဘောဂပစ္စည်းများအား ဒဏ်ကြေးပေးဆောင်ခြင်းနှင့် ကျသင့်သည့်အခွန်အခများပေးဆောင်ခြင်းကို သစ်တောဦးစီးဌာနခွင့်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အထွေထွေခွင့်ပြုမိန့် (OGL) လိုင်စင်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

သို့ရာတွင် ကုန်စည်ပြပွဲကိုအကြောင်းပြု၍ တချို့သော ပုဂ္ဂလိကသစ်လုပ်ငန်းရှင်များအနေဖြင့် ဝိသမလောဘဇောတက်၍ မမှန်မကန်ဆောင်ရွက်မှုများ တွေ့ကြုံလာရသဖြင့် မြန်မာ့သစ်လုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် ဝယ်ယူထားသည့်ကုန်ကြမ်းဖြင့် ပြုလုပ်ထားသည့် အချောထည်၊ ပရိဘောဂနှင့် ၂၀၁၃-၂၀၁၄ ခုနှစ် နောက်ပိုင်းအိတ်ဖွင့်တင်ဒါတွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူထားသည့် ကုန်ကြမ်းမှထုတ်လုပ်ထားသည့် အချောထည်၊ ပရိဘောဂများကိုသာ တန်ပမာဏ ကန့်သတ်ခြင်းမပြုဘဲပြပွဲသို့သွားရောက်ပြသရန်အတွက် ဝန်ကြီးဌာန၏ "မူ"အဖြစ် ချမှတ်၍ စိစစ်ခွင့်ပြုပေးကြောင်း သိရှိရပါသည်။

ဒါကြောင့် ၂၀၁၄ ခုနှစ် နောက်ပိုင်း ကျင်းပသော တရုတ်နိုင်ငံအပါအဝင် ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသကြရာ၌ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဝင် သစ်လုပ်ငန်းရှင်ကုမ္ပဏီများ၊ သစ်လုပ်ငန်းလုပ်ကိုင်သည့်သမဝါယမအသင်းဝင်လုပ်ငန်းရှင်များအနေနှင့် တရားဝင်သစ်တောထောက်ခံချက်ရရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် သွားရောက်ပါဝင်နိုင်ခြင်းမရှိတော့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဝင်ကုမ္ပဏီနှစ်ခုက တရုတ်နိုင်ငံ ချုံချင်းမြို့တွင် ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် "4th ASEAN-China (Chongqing) Home & Living Expo 2017" သို့ သွားရောက်ပြသနိုင်ရေးတင်ပြလျှောက်ထားသည့် ပစ္စည်းများတွင် ကြိမ်ပရိဘောဂပစ္စည်းများသာ သစ်တောထွက်ပစ္စည်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗေဒါပရိဘောဂပစ္စည်းနှင့် ကုက္ကိုလ်ပရိဘောဂပစ္စည်းတို့မှာ သစ်တောထွက်ပစ္စည်းများ မဟုတ်ကြောင်း သစ်တောဦးစီးဌာနအနေဖြင့် သီးခြားသဘောထားမှတ်ချက်ပြုရန်မရှိပါကြောင်း သိရှိရပါသဖြင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သစ်တောထောက်ခံချက် တောင်းခံရယူခြင်းမပြုဘဲ ကုန်စည်ပြပွဲသွားရောက်ပြသနိုင်ရေး အထွေထွေ ခွင့်ပြုမိန့် (OGL) လိုင်စင်ထုတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၌ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ (၁) မှ ဦးဆောင်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့်ပုံမှန်တွေ့ဆုံသည့်အစည်းအဝေးတွင် သစ်နှင့်ပြုလုပ်သော ပန်းပုပစ္စည်းများနှင့်ကြိမ်/ဝါးလက်မှုအချောထည်နမူနာပစ္စည်းများကို ပြည်ပတင်ပို့ရာတွင် သစ်တောစစ်ဆေးမှုများ အခက်အခဲရှိနေကြောင်း သစ်လုပ်ငန်းရှင်များက တင်ပြခဲ့ကြပါသည်။ ၎င်းတင်ပြချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ အောက်ပါအတိုင်း ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။

(က)သစ်တောနယ်မြေနှင့် သဘာဝတောများတွင် ပေါက်ရောက်နေသည့် ကြိမ်/ဝါးအပါအဝင်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်း၊ ပြည်ပတင်ပို့ခြင်းကိစ္စများအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအရ သတ်မှတ်ထားသည့် အခွန်ငွေပေးဆောင်၍ ပြည်တွင်း၌ ဘီလ်ပြေစာ အထောက်အထား၊ သယ်ယူခွင့် မျှောစာတို့ဖြင့် လွတ်လပ်စွာ သယ်ယူရောင်းချရန် သစ်တောဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စီးပွားဖြစ် ပြည်ပတင်ပို့ခြင်းများအတွက်ကိုမူ စိစစ်၍ သစ်တောထွက်ပစ္စည်း ထောက်ခံချက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

(ခ) သစ်သားပန်းပုနှင့် ကြိမ်/ဝါးတို့ဖြင့် ပြုလုပ်ထားသော လက်မှုအချောထည်ပစ္စည်းများကို စီးပွားဖြစ်မဟုတ်ဘဲ နိုင်ငံခြားသားများက အမှတ်တရအဖြစ် ဝယ်ယူရာ၌ ပြည်ပသို့သယ်ဆောင်ရာတွင် သစ်တောဦးစီးဌာန၏ သစ်တောထောက်ခံချက်ရယူရန်မလိုဘဲ ရောင်းချသူ၏ ဆိုင်အရောင်းပြေစာများဖြင့်သာ သယ်ယူဆောင်ရွက်လျက်ရှိကြောင်း၊

(ဂ) သစ်နှင့်ပြုလုပ်သော သစ်သားပန်းပု၊ ကြိမ်/ဝါးတို့ဖြင့်ပြုလုပ်သော လက်မှုအချောထည်များအား စီးပွားဖြစ်မဟုတ်ဘဲ ပြည်ပသို့နမူနာပစ္စည်းများ တစ်ကြိမ်ပေးပို့ခြင်းအတွက် သယ်ယူလိုသည့် ပစ္စည်းအမျိုးအစားတစ်ခုလျှင် အရေအတွက် ၁၀ ခုထက်မပိုစေဘဲ နမူနာပစ္စည်းများ၏ စုစုပေါင်းကာလတန်ဖိုးသတ်မှတ်ချက်မှာ အမေရိကန်ဒေါ်လာ ၅၀၀ ထက်မပိုပါက သစ်တောထောက်ခံချက်ရယူရန်မလိုဘဲ သယ်ဆောင်ခွင့်ပြုကြောင်း၊ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ (၂/ ၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသန်းမြင့် ဦးဆောင်တက်ရောက်ဆွေးနွေးခဲ့ပြီး ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုပြုလုပ်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ အကြံပြုချက်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ၎င်းဆွေးနွေးချက်များတွင် "သနပ်ခါး၊ ချဉ်ပေါင်၊ ဖာလာများအား ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သစ်တောဦးစီးဌာန၏ ထောက်ခံချက်ရယူနေရသည့် ကိစ္စနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို လွယ်ကူမြန်ဆန်အောင်ဆောင်ရွက်မည့်အစီအစဉ်ကို ဌာနအစီအမံများဖြင့် ဆောင်ရွက်သွားရန်" ဆွေးနွေးခဲ့ပါသည်။

**စာမျက်နှာ (၁၇)သို့ ➢**

# အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)

စားသုံးသူ အကာအကွယ်ပေးရေးကဏ္ဍသည် အာဆီယံစီးပွားရေးအသိုက်အဝန်းကို တည်ထောင်ရာတွင် မဖြစ်မနေအရေးပါသောကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တစ်စုတစ်စည်းတည်းဖြစ်သော စီးပွားရေးပတ်ဝန်းကျင်ဒေသကို တည်ထောင်ရာတွင် လုပ်ငန်းများဆောင်ရွက်ရာ၌ စားသုံးသူအကျိုးစီးပွားများနှင့် ကောင်းကျိုးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်း ပိုမိုအလေးပြုမိလာကြပါသည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေများသည် ဈေးကွက်အတွင်း တရားမျှတသော ယှဉ်ပြိုင်မှုနှင့် မှန်ကန်သောသတင်းအချက်အလက်များအား လွတ်လပ်စွာစီးဆင်းမှုတို့ကို ဖြစ်ထွန်းစေပါသည်။ လက်ရှိကာလတွင် ဘရူနိုင်း ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကာ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၇ ခုနှစ်ကုန်ခန့်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းရန် ခန့်မှန်းထားပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ လက်အောက်တွင် စားသုံးသူအကာအကွယ်ပေးရေးသည် ခေတ်မီပြီး အရည်အသွေးပြည့်ဝထိရောက်ကာ တရားမျှတသောဈေးကွက်ဖြစ်ပေါ်လာစေရန် အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ အဆိုပါဈေးကွက်သည် ပြီးပြည့်စုံပြီး ကောင်းစွာလုပ်ငန်းလည်ပတ်လျက်ရှိသော နိုင်ငံအလိုက်နှင့် ဒေသအလိုက်စားသုံးသူအကာအကွယ်ပေးရေးစနစ်တစ်ရပ်ကိုလိုအပ်လျက်ရှိပြီး ထိရောက်သောဥပဒေပြဋ္ဌာန်းမှု၊ အရေးယူဆောင်ရွက်မှု ယန္တရားများနှင့် ပြည်သူအလေးဂရုပြုမှုလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## မျိုးမျိုးထိုက်

အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) အရ အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီသည် ၂၀၂၅ ခုနှစ်တိုင်အောင် အောက်ပါမဟာဗျူဟာလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) အဆင့်မြင့်မားသော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှု၊ ဥပဒေ တွန်းအားပေးဆောင်ရွက်မှု၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည့်ဥပဒေများအား စောင့်ကြည့်စစ်ဆေးမှုနှင့် အခြားနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းသောနည်းလမ်းများအပါအဝင် အရေးယူဆောင်ရွက်သည့်နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ဖြင့် တူညီသော အာဆီယံစားသုံးသူကာကွယ်ရေးမူဘောင်တည်ဆောက်ခြင်း၊

(ခ) စားသုံးသူအရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်ခြင်းနှင့် စားသုံးသူဗဟုသုတနှင့် ထောက်ခံအားပေးမှုတို့ကို တိုးတက်စေခြင်းတို့ဖြင့် စားသုံးသူစွမ်းဆောင်နိုင်မှုနှင့် ဗဟုသုတအဆင့်မြင့်မားစေခြင်း၊

(ဂ) ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ တွန်းအားပေးဆောင်ရွက်မှုလုပ်ငန်းများ ခိုင်မာစေခြင်း၊ စားသုံးသူကိုယ်စားလှယ်များကို ပိုမိုခိုင်မာစွာ ပါဝင်ဆောင်ရွက်စေခြင်းနှင့် စဉ်ဆက်မပြတ် စားသုံးမှုတိုးတက်စေခြင်းတို့မှတစ်ဆင့် နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ပိုမိုအဆင့်မြင့်မားသော စားသုံးသူယုံကြည်မှုကိုတည်ဆောက်ခြင်း၊

(ဃ) စားသုံးသူကာကွယ်ရေးမူဝါဒများ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်းနှင့် ဗဟုသုတအခြေခံမူဝါဒများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် အာဆီယံမူဝါဒများတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ဆက်နွယ်သောကိစ္စရပ်များကို အားပေးဆောင်ရွက်ခြင်း၊

(င) ဘဏ္ဍာရေး၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ စွမ်းအင်နှင့်ဆက်သွယ်ရေး စသည့် ထုတ်ကုန်နှင့်ဝန်ဆောင်မှုကဏ္ဍများတွင် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း။

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီဥက္ကဋ္ဌမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပါသည်။ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးများကို အာဆီယံနိုင်ငံများတွင် အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် (၁၆)ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးတင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၁ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၄၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၇၇ တန် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၃၅ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၉ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း တန် ၃၀၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းတန်ဖိုးရှိ ငါးခေါင်းပွ ၁ ဒသမ ၆ တန်ကို တင်ပို့ခဲ့ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၆၆ သန်းတန်ဖိုးရှိ ဌေးမထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ပဲကြီး၊ ငါးစုံလေးခြောက်၊ ဆီးယိုထုပ်တို့ကို ၁၁၄၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မြန်မာထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅၃ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၄၆၁၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၇၉၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၇၄ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလိုတင်ပို့မှုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၄၁ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဥ့်တို့ကို ၃၄၀၅ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉၄ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ရေငန်ပုစွန်၊ ကင်းမွန်၊ ကင်းမွန် (လိပ်) သဲ၊ ကဏန်းတို့ကို ၁၀၆၉ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၆ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၁၃၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၆၃ တန်နဲ့ နှိုင်းယှဉ်ပါက ၆၂၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၃ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးခြောက်၊ ပုစွန်ခြောက်၊ ပုစွန်၊ ငါးမြစ်ချင်းစီဖောင်းနဲ့ ငါးပူတင်းရေခွံခြောက်တို့ကို ပိုမိုတင်ပို့နိုင်ခဲ့ပေမယ့် အခြားရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ လျော့နည်းခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရခြင်းဖြစ် ပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၈) မျိုး၊ တန်ချိန်အားဖြင့် ၂၇၉ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၂၆၈ တန်ကျော် တင်ပို့ခဲ့တာကြောင့် မူဆယ်မှ ပရဆေးကုန်ကြမ်းများကို တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ နနွင်းတက်၊ တောချင်း၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ မာလာဥခေါင်း၊ ကွမ်းစားဂမုန်း၊ ဆီးဆန်နဲ့ ဆေးမြင်းခွာ တို့ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၇၇၉၆ တန်ဖိုးရှိတောင်လုံးကျော် ၁ တန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်ပိုမိုတင်သွင်း

ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈၇ သန်း တန်ဖိုးရှိဆိုင်ကယ်မျိုးစုံ ၁၇၇၀၇၇ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၁၃၇ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၅၉၄၀ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီကုန်သွယ်ရေး စခန်းတို့မှ ဆိုင်ကယ်များ လျော့နည်းတင်သွင်းခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၂၁၈ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၉ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၉၅ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်းတန်ဖိုးရှိဆိုင်ကယ် ၁၆ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၁ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၆၇၅၇၈ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြင်းခြံခရိုင်ရဲ့ ဆီထွက်သီးနှံမြေပဲဈေးကွက်

မျိုးသီတာ(မြင်းခြံ)

မြေပဲကိုကမ္ဘာမှာ အများဆုံးတင်သွင်းတဲ့ နိုင်ငံတွေက အင်ဒိုနီးရှား၊ ဂျာမနီ၊ ရုရှား၊ တရုတ်၊ ကနေဒါ၊ စပိန်၊ အီတလီ၊ မက္ကဆီကို၊ နယ်သာလန်နိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်းတို့ဖြစ်ပြီး အများဆုံး တင်ပို့တဲ့နိုင်ငံတွေကတော့ အမေရိကန်၊ နယ်သာလန်၊ အာဂျင်တီးနား၊ ဘရာဇီး၊ အီဂျစ်၊ ဆီနီဂေါ၊ ဂျာမနီနဲ့ မြန်မာနိုင်ငံတို့ ဖြစ်ပါတယ်။ မြေပဲကို အဓိကအားဖြင့် ဆီကြိတ်ခွဲထုတ်လုပ်ရာမှာအသုံးပြုပါတယ်။ ဆီစားသုံးမှုမြင့်မားတဲ့မြန်မာနိုင်ငံမှာ စားဆီလိုအပ်ချက်အရ စားအုန်းဆီကို နှစ်စဉ်တန်ချိန် ငါးသိန်းမှခြောက်သိန်းအထိ တင်သွင်းလျက်ရှိရာ တစ်လလျှင်စားအုန်းဆီတန်ချိန် ငါးသောင်းခန့်တင်သွင်းနေရတာကိုတွေ့ရပါတယ်။

စားအုန်းဆီကိုနိုင်ငံခြားမှ တင်သွင်းလျက်ရှိရာမှာ မြန်မာနိုင်ငံရဲ့စားဆီလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလျက်ရှိတဲ့ မြင်းခြံခရိုင်မှ ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ မြေပဲကို ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မြေပဲမိုးစိုက်ဧကပေါင်း ၁၄၀၀၀၀ ခန့်စိုက်ပျိုးခဲ့ပြီး နယ်မြေဒေသအလိုက် မိုးဦးမိုးလယ်စိုက်ပျိုးချိန် ကွဲလွဲမှုရှိတဲ့အတွက် ရိတ်သိမ်းဧက ၄၀၀၀၀ နီးပါးခန့်ရိတ်သိမ်းခဲ့ပြီး မိုးဦးစိုက်များသာဖြစ်တဲ့အတွက် တစ်ဧကပျမ်းမျှ အထွက်နှုန်းတင်း ၄၀ လောက်ထွက်ရှိပါတယ်။

ဒီနှစ်မြင်းခြံခရိုင်မှာ မိုးမြေပဲအထွက်ဟာ တစ်မြို့နယ်နဲ့တစ်မြို့နယ် အထွက်နှုန်း မတူကြပါဘူး။ အချို့မြို့နယ်တွေကအထွက်ကောင်းပေမယ့် အချို့မြို့နယ်တွေမှာ အထွက်နှုန်းလျော့သလို ပဲဆန်တွေလည်း သေးတယ်လို့ သိရပါတယ်။ ခြောက်သွေ့တဲ့ မိုးမြေပဲတစ်တင်းကို ကျပ် ၁၂၀၀၀ ခန့် ဈေးရရှိပြီး မိုးမြေပဲအဆန်ဈေးအနေနဲ့ ခြောက်လည်းခြောက်မယ်၊ အရောင်လည်းလှမယ်ဆိုရင် တစ်ပိဿာ ကျပ် ၂၂၅၀၊ ကျပ် ၂၃၀၀ ဈေးခန့်ရရှိပါတယ်။ မိုးမိတဲ့မြေပဲဟာ အရောင်နီရဲပြီး နေလှမ်းတာလည်းများမယ်ဆိုရင် ဆီချေးစော်နံပြီး ဆီထွက်လည်း မကောင်းတဲ့အတွက် ဈေးကွက်မှာမျက်နှာပန်းမလှသလို ဈေးကောင်းလည်း မရရှိပါဘူး။ ဒါ့အပြင်တောင်သူတွေအနေနဲ့ ပွဲရုံကိုသွားရောင်းတဲ့အခါမှာ ပဲဆန်ကလည်းနည်းမယ်။ ငွေလိုလို့ ရတဲ့ဈေးနဲ့ရောင်းမယ်ဆိုရင် တောင်သူအပေါ်မှာ ဈေးနှိမ်ခံရတာမျိုးလည်းရှိပါတယ်။

ဧပြီလထဲမှာစိုက်တဲ့ မိုးမြေပဲအတောင့်တစ်တင်းကို အဆန်ခွဲပြီး ဆီကြိတ်မယ်ဆိုရင် ဆီကငါးပိဿာခွဲကနေ ခြောက်ပိဿာလောက်ထိထွက်ပြီး လယ်သမားတွေ၊ ပွဲစားတွေကတော့ အဲဒီမြေပဲကိုS1 လို့ခေါ်ပါတယ်။ ဆောင်းမြေပဲလို့ခေါ်တဲ့ ဝါဆိုပဲကတော့ အချိုင့်လေးတွေပါလို့ မိုးမြေပဲလောက်တော့အဆန်မပြည့်ပါဘူး။ ဆောင်းမြေပဲ အတောင့်တစ်တင်း (အခြောက်တစ်တင်း)ကို ဆီကြိတ်ခွဲမှ လေးပိဿာခွဲလောက်ပဲ ဆီထွက်ပါတယ်။ ဒါကလည်း မြေပဲအရည်အသွေးကောင်းလွန်းမှထွက်တာပါ၊ စက်ကတစ်ပေါက်ထဲကျတဲ့ပဲကို စက်တစ်ပေါက်ကျပဲလို့ခေါ်ပြီး အခြမ်းလေးတွေကိုလူနဲ့ပြန်ပြီး ရွေးနိုင် ဆယ်နိုင်မှ ရှယ်ပဲလုံးဆန်တစ်ပိဿာကို ကျပ် ၂၃၀၀ ဈေးရရှိပါတယ်။ စက်ကိုတန်းအပ်ရင်တော့ ကျပ် ၂၂၅၀ ဈေးပေါက်ပါတယ်။

နောက် ၁၀ ရက် ၁၅ ရက်လောက်ကြာရင် ဆီထွက်နှုန်းကောင်းတဲ့ တောင်သူအခေါ် ပင်ပြန့်ဆိုတဲ့ ခြောက်လပဲပေါ်တော့မှာ ဖြစ်ပါတယ်။ ဆောင်းမြေပဲနဲ့ မိုးမြေပဲကတော့ လေးလသက်တမ်းပဲရှိလို့လေးလပဲလို့ ခေါ်ပါတယ်။ တောင်သူအခေါ်ပင်ထောင်ဖြစ်ပြီး စက်ရုံတွေကတော့ S1 ပဲလို့ခေါ်ကြပါတယ်။


ဒီရက်ပိုင်းမှာမြင်းခြံခရိုင်ရှိ တောင်သူအချို့ဟာ မန္တလေးနဲ့စစ်ကိုင်းသို့ တစ်ရက်ကို တစ်တင်းခွဲအိတ် ၅၀၀ လောက်ပို့နေပြီးမြင်းခြံကမန္တလေး၊ စစ်ကိုင်းနဲ့တစ်ပိဿာကို ကျပ် ၅၀ မှ ကျပ် ၁၀၀ ဈေးကွာတဲ့အတွက် တောင်သူတွေက မန္တလေးနဲ့ စစ်ကိုင်းကိုပို့ကြတာဖြစ်ပါတယ်။ ငွေလက်ငင်းချေတဲ့အတွက် တောင်သူအနေနဲ့အဆင်ပြေကြတယ်လို့ဆိုပါတယ်။ မြင်းခြံနဲ့မန္တလေး၊ စစ်ကိုင်းဈေးတူရင်တော့ မြင်းခြံကိုပဲပို့ပြီးရောင်းပါတယ်။ ဒီလိုဈေးနှုန်းတူညီလို့ရှိရင် တောင်သူအနေ နဲ့သယ်ယူပို့ဆောင်ခကျပ် ၄၅၀၀၀ ခန့် ဈေးသက်သာတယ်လို့ သိရပါတယ်။

မြေပဲဟာ ဒီရက်ပိုင်း အရောင်းအဝယ် အနည်းငယ်အေးနေတာဟာတရုတ်က မုန့်စားပွဲတော်ရှိသလို သီတင်းကျွတ်နဲ့လည်း တစ်ဆက်တည်းဖြစ်တဲ့အတွက် အဝယ်နည်းတယ်လို့ သိရပါတယ်။ နောက်တစ်ပတ်လောက်ဆိုဈေးကောင်းလာတော့မှာဖြစ်ကြောင်းနဲ့ သူတို့လည်းတက်ဈေးကိုစောင့် ဆိုင်းနေကြောင်း သိရှိရပါတယ်။ ဒီနှစ်မြေပဲရဲ့ဈေးကွက်နဲ့ဈေးနှုန်းအရ အလယ်၊ အလတ်အဆင့်မှာသာရှိသေးကြောင်းနဲ့မနှစ်က အောက်တိုဘာလမှာဆိုရင် S1 မြေပဲတစ်ပိဿာ ကျပ် ၂၄၅၀၊ ကျပ် ၂၅၀၀ လောက်အထိဈေးရရှိခဲ့တဲ့အတွက် ထိပ်ဆုံးဈေးတော့မရောက်သေး ကြောင်း၊ အနီလုံးဆန်ကတော့ မိုးမြေပဲနဲ့ အတူပေါ်ပြီး ဆီစက်သမား အကြိုက်နည်းကြောင်း၊ လက်ဖက်သမား၊ မြေပဲဆားလှော်သမားတွေကတော့ ကြိုက်နှစ်သက်ကြပြီး မြေပဲတောင့်အခြောက် တစ်တင်း ကျပ် ၁၃၀၀၀ နှင့် ကျပ် ၁၄၀၀၀ ဆိုပြီး နှစ်မျိုးနှစ်စားရှိကြောင်း၊ M12 လုံးဆန်ကတော့ ဒီနယ်တစ်ဝိုက်မှာစိုက်ပျိုးတဲ့သူနည်းပါးကြောင်း၊ အဆန်ရောင်းကောင်းပြီး ဆီထွက်နည်းသလို အတောင့်အထွက်နှုန်းကောင်းပေမယ့် အတောင့်တိုင်းအဆန်မပါတဲ့အတွက်တစ်တင်းဈေး ကျပ် ၁၀၀၀၀ ဝန်းကျင်ရရှိကြောင်း၊S1 ဆီဆန်ကတော့ မန္တလေးမှာကျပ် ၂၂၅၀ နဲ့ ကျပ် ၂၃၀၀ လောက် ရရှိကြောင်း၊ မြင်းခြံမှာ ကျပ် ၁၉၀၀ ဈေးရှိပြီး ပဲဆန်ကညံ့ပြီး အပုပ်တွေပါရင် ကျပ် ၁၆၀၀ ခန့်သာရကြပါတယ်။ S1 ရွေးဆန်ကတော့ လုံးဝဆီမကြိတ်ဘဲ စက်တစ်ပေါက်ကျကထွက်တဲ့ ရှယ်ပဲဆန်မှာ ပုံမှန်ထက်ငယ်တဲ့ပဲဆန်အကြမ်းလေးတွေ အပုပ်လေးတွေရွေးပြီး S1 (ရှယ်)ရွေးဆန်ကိုတစ်ပိဿာကျပ် ၃၅၀၀ ၊ ကျပ် ၄၀၀၀ လောက်ရောင်းကြောင်းနဲ့ စက်သမားတွေဆီကို မြစ်ဝကျွန်းပေါ်မှစိုက်မယ့်သူတွေက အော်ဒါမှာလေ့ရှိကြောင်း၊ မြေပဲစိုက်တောင်သူတွေအနေနဲ့ အဓိက အခက်အခဲက အလုပ်သမားပြဿနာဖြစ်ကြောင်း၊ တစ်ရက်လုပ်သားခ ကျပ် ၄၀၀၀၊ ကျပ် ၅၀၀၀ ပေးရသော်လည်း အချိန်မီစိုက်ပျိုးရိတ်သိမ်းရတဲ့အတွက် လုပ်အားလိုအပ်ချက်မပြည့်မီကြောင်းမြင်းခြံမြို့မှတောင်သူတစ်ဦးကပြောကြားခဲ့ပါတယ်။ တချို့တောင်သူတွေက အခုရိတ်သိမ်းပြီးတဲ့ မြေပဲတွေကိုဈေးကွက်သို့ တင်ပို့ရောင်းချခြင်း မရှိသေးတာကလည်း ကြိုက်ဈေးမရသေးအတွက် သိုလှောင်ထားတယ်လို့ သိရပါတယ်။

မြင်းခြံမြို့က ကုန်သည်တစ်ဦးကတော့ မြေပဲဆန်ဟာ ဖွေးမှခြောက်မှ ရောင်းတန်းဝင်ပြီး မြင်းခြံပေါက်ဈေး ကျပ် ၂၃၀၀၊ ကျပ် ၂၃၅၀ လောက်နဲ့ ပြတ်ကြောင်း၊ မန္တလေးဈေးကတော့ ကျပ် ၂၄၅၀ ထိပေါက်ဈေးရှိကြောင်း၊ မြေပဲအရည်အသွေးနိမ့် ကျတာဟာမိုးကြောင့်ဖြစ်ပြီး အရည်အသွေးနိမ့်တဲ့အတွက် ဈေးကျတာလည်းဖြစ်ကြောင်း၊ အရည်အသွေးကောင်းရင် မန္တလေးမှာတော့ဈေးမပြောင်းကြောင်းနဲ့ ဒီရက်ပိုင်းအတွင်း မြေပဲအဝင်နည်းပြီးမိုးမြေပဲအထွက်နည်းကြောင်း၊ ဒီနှစ်ရက်သုံးရက်အတွင်း ပဲလေးတွေပြန်ဝင်လာကြောင်းနဲ့မြင်းခြံ ဈေးလုံးဆန် ကျပ် ၂၁၅၀၊ ကျပ် ၂၂၀၀ ဈေးနဲ့ ဆီဆန်ကတော့ ကျပ် ၁၉၀၀၊ ကျပ် ၁၉၅၀ ဈေးဖြစ်ပြီး မြေပဲကဖွေးနေမှ လက်ခံတာဖြစ်ကြောင်း၊ အရောင်ကာလာရဲပြီး အစိုဓာတ်များတာကြောင့် ဈေးကျတာဖြစ်ကြောင်း၊ ဝါဆိုပဲက နောက် ၁၀ ရက် ၁၅ ရက်ဆိုပေါ်လာတော့မှာဖြစ်ကြောင်း၊ မြင်းခြံဈေးက မျိုးဆန်အဆင့်ကို ကျပ် ၂၅၅၀၊ ကျပ် ၂၆၀၀ လောက် ဈေးပေးဝယ်ကြောင်း၊ တရုတ်က မျိုးဆန်အဆင့်ကို ကျပ် ၂၅၀၀ လောက်ပေးသော်လည်းမရောင်းနိုင်တဲ့ အခက်အခဲရှိကြောင်း၊ ပဲဆန်ကပေါပြီး ရာသီဥတုကြောင့် မျိုးဆန်လုပ်တဲ့သူကရှားတဲ့အတွက် မိမိတောင်သူ လိုအပ်ချိန်မှာ မပေးနိုင်မှာစိုးတဲ့အတွက်တရုတ်ကို မျိုးဆန်မရောင်းကြောင်း၊ မိုးဦးမျိုးဆန်ကို တောင်သူကိုရောင်းနေရကြောင်း၊ ပုံမှန်လုံးဆန်က မန္တလေးမှာ တစ်ပိဿာကျပ် ၂၃၀၀ ၊ မြင်းခြံမှာ ကျပ် ၂၁၅၀၊ ကျပ် ၂၂၀၀ ဈေးရှိကြောင်း မိုးဦးဆီဆန် တစ်ပိဿာ ကျပ် ၁၉၀၀၊ ကျပ် ၁၉၅၀ နဲ့ မြင်းခြံမှာ အရောင်းအဝယ်ဖြစ်ကြောင်းနဲ့ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ဈေးကျပြီးဝယ်လက်လည်း ပျောက်သွားကြောင်း၊ တရုတ်မှာမုန့်စားပွဲတော်ရှိတဲ့အတွက် တစ်ပတ်နားသလိုကိုယ်နိုင်ငံအတွင်းမှာလည်း သီတင်းကျွတ်နဲ့တိုက်ဆိုင်သွားတဲ့အတွက်ဖြစ်ကြောင်း၊ မြေပဲအနေနဲ့ အရည်အသွေးကောင်းပြီး ခြောက်သွေ့နေရင် အရောင်းအဝယ်ဖြစ်ပေမယ့် ဆီဆန်နဲ့လုံးဆန်မှာ အပုပ်စေ့တွေများနေရင် အရောင်းအဝယ်မဖြစ်ကြောင်း၊ မြင်းခြံကုန်စည်ဒိုင်မှ ယခင်တစ်ပတ်ကဈေးနှုန်းမှာ S1 လုံးဆန်(သစ်) ကျပ် ၂၂၀၀၊ ကျပ် ၂၃၀၀၊ နီလုံးဆန် (သစ်) ကျပ် ၂၁၀၀၊ ကျပ် ၂၁၅၀ S1 မြေပဲတောင့် (စို)သစ် ၇၇၅ ကျပ်၊ ကျပ် ၈၀၀ ၊ S1(မြေပဲတောင့်)(ခြောက်)သစ် ကျပ် ၁၃၅၀၊ ကျပ် ၁၄၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်အနေနဲ့တော့ အရည်အသွေးမကောင်းတဲ့အတွက် အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း မိမိတို့အနေနဲ့ မြေပဲကစိုက်ရင်စိုက်သလောက် အရည်အသွေးကောင်းရင်ကောင်းသလောက် အကျိုးအမြတ်သေချာတဲ့သီးနှံဖြစ်ပြီး မိမိနိုင်ငံတွင် ဈေးကွက်လည်း ကြီးမားကျယ်ပြန့်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပြောကြားခဲ့ပါတယ်။

**စာမျက်နှာ (၁၅) "ကုန်သွယ်မှုမြှင့်တင်ရန် …… မှအဆက်**

အဆိုပါဆွေးနွေးချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်စွဲပါ ကြေညာချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ထားကြောင်း သိရှိရပါသည်-


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
အမိန့်ကြော်ငြာစာအမှတ်( ၉၃၁ /၂၀၁၇)
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန


ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

ဒါကြောင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့်ကုန်သွယ်မှုမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သည့် နိုင်ငံတကာ ကုန်စည်ပြပွဲများသို့ အခြားအာဆီယံနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ သစ်လုပ်ငန်းရှင်များနည်းတူ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းဝင်သစ်ကုမ္ပဏီလုပ်ငန်းရှင်များ၊ သမဝါယမအသင်းဝင် အသေးစား၊ အလတ်စား (SME) သစ်လုပ်ငန်းရှင်များ အနေနှင့် သစ်တောဌာန၏ ဖြေလျော့မှုများနှင့်အတူ မှန်မှန်ကန်ကန် ရိုးသားဖြောင့်မတ်စွာဖြင့် လုပ်ငန်းရှင်များ၏ ဂုဏ်သိက္ခာနှင့်အညီ သွားရောက်ပြသနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## Commerce ကာတွန်း




AUNG HTOO WAI TRADING CO.,LTD
By supplying our best to the valuable customers with modern design and reliable quality products such as ;
1. Lobby Equipments
2. Hotel Banquet Chair& Table
3. Hotel Linen
4. Ceramics Tableware & Glassware & Cutlery
5. Kitchen Equipments & Accessories
6. Bar Equipments
7. Housekeeping & Cleaning Equipments
8. Serving & Buffet Display
10. Towel Series
11. Guest Room Amenities & Equipments
12. Furniture Series
Warmly Welcome To Our Showroom !
Our priority is the best providing for our valuable customers' need and want .
Address : No.22,Aung San Stadium ( North), Mingalar Taung Nyunt Tsp,Yangon, Myanmar
Email : aunghtoowei@gmail.com
Website : www.aunghtoowai.com
Phone : 01-256294 , 09-31031021 , 09-795233303
Branch : C-6 , D-6 , D-7 , Yuzana Palaza , (New Market Place ) Ph : 09-30312246


SEA ROAD GLOBAL LOGISTICS CO.,LTD.
GLOBAL MOVING & RELOCATION SERVICES!
International Worldwide Moving For Household Goods
Special Equipment & Bulk Cargo Service
Export / Import Customs Clearance
Door To Door Delivery Service
Full Setting Service For Household Goods
Local Moving Service
Warehousing & Storage
Other Transportation
No. (22), 5-A, 5th Floor, Khat Tar Street, Thiri Khay Mar Quarter, Sanchaung Township, Yangon, Myanmar.
Fax : 95-1-2305563, Internet Phone: 070 7458 0852~0853


MAX
DIESEL PER LITRE
PREMIUM DIESEL
OCTANE 92
OCTANE 95
OPEN 24 HOURS
MAX ENERGY CO., LTD.
Office 01 255819 ~ 838 Ext : 710


PPC
Property People Connection
Under Management of Established Company
" PPC Group of Companies" in Singapore
Property Services
➢ Property Management
➢ M & E Services
➢ Cleaning
➢ Security
Renovation Service
➢ Renovation of Existing Building
➢ Painting, Roofing, Flooring, Ceiling
➢ Installation of Electricity & Plumbing
➢ Consultancy Services
Real Estate Services
➢ Leasing, Purchasing & Selling
No.22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

# Power Vigor Company Limited.

Let's Growth Together

- Generators
- CCTV

SALES & SERVICES



Mail : powervigor@gmail.com
Web: www.powervigormm.com

No. 1391,Anawyahtar Street, 46 Ward,North Dagon Township,Yangon.

Ph : 09 780 3333 80,09 259 260 501,09 261 766 123

ဗဟိုအစားအသောက်နှင့် ဆေးဝါး (FDA)ထောက်ခံချက်အမှတ်(စ၉/၀၈၀၀၄/ထလ)ဖြင့်
ကျန်းမာရေးနှင့် အညီသန့်ရှင်းလတ်ဆတ်စွာထုတ်လုပ်ရောင်းချပေးနေပါသည်။



## MITZU TUN MYINT CO., LTD.
## BOTE SONE MA CHILLI POWDER TRADING

ငရုတ်သီးမှုန့်မှာ အစဉ်သဖြင့် "ဘုတ်ဆုံမ" ကနံပါတ်တစ်




| | |
|---|---|
| နေပြည်တော်ရုံးချုပ် | - (ပ/၇၆)၊ ဘောဂသီရိအဝေးပြေးဝင်းပွဲရုံတန်း၊ ဖုန်း-၀၆၇ ၂၆၁၈၂၊ ၀၉ ၅၁၇၂၃၀၀၊ ၀၉ ၅၁၃၁၃၆၆၊ ၀၉ ၅၁၅၂၇၇၃ |
| ရန်ကုန်ရုံးချုပ် | - (၁၁၃)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၄) လှိုင်သာယာ။ ဖုန်း-၀၁ ၆၈၅၁၁၈၊ ၀၁ ၆၈၂၅၀၉၊ ၀၁ ၆၈၀၂၆၈၊ ၀၁ ၂၂၈၄၄၁ |
| မန္တလေးရုံးချုပ် | - (၈၆/၂) ၈၆ လမ်း၊ ၂၅ × ၂၆ လမ်းကြား၊ မန်းသီရိအိမ်ရာ-ဈေးချိုနာရီစင်အနီး။ ဖုန်း-၀၂ ၃၂၈၆၆၊ ၀၉ ၅၁၂၉၆၁၉ |

မြစ်ကြီးနား - ၀၉ ၄၇၂၂၇၅၉၈၊ စစ်တွေ - ၀၉ ၄၃၁၉၄၆၆၈၊ မော်လမြိုင် - ၀၉ ၅၆၆၁၂၁၁၊ ပြည် - ၀၅၃ ၂၄၈၂၀၊ တောင်ငူ - ၀၉ ၅၁၄၁၅၂၈၊ ပဲခူး - ၀၅၂ ၂၂၄၈၆၊
ဟင်္သာတ - ၀၄၄ ၂၁၃၉၈၊ ၀၉ ၄၂၀၀၃၇၀၅၂၊ ပုသိမ် - ၀၉ ၄၉၂၇၈၃၁၉၊ တောင်ကြီး - ၀၉ ၅၁၁၆၆၇၁၊ လားရှိုး - ၀၉ ၅၁၇၄၇၄၀

# ပြုပြင်ပြောင်းလဲခြင်းဖြင့် ပြန်လည်ရှင်သန်စေ

မာမာရီ (CTQM)

မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးကို အခြေခံသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ စီးပွားရေးမှသည် အခြားအခြားသော ကုန်ထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတကာ ကုန်သွယ်စီးဆင်းမှုကို အထောက်အကူပြုနေကြောင်း သိရှိကြပြီး ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုး ထုတ်လုပ်သူများအပေါ် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များအား ပြုပြင်ပြောင်းလဲပေးခြင်း၊ အစိုးရအဖွဲ့အစည်း မဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့ဝင်များ (Non Government Organization) ၏ အထောက်အပံ့များကို ဖိတ်ခေါ် လက်ခံပေးစေခြင်း၊ ထွက်ရှိလာသောကောက်ပဲသီးနှံများအပေါ် ဈေးနှုန်းမဆုံးရှုံးစေရန် လမ်းညွှန်ပြသပေးခြင်းနှင့် လိုအပ်သောငွေကြေး အရင်းအနှီးများ စိုက်ထုတ်ပေးခြင်းကို တွေ့နိုင်ပါသည်။

ထို့အပြင် နည်းပညာ၊ အတတ်ပညာသာမက ထွက်ရှိလာသည့် ကောက်ပဲသီးနှံများအပေါ် ပြည်ပသို့ ဆက်နွယ်နိုင်သော ကုမ္ပဏီကြီးများနှင့် သတ်မှတ်ချက်ဘောင်အတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် အခွင့်အလမ်းများစွာရနေပြီဖြစ်ပါသည်။ ရောက်ရှိနေသော အချိန်နှင့်တစ်ပြေးညီ နိုင်ငံတော်အတွက် ပြည်ပဝင်ငွေရရှိစေရန်နှင့် တောင်သူလယ်သမားများဈေးကောင်း ရနိုင်သည့်သက်ဆိုင်ရာ သီးနှံထွက်ကုန်များအလိုက်၊ အထွက်တိုးစေရန် စိုက်ပျိုးရေးတွန်းအားပေး အသိပညာသင်တန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် မကြာခဏ ဖွင့်လှစ်ပေးနေကြောင်း တွေ့နိုင်ပါသည်။ ထို့အတွက်ကြောင့် အရည်အသွေးမမီသော ထွက်ကုန်သီးနှံများထက် အရည်အသွေး စံသတ်မှတ်ချက်မီသော သီးနှံထွက် ကုန်များစွာအထွက် တိုးလာကြောင်း တွေ့ရှိနိုင်ပါသည်။

သို့သော်လည်း အချိန်ကာလတစ်ခုတွင် မိမိစီးပွားရေးအရ အမြတ်အစွန်းနှင့် ရောင်းလိုအားကို ရည်သန်ပြီး မျှော်လင့်ချက်များစွာဖြင့် စိုက်ပျိုးပြီး ထွက်ရှိလာသော သီးနှံထွက်ကုန်များ၏ ကုန်သွယ်မှုအပေါ် မမျှော်မှန်းနိုင်သော အကြောင်းအရင်းတစ်ခုခုကြောင့် ပိုလျှံပြီး လေလွင့်ဆုံးရှုံးရန် အကြောင်းဖန် လာခဲ့မည်ဆိုလျှင်၊ လမ်းကြောင်းပြောင်းပြုပြင်ခြင်းဖြင့် အခြေအနေကောင်းရောက်ရန် ပြန်လည် ဖြေလျှော့နိုင်ရမည်ဖြစ်သည်။ တစ်ဆက်တည်း နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးတွင် ဝင်ဆံ့နေသော ပြည်ပဝင်ငွေရ လယ်ယာထွက်ကုန်သီးနှံများစွာအနက် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကမ္ဘာ့ ဈေးကွက်ဝင် မြန်မာ့ပဲသီးနှံများနှင့်သက်ဆိုင်သော အသုံးဝင်အကျိုးပြုစေမည့် အချက်အလက်များကို တစေ့တစောင်း ကောက်နုတ်တင်ပြလိုက်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် ပဲသီးနှံများကိုခြုံငုံ၍ Legumes, Pulses, Peas, Beans စသဖြင့် နိုင်ငံတကာ တွင် ခေါ်ဝေါ် သုံးစွဲခြင်းမှ နောက်ဆုံးတွင် Food Legumes ဆိုသည့် အသုံးအနှုန်းကို ခေါ် ဆိုလာကြသည်။ ပဲကိုအသားဓာတ် (အမဲသား)နှင့်နှိုင်းယှဉ်ကြပြီး ထိုပရိုတင်းအသားဓာတ်မှာ ၂၀ ရာခိုင်နှုန်းကျော်မျှ ပါဝင်နိုင်ကြောင်း လေ့လာသိရှိရပါသည်။ တချို့ပဲများမှာ ထိုမျှမက အသားဓာတ်ပါဝင်မှုများကြောင်း သိရသည်။ နည်းပညာအရ အဆိုပါပဲများ၏ ကလပ်စည်းနံရံတစ်ခုကို အဆပေါင်း ၁၈၀၀ အဇကုကြည့်မှန်ဖြင့် ချဲ့ကြည့်မည်ဆိုလျှင် Protein Body နှင့် Starch များ ကလပ်စည်းနံရံကို ဝိုင်းထားနေကြောင်း သိရသည်။ ထိုကလပ်စည်းတစ်ခုနှင့်တစ်ခုကြားတွင် ကြားကွက်လပ် Intercellular Space များရှိကြပြီး ထိုကွက်လပ်ကြားတစ်ခုချင်းစီတွင် ပရိုတင်းအသားဓာတ် Protine Body မှာ ကစီဓာတ်၊ Starch အရေအတွက်ထက်များကြောင်း လေ့လာသိရှိရသည်။ ထို့ကြောင့် ပဲ၏ အာဟာရဓာတ်ကို အသားဓာတ်အဖြစ် အများဆုံးရရှိနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယေဘုယျအားဖြင့် ပဲအမျိုးအစားအချို့၏ အာဟာရဓာတ် Nutritional Value များကို အောက်ပါအတိုင်း သိနိုင်ပါသည်။

| ပဲအမျိုးအစား | ပရိုတင်းဓာတ် (%) | အဆီဓာတ် (%) | အပြာဓာတ် (%) | အမျှင်ဓာတ် (%) | ကယ်လိုရီ |
|---|---|---|---|---|---|
| ပဲတီစိမ်း | ၂၃.၄ | ၁.၁၉ | ၃.၈၃ | ၄.၁၈ | ၃၄၇ |
| ပဲစင်းငုံ | ၂၂.၂ | ၁.၆၁ | ၃.၃၁ | ၈.၁ | ၃၅၁ |
| မတ်ပဲ | ၂၀.၃၃ | ၀.၉၁ | ၃.၂၅ | ၁၈.၃ | ၁၂၀ |
| စားတော်ပဲ | ၁၉.၃၄ | ၁.၀ | ၃.၃ | ၄.၄ | ၂၄၇ |
| ထောပတ်ပဲ | ၁၅.၈၈ | ၁.၃၃ | ၃.၅၄ | ၅.၀၃ | ၃၃၅ |
| ကုလားပဲ | ၁၈.၆၄ | ၅.၃ | ၂.၉ | ၃.၉ | ၃၆၈ |
| ပဲပုပ်စေ့ | ၄၅.၆၀ | ၁၈.၉ | ၄.၈ | ၄.၆ | ၄၀၀ |
| သီးနှံ၏ ၁၀၀ ဂရမ်အပေါ် ကိုယ်စားပြုတွက်ချက်သည်။ | | | | | |

ပဲအမျိုးအစားအလိုက် သိုလှောင်နိုင်သော သက်တမ်းအားဖြင့် အရည်အသွေးများ လျော့ကျမသွားစေရန် သိုလှောင်နည်းများစွာကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဆက်သွယ် လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံအတွင်း၌ကြည့်မည်ဆိုလျှင် စားသောက်သုံးစွဲခြင်းနှင့် ပြုပြင်ထုတ်လုပ်မှုအပိုင်းများတွင် အဆိုပါ ပဲသီးနှံအမျိုးမျိုးကို ပဲမှုန့်(အစိမ်း၊အကျက်)အဖြစ်လည်းကောင်း၊ ပဲကြီးလှော်၊ ရိုးရာပဲဟင်း (အချို၊ အချဉ်၊ အစပ်) အဖြစ်လည်းကောင်း၊ ပဲတီစိမ်းကို ပဲပင်ပေါက်ဖောက်ခြင်း၊ အငန်နှင့်အချို ပဲငံပြာရည်လုပ်၍ မုန့်ဟင်းခါးတွင် ပဲအနှစ်အဖြစ် အသုံးပြုသည့်အပြင် ပဲကိုကျို၍ တို့ဟူးအစာ အဖြစ် လည်းကောင်း၊ ပဲငါးပိ၊ ပဲပုပ်အသွင်၊ ပဲပြားအသွင်၊ ပဲခေါက်ဆွဲအသွင်နှင့် နံနက်စာတွဲဖက် အစားအစာအဖြစ် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် သုံးစွဲစားသောက်ကြကြောင်းတွေ့ရမည် ဖြစ်ပါသည်။ မြန်မာသတ်သတ်လွတ် ထမင်းဝိုင်းတွင်လည်း မပါမဖြစ် ဟင်းအမယ်တစ်ခုအဖြစ် တွေ့ရမည်ဖြစ်သည်။ ထိုမျှမက တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုအနေဖြင့် အသေးစား၊ အလတ်စား အိမ်တွင်းစားသောက်ကုန်ထုတ်လုပ်ငန်း (Cottage Industry)များတွင် ပဲထောပတ်အား ကိတ်မုန့်ဖုတ်ခြင်း၊ အသင့်အစားအစာ (Instant Food) များတွင် ပဲအနှစ်ပြုလုပ်၍ ပေါင်မုန့်များတွင် အစာသွပ်ပစ္စည်းတစ်ခုအဖြစ် အသုံးများလာပြီဖြစ်သည်။ ထို့အပြင် ပဲဆီသွပ်ဘူးများနှင့် ကလေးအာဟာရမုန့်တွင် ဖြည့်စွက်အာဟာရတစ်ခုအနေဖြင့် ပါဝင်ကြောင်းလည်း တွေ့နိုင်သည်။ ထို့အတွက်ကြောင့် ပဲသီးနှံသက်သက်မဟုတ်ဘဲ ပြုပြင်ပြောင်းလဲခြင်းဖြင့် တခြားစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများဘက်သို့ ခြေဦးလှည့်နိုင်သော အရည်အချင်းရှိသည့် လယ်ယာထွက်ကုန်သီးနှံလည်းဖြစ်သည်။

နည်းပညာဖြင့် ပဲနို့ထုတ်လုပ်ခြင်းနှင့် ပဲပုပ်စေ့ (Soybean)မှ ဆီသားပါဝင်မှုများခြင်းကြောင့် စားသုံး ဆီထုတ်လုပ်စဉ်၊ ဘေးထွက်ပစ္စည်း (by product) များဖြစ်သည့် ပဲကြိတ်ဖတ်များနှင့် ဆီကြမ်းအနည်အနှစ်များအား လူသုံးကုန်ဆပ်ပြာထုတ်လုပ်ခြင်းတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း သိရသည်။ ထို စားသုံးဆီထုတ်လုပ်စဉ်တွင် ထွက်ရှိလာသော ဖယောင်းအကြမ်း၊ အချောများကို ပရုပ်ဆီနှင့် တခြား လိမ်းဆေးဖော်စပ်ရာတွင် ဓာတုနည်းပညာဖြင့် ပြုပြင်ပြောင်းလဲထုတ်လုပ်ရရှိနိုင်ကြောင်း တွေ့ရသည်။ စွန့်ပစ်လုနီးပါး ဆီကြမ်းအနှစ်မပါ ပဲကြိတ်အဖတ်များကို စေးကပ်သောဓာတုပစ္စည်း သို့မဟုတ် ကော်မှုန့်များ၊ လွှစာမှုန့်များ၊ အုန်းသီးအခွံမှုန့်များ၊ စပါးခွံမှုန့်များနှင့် ရောလုံး၍ အခြောက်ခံပြီး လောင်စာတောင့်၊ မီးသွေးတောင့်အဖြစ်လည်း အသုံးဝင်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် တိရစ္ဆာန်အစားအစာများကြိတ်ခွဲထုတ်လုပ်ရာတွင်လည်း အရည်အသွေးမမီသော ပဲသီးနှံအချို့ကိုငါးခြောက်များ၊ ပြောင်းများ၊ ဖွဲနုဖွဲခြောက်မှုန့်များနှင့်တွဲဖက်၍ ထုတ်လုပ်နိုင်သဖြင့် အချို့ပဲသီးနှံတို့ ၌လေလွင့်ဆုံးရှုံးမှုနည်းပါးကြောင်း တွေ့ရသည်။

ကျန်းမာရေးအရ အညာဒေသတွင် တချို့လူကြီးများမှာ ငွေကုန်ကြေးကျသက်သာသော အားဆေး အဖြစ် ပဲစင်းငုံများကို ညဘက်တွင် ရေစပ်စပ်ပွအောင်စိမ်၍ ထိုစိမ်ထားသော အရည်အတိုင်းပြုတ်ပြီး အရည်သောက်ခြင်းနှင့် ထိုပဲဖတ်ကို စားသုံးခြင်းပြုလုပ်လျှင် သွေးအတွင်းအဆီဓာတ်များခြင်းကို လျှော့ ချနိုင်သည်ဟု ဆိုပါသည်။ ထိုသီးနှံများအား ပြည်တွင်းမှာသာတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် နည်းပညာ သုံး၍ထုတ်လုပ်နိုင်ခဲ့လျှင် အသေးစား၊ အလတ်စား စက်ရုံလေးများ ပေါ်ပေါက်လာနိုင်သလို ပြည်သူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပွင့်လန်းလာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်သီးနှံအလုံးစုံတို့သည် ဈေးကွက်အတွင်း အကြောင်းအရင်းတစ်ခုခုကြောင့် အခိုက်အတန့်ပိုလျှံနေပါစေ တခြားတစ်ဖက်တွင် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် ပြုပြင်ပြောင်းလဲ၍ ပြန်လည်ရှင်သန် အကျိုးပြုစေမည့်နည်းလမ်းများစွာ ရှိနေပါကြောင်း စေတနာဖြင့် အသိပေး ရေးသားလိုက်ရပါသည်။

## တရုတ်နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄ ဒသမ ၀၁၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၉၁၂၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှတန် ၁၇၄၅၀ လွယ်ဂျယ်မှ ၁၃၇၅ တန်ကျော်၊ ချင်းရွှေဟော်မှ တစ်တန်နဲ့ ကန်ပိုက်တီမှ တန် ၃၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ပြောင်းတန်ချိန် ၂၂၇၅၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၃၆၃၃ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ ပြောင်းတစ်တန်ကို ၂၉၄၉၄၉ ကျပ်နဲ့ ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ ပြောင်းကား ၇၆၁ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၂၈၄ စီးလျော့နည်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၁၅၈၀ ရှိကြောင်း၊ မန္တလေး မူဆယ်သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၅၃ ကျပ်မှ ၅၅ ကျပ်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာဈေးအနည်းငယ် ပြန်တက်

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုညဒသမ ၅၁၁ သန်း တန်ဖိုးရှိ ရော်ဘာ ၄၆၁ တန်ကျော် တင်ပို့ခဲ့ရာ RSS 3 အမျိုးအစား ၃၃ တန်၊ RSS5 အမျိုးအစား တန်ချိန် ၃၃၀ ကျော်၊ MSR 20 အမျိုးအစား ၉၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာတန်ချိန် ၁၁၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၂၉ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်နဲ့ တာချီလိတ်စခန်းမှ တင်ပို့မှု မရှိတဲ့အတွက် လျော့နည်းရခြင်း ဖြစ်ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS အမျိုးအစား တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၉၆ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ သီတင်းပတ် အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၈၁ သန်းတန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၇၆၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှား၊ ကိုရီးယား၊ တရုတ်၊ ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ MSR 20 အမျိုးအစား ၆၃ တန်၊ RSS 3 အမျိုးအစား တန်ချိန် ၄၀ နဲ့ RSS 1 အမျိုးအစား တန်ချိန် ၂၀၊ ကိုရီးယားနိုင်ငံသို့ MSR 20 အမျိုးအစား ၁၀၁ တန်၊ တရုတ်နိုင်ငံသို့ Mixtures of Natural and synthetic Rubber (99%RSS) ၈၄ တန်၊ MSR 10 အမျိုးအစား ၃၀၂ တန်ကျော်နဲ့ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၁၅၁ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ရော်ဘာ ၃၇၉ တန်ကျော် တင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၈၂ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးမှာ RSS အမျိုး အစား တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးတက်ကြောင်းနဲ့ MSR အမျိုးအစားမှာ ဈေးအတက်အကျ အနည်းငယ်သာ ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ RSS အမျိုးအစားကို တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR အမျိုးအစားမှာ ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 4 | တစ်တန်လျှင်၊ | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

# ဂျပန်နိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း တစေ့တစောင်း

ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ)

*မြန်မာနိုင်ငံရဲ့အဓိကကုန်သွယ်ဖက်နိုင်ငံတွေထဲကတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံကို မြန်မာနိုင်ငံကနေ နှမ်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ပုစွန်၊ ငါးစတဲ့ထွက်ကုန်တွေကို အဓိကတင်ပို့လျက်ရှိပါတယ်။ အခုတလောမှာ ဂျပန်နိုင်ငံကို တင်ပို့တဲ့ပဲတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု များပြားနေလို့ လက်မခံဘဲ ငြင်းပယ်ခံရတယ်ဆိုတဲ့ သတင်းတွေကြားရပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာတော့ လယ်ယာထွက်ကုန်နဲ့ စားသောက်ကုန်တင်သွင်းမှုနဲ့ပတ်သက်တဲ့ ဂျပန်နိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းတွေကို လက်လှမ်းမီသမျှ ကောက်နုတ်ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။*

### ဥပဒေများထုတ်ပြန်ဆောင်ရွက်ခြင်း

ဂျပန်နိုင်ငံမှာ အစားအစာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းများနဲ့စပ်လျဉ်းပြီး အဓိကကျတဲ့ ဥပဒေလေးခုရှိပါတယ်။ အစားအစာဘေးကင်းလုံခြုံမှုအခြေခံဥပဒေ၊ အစားအသောက်ကျန်းမာရေးညီညွတ်မှုဥပဒေ၊ ဂျပန်စိုက်ပျိုးရေးဆိုင်ရာ စံချိန်စံညွှန်းဥပဒေနှင့် ကျန်းမာရေးမြှင့်တင်မှုဥပဒေတို့ဖြစ်ကြပါတယ်။ အစားအစာဘေးကင်းလုံခြုံမှုအခြေခံဥပဒေဟာ အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းမျဉ်းဥပဒေသများကိုချမှတ်ပြီး အစားအစာဖြည့်စွက်ပစ္စည်းများ အန္တရာယ်ရှိမှု အကဲဖြတ်အဖွဲ့ဖြစ်တဲ့ အစားအစာဘေးကင်းလုံခြုံရေးကော်မရှင်(Food Safety Commission) ရဲ့ အခန်းကဏ္ဍကိုလည်း ထူထောင်ထားရှိပါတယ်။ အစားအသောက်ကျန်းမာရေးညီညွတ်မှုဥပဒေကတော့ အစားအစာအန္တရာယ်ရှိမှု စီမံခန့်ခွဲရေးအေဂျင်စီဖြစ်တဲ့ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (Ministry of Health, Labor and Welfare -MHLW) မှတစ်ဆင့် အစားအစာဘေးကင်းလုံခြုံမှုနှင့်ကျန်းမာရေးညီညွတ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်တာဖြစ်ပါတယ်။ အဆိုပါဥပဒေဟာထိခိုက်စေနိုင်သော အရာဝတ္ထုများပါဝင်တဲ့ စားသောက်ကုန်များရောင်းချခြင်းကို တားမြစ်ထားပါတယ်။ ဒါ့အပြင်စားသောက်ကုန်များ၊ အစားအစာဆက်စပ်ပစ္စည်းများ၊ အစားအသောက်ထည့်သည့်ကွန်တိန်နာများနှင့် ထုပ်ပိုးမှုများဆိုင်ရာ စံချိန်စံညွှန်းများကိုလည်း အဆိုပါဥပဒေမှပင် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

တင်သွင်းလာတဲ့ စားသောက်ကုန်အပါအဝင် စားသောက်ကုန်အမျိုးအစားအားလုံးအတွက် အကျုံးဝင်သော ယေဘုယျလိုအပ်ချက်များနှင့် စံချိန်စံညွှန်းများကို MHLW ဝန်ကြီးဌာနမှချမှတ်ပြီး ၎င်းစံချိန်စံညွှန်းများနှင့်မကိုက်ညီပါက ဂျပန်နိုင်ငံတွင်းသို့တင်သွင်းခွင့်ပြုမှာမဟုတ်ပါဘူး။ ဒီလိုအပ်ချက်များနဲ့ စံချိန်စံညွှန်းများဟာ စားသောက်ကုန်ရဲ့ပါဝင်ပစ္စည်းများနဲ့ထုတ်လုပ်မှုစံနှုန်းများအပေါ်မှာ အဓိကအလေးထားတာဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံကို တင်သွင်းမယ့်စားသောက်ကုန်တွင် တာရှည်ခံပစ္စည်း၊ အရောင်တင်ပစ္စည်း၊ အနံ့အရသာထပ်တိုးပစ္စည်းစတဲ့ အစားအစာဖြည့်စွက်ပစ္စည်းများ ပါဝင်ခဲ့မယ်ဆိုရင်တော့ Import Notification Form မှာ ဖော်ပြထားသင့်တယ်လို့ဆိုပါတယ်။ ဒါ့အပြင်ပါဝင်ပစ္စည်းတွေရဲ့အသေးစိတ်ဖော်ပြချက်နဲ့ဆင့်တက်ပြုပြင်မှုလုပ်ငန်းစဉ်အကျဉ်းချုပ်တို့ကိုလည်း သွင်းကုန်လုပ်ထုံးလုပ်နည်းတွေ မြန်ဆန်စေဖို့အတွက် သဘော်ာတင်ပို့မှုတိုင်းအတွက် တွဲပြီးပေးပို့နိုင်ပါတယ်။ ဂျပန်နိုင်ငံရဲ့စားသောက်ကုန်တင်သွင်းမှုဆိုင်ရာလုပ်ထုံးလုပ်နည်းတွေကို လေ့လာနိုင်တဲ့အင်တာနက်စာမျက်နှာကတော့ http://www.mhlw.go.jp/english/topics/importedfoods/1.html ဖြစ်ပါတယ်။

ထုတ်ကုန်ပစ္စည်းအသစ်တစ်မျိုးမျိုးကို ဂျပန်နိုင်ငံသို့သဘော်ာတင်ခြင်းမပြုမီ ပစ္စည်းနမူနာကို လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီကြောင်း သက်သေခံလက်မှတ်နှင့်တကွ MHLW ဝန်ကြီးဌာနရဲ့ဆိပ်ကမ်းစစ်ဆေးရေးရုံးနှင့် ဂျပန်အကောက်ခွန်ဌာနသို့ ကြိုတင်ပေးပို့စစ်ဆေးသင့်ပါတယ်။ အဲဒီလို နမူနာပေးပို့ရတဲ့ ရည်ရွယ်ချက်ကတော့ အမှန်တကယ်တင်ပို့ခြင်းမပြုမီ အဆိုပါကုန်ပစ္စည်းဟာဂျပန်နိုင်ငံသို့တင်သွင်းရန်အတွက် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း သေချာစေရန် စစ်ဆေးနိုင်ဖို့ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့လိုအပ်ချက် စံချိန်စံညွှန်းများနဲ့ ကိုက်ညီကြောင်း စစ်ဆေးအတည်ပြုချက်မရမချင်း မိမိတို့ရဲ့ကုန်ပစ္စည်းကို တင်ပို့ခြင်းမပြုဖို့ အထူးလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဆိပ်ကမ်းအရာရှိက အစားအစာ ဘေးကင်းလုံခြုံမှု စံချိန်စံညွှန်းများ ကိုက်ညီမှုအပေါ် သံသယရှိလျှင် တင်သွင်းသူကို ဂျပန်နိုင်ငံရှိ မှတ်ပုံတင်ထားတဲ့ ဓာတ်ခွဲခန်းများမှာ Voluntary Test စစ်ဆေးရန် တောင်းဆိုနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနဟာလည်း အစားအစာ ဘေးကင်းလုံခြုံမှုဆိုင်ရာ အန္တရာယ်ရှိမှု စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ပါတယ်။ အဓိကအားဖြင့် ဂျပန်စိုက်ပျိုးရေး စံချိန်စံညွှန်းဥပဒေ Japan Agricultural Standards (JAS Law) ဖြင့် တိရစ္ဆာန်နှင့် အပင်ကျန်းမာရေး ကာကွယ်ခြင်းကို Quarantine Law များမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ JAS Standards များကို ရှာဖွေနိုင်တဲ့ Link ကတော့ http://www.jetro.go.jp/en/reports/regulations/pdf/agrii2009e_1007p. pdf.6 ဖြစ်ပါတယ်။

### အစားအစာ ဖြည့်စွက်ပစ္စည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

Food Safety Commission မှ စစ်ဆေးထားပြီး MHLW ဝန်ကြီးဌာနမှ အတည်ပြုထားတဲ့ အစားအစာဖြည့်စွက်ပစ္စည်းများကိုသာ ဂျပန်နိုင်ငံမှာ ရောင်းချတဲ့အစားအသောက်နှင့် အဖျော်ယမကာများမှာ အသုံးပြုနိုင်တာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ကုန်ပစ္စည်းမှာ အတည်ပြုမထားတဲ့ ဖြည့်စွက်ပစ္စည်းများ ပါဝင်နေတာကို တွေ့ရှိခဲ့မယ်ဆိုရင်တော့ အဆိုပါကုန်ပစ္စည်းများအားရောင်းချခြင်းကို ခွင့်ပြုမှာမဟုတ်ပါဘူး။ Designated Additives၊ Existing Additives၊ Natural Flavoring Agents နဲ့ Ordinary Foods Used as Food Additives ဆိုပြီး ဂျပန်ကသတ်မှတ်ထားတဲ့ ဖြည့်စွက်ပစ္စည်း လေးမျိုးရှိပါတယ်။ အဆိုပါ ဖြည့်စွက်ပစ္စည်းအမျိုးအစားများရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကိုတော့ MHLW ရဲ့ ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ http://mhlw.go.jp/english/topics/foodsafety/foodadditives/index.html. မှာ အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

### အစားအစာ ဖြည့်စွက်ပစ္စည်း အတည်ပြုခြင်းလုပ်ငန်းစဉ်

အစားအစာဖြည့်စွက်ပစ္စည်းအသစ်၊ အသုံးပြုမှုအသစ်နှင့် ယခင်အတည်ပြုထားတဲ့ ဖြည့်စွက်ပစ္စည်းများအတွက် လက်ခံနိုင်မှုတို့ကိုအတည်ပြုရန်အတွက် လျှောက်လွှာများကို MHLW ဝန်ကြီးဌာနကစိစစ်ဆောင်ရွက်ပါတယ်။ MHLW ဝန်ကြီးဌာနက ပြည့်စုံမှန်ကန်မှုရှိမရှိစစ်ဆေးပြီးနောက် လျှောက်လွှာများကို Food Safety Commission ထံသို့အန္တရာယ်ရှိမှု အကဲဖြတ်ခြင်းအတွက်ပေးပို့ပါတယ်။ အကဲဖြတ်ပြီးတဲ့အခါအကဲဖြတ်ရလဒ်ကို Food Safety Commission မှ MHLW ဝန်ကြီးဌာနထံသို့ပြန်လည်အစီရင်ခံပေးပို့ပါတယ်။ အန္တရာယ်ရှိမှုစီမံခန့်ခွဲရေးအဖွဲ့ဖြစ်တဲ့ MHLW ဝန်ကြီးဌာနက စားသောက်ကုန်တစ်ခုချင်းစီအတွက် အစား အစာဖြည့်စွက်ပစ္စည်းအတည်ပြုချက်အပေါ် သီးခြားအသုံးပြုနိုင်တဲ့အဆင့်ကို ဆုံးဖြတ်ပေးပါတယ်။ အဲ့ဒီလိုဆောင်ရွက်ရာမှာ ဖြည့်စွက်ပစ္စည်းအတည်ပြုပမာဏမသတ်မှတ်မီ ထည့်သွင်းအသုံးပြုထားတဲ့ကုန်ပစ္စည်းများကိုလည်း စဉ်းစားဆောင်ရွက်တာဖြစ်ပါတယ်။ ဥပမာအားဖြင့် Margarine အတွက် ခွင့်ပြုထားတဲ့ တာရှည်ခံပစ္စည်း ပမာဏကို Mayonnaise အတွက် တာရှည်ခံပစ္စည်းပမာဏအဖြစ် အသုံးပြုနိုင်မည်မဟုတ်ပေ။ အစာဖြည့်စွက်ပစ္စည်းများအသုံးပြုမှုအတွက် အတည်ပြုချက်လျှောက်ထားသူဟာ နေ့စဉ်လက်ခံနိုင်သောပမာဏ (Acceptable Daily Intake-ADI) ထက်မကျော်လွန်တဲ့ အထောက်အထားများဖြင့် MHLW ဝန်ကြီးဌာနသို့တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ဇွန်လမှာ MHLW ဝန်ကြီးဌာနက အစာဖြည့်စွက်ပစ္စည်း အသုံးပြုမှုအတွက် လျှောက်ထားခြင်းကို ကုမ္ပဏီများအားအကူအညီပေးရန် Food Additive Designation Consultation Center (FADCC) ကို တည်ထောင်ခဲ့ပါတယ်။ FADCC ဟာ လျှောက်လွှာပြည့်စုံအောင် ဆောင်ရွက်ရာမှာ ကုမ္ပဏီများကို အကူအညီပေးခြင်းဖြင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အတည်ပြုချက်များအား အချိန်တိုအတွင်းရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးပါတယ်။ အဲဒီလိုဆောင်ရွက်ပေးခြင်းအတွက် အခကြေးငွေပေးဆောင်ရန် မလိုအပ်သော်လည်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများကို မျက်နှာချင်းဆိုင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆက်သွယ်ပြောဆိုရာမှာ ဂျပန်ဘာသာစကားဖြင့်သာ ပြောဆိုတာဖြစ်တဲ့အတွက် လိုအပ်လျှင်စကားပြန်အသုံးပြုရမှာလည်း ဖြစ်ပါတယ်။

### ပိုးသတ်ဆေးနှင့် အခြားမသန့်သည့်ပစ္စည်းများ ပါဝင်မှု

ဂျပန်နိုင်ငံဟာ ၂၀၀၆ ခုနှစ်မှာ စားသောက်ကုန်တွင် စိုက်ပျိုးရေးဆိုင်ရာ ဓာတုဓါတ်ကြွင်းများ၊ အစာဖြည့်စွက်ပစ္စည်းများနှင့် တိရစ္ဆာန်ဆေးဝါးများပါဝင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအသစ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ အဆိုပါလုပ်ထုံးလုပ်နည်းများ အကောင်အထည်မဖော်မီ တည်ဆဲတရားဝင် အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုအဆင့် MRLs ၁၀၀၀၀ ခန့်အပြင် စိုက်ပျိုးရေးဆိုင်ရာဓာတုပစ္စည်း ၇၅၈ မျိုးအတွက် ယာယီ MRLs များကို MHLW ဝန်ကြီးဌာနကထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဆိုပါ MRLs များဟာ စိစစ်သုံးသပ်မှုမပြီးမချင်းယာယီအဖြစ်တည်ရှိမှာဖြစ်ပါတယ်။ တည်ဆဲ MRLs များနှင့် ယာယီ MRLS များကို စုစည်းပြီး Positive List လို့ခေါ်ပါတယ်။ အဆိုပါ Positive List မှာပါရှိတဲ့ MRLs များကိုကျော်လွန်၍ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်တဲ့ စားသောက်ကုန်များကို တွေ့ရှိပါက အစားအစာကျန်းမာရေးနှင့် ညီညွတ်မှုဥပဒေကို ချိုးဖောက်သည်ဟုသတ်မှတ်ပြီးဆိပ်ကမ်းမှာ ငြင်းပယ်ခံရမှာဖြစ်ပါတယ်။ တစ်ကြိမ်ချိုးဖောက်မှုဖြစ်လျှင် အလားတူကုန်ပစ္စည်းများ တင်သွင်းမှုအားလုံးရဲ့ (ယေဘုယျအားဖြင့် ၃၀ ရာခိုင်နှုန်း) ကို Enhanced Monitoring အနေဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုပါချိုးဖောက်သူကိုချန်လှပ်ပြီး စက်မှုလုပ်ငန်း တစ်ခုလုံး စစ်ဆေးတဲ့ Clean Test အကြိမ် ၆၀ ရရှိတဲ့အခါ MHLW ဝန်ကြီးဌာနက Enhanced Monitoring 30 percent policy ကို ပယ်ဖျက်ပေးမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ချိုးဖောက်တင်ပို့တဲ့ ပို့ကုန်လုပ်ငန်းရှင်ဟာ "100 percent hold and test policy" ကို ရင်ဆိုင်ရမှာဖြစ်ပြီး ဂျပန်နိုင်ငံရဲ့ လက်ခံနိုင်တဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုအဆင့်ကို ကျော်လွန်ခြင်းမရှိဘူးဆိုတာကို သက်သေပြနိုင်ဖို့အတွက် တင်ပို့သူထံမှ အလားတူ ကုန်စည်ရဲ့ သဘော်ာတင်ပို့မှုတိုင်းကို ဂျပန်နိုင်ငံမှာ အစစ်ဆေးခံရမှာ ဖြစ်ပါတယ်။ Clean Test အကြိမ် ၆၀ ရရှိပြီးတဲ့အခါ MHLW ဝန်ကြီးဌာနက 100 percent hold and test policy ကို ပယ်ဖျက်ပေးမှာဖြစ်ပါတယ်။ အခြားနည်းလမ်းအနေနဲ့ကတော့ ကနဦးချိုးဖောက်မှုပြီးနောက်တစ်နှစ်ကြာအတွင်း ထပ်မံချိုးဖောက်မှုမဖြစ်လျှင် စက်မှုလုပ်ငန်းအလိုက် စစ်ဆေးခြင်းလိုအပ်ချက်ကို ၃၀ ရာခိုင်နှုန်း ပယ်ဖျက်ပေးပါတယ်။ ဒါ့အပြင် Clean Test အကြိမ် ၆၀ မရရှိသေးသော်လည်း တစ်နှစ်ကြာတဲ့ အထိ ထပ်မံချိုးဖောက်မှုမရှိလျှင် အဆိုပါပို့ကုန်လုပ်ငန်းရှင်အပေါ် စစ်ဆေးကြီးကြပ်မှုတိုးမြှင့်ခြင်း မူဝါဒကို ပယ်ဖျက်ပေးပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

> ”
> ဂျပန်နိုင်ငံရဲ့ လိုအပ်ချက် စံချိန်စံညွှန်းများနဲ့ ကိုက်ညီကြောင်း စစ်ဆေးအတည်ပြုချက်မရမချင်း မိမိတို့ရဲ့ကုန်ပစ္စည်းကို တင်ပို့ခြင်းမပြုဖို့ အထူးလိုအပ်ပါတယ်။

## မြောင်းမြမြို့နယ်၊ အ.ထ.က(ခွဲ) နေရှင်နယ်ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ



မြောင်းမြခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူး၍ မြောင်းမြမြို့နယ်၊ အ. ထ. က (ခွဲ)နေရှင်နယ်ကျောင်း၌ စက်တင်ဘာ ၆ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဟောပြောပွဲ ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်၊ ကျောင်းမုန့်ဈေးတန်းများတွင် လိုက်နာရမည့် စည်းကမ်းများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စများ၊ ကွင်းဆင်း စိစစ်ပညာပေးဆောင်ရွက်နေသည့် အတွေ့အကြုံများနှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဒုတိယဦးစီးမှူး ဦးလှထွဋ်ဦးက ကျောင်းသား၊ ကလေးသူငယ်များ၊ စားသုံးရန် မသင့်သည့် အစားအသောက်နှင့် မုန့်များကို ရှောင်ရှားစားတတ်စေရန်၊ အစားအသောက်၊ မုန့်နမူနာများပြ၍လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးကာတွန်းများကိုလည်းကောင်း ပြသဟောပြောခဲ့ပါသည်။

ဆက်လက်၍ ဒုတိယခရိုင် ဦးစီးမှူး ဦးဇော်မင်းနှင့်အဖွဲ့သည် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသည့် အစားအသောက်နှင့် မုန့်များရောင်းချနေမှု၊ တားမြစ်ထားသော မုန့်များနှင့် သက်တမ်းလွန်မုန့်များ ရောင်းချခြင်း မပြုရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သောသီးနှံ၊ အစားအသောက်နှင့်မုန့်များကိုသာ ရောင်းချရန်ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်များအား စိစစ်ပညာပေးဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲသို့ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း၄၇၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

## ကောက်စောစပါး ရိတ်သိမ်းချိန်တန်သော်လည်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လယ်သမားအချို့ အခက်တွေ့စေ

ယခုအချိန်တွင် ကယားပြည်နယ်အတွင်းရှိ လယ်သမားများအနေဖြင့် ကောက်စောစပါး ရိတ်သိမ်းချိန်တန်နေသော်လည်း မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့်အခက်တွေ့နေကြကြောင်းနှင့် မိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပါက အဆင်ပြေသော်လည်း စပါးရိတ်စက်ငှားရန် ငွေအားမတတ်နိုင်သော အချို့သောလယ်သမားများအတွက် အခက်တွေ့နေကြောင်း ဒေသခံလယ်သမားတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါတယ်။ ကယားပြည်နယ်တွင် စက်တင်ဘာလအတွင်းက ဧည့်မထ(မိုး) တင်း ၁၀၀ လျှင် ကျပ် ၆၇၇၀၀၀ ရှိပြီး အောက်တိုဘာလ ဒုတိယပတ်အတွင်းတွင် ဧည့်မထ(မိုး) တင်း ၁၀၀ လျှင် ကျပ် ၆၉၀၀၀၀ ဈေးရှိတာကြောင့် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀ ခန့် ဈေးတက်လာကြောင်းကို ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။ စက်တင်ဘာလအတွင်းက အခြားမြို့သို့ဆန်တင်ပို့ရာတွင် ဆန်အိတ်ပေါင်း ၁၆၉၆၅ အိတ် တန်ချိန် အားဖြင့် ၈၅၂ တန်ခန့်တင်ပို့ထားပြီး ယခုအောက်တိုဘာလရဲ့ ပထမပတ်နှင့် ဒုတိယပတ်အတွင်းတွင် ဆန်အိတ်ပေါင်း ၃၃၂၅ အိတ်ခန့်တင်ပို့ထားကြောင်းနှင့် ယခင်စက်တင်ဘာလအတွင်း အခြားမြို့ကြီးများမှ ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းရာတွင်လည်း ရန်ကုန်မြို့မှ ၆၆၄၅ အိတ်၊ မန္တလေးမြို့မှ အိတ် ၇၁၃၀၊ ရွှေဘိုမြို့မှ ၆၇၆၅ အိတ် တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်း အိတ် ၂၀၅၄၀၊ တန်ချိန်အားဖြင့် ၁၀၃၁ တန်ခန့် တင်သွင်းလာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၀၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၂၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၅၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၁၅၀၀၊ တစ်ပြည်လျှင်ကျပ် ၁၀၀၀၊ ဧည့်မထ(ဒေသ)စပါး တင်း ၁၀၀ လျှင် ကျပ် ၆၉၀၀၀၀ ဈေးပေါက်ပြီး ဈေးအနည်းငယ်တက်လာကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

## မုံရွာမြို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ မုံရွာမြို့၌ စက်တင်ဘာလ ၂၁ ရက်က ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မုံရွာခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်း/ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၁၅၀ ဦးတက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မုံရွာခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်မြင့်စိုးက ယခုကဲ့သို့ ဆရာ၊ ဆရာမများအားသီးသန့်ဆွေးနွေးပွဲပြုလုပ်ရခြင်းမှာ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမကပြောလျှင် သူတို့စိတ်ထဲ၌ စွဲမြဲစွာ မှတ်ယူလိုက်နာတတ်ပါကြောင်း၊ စားသုံးသူများသည် အခွင့်အရေးများ၊ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားခွင့်နှင့်ကုစားခွင့်ရရှိနိုင်ရန် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ဗဟို၊ တိုင်း၊ ခရိုင်များ၌ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ မုံရွာခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် တိုင်ကြားမှုများရှိလာပါက ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မုံရွာစီးပွားရေး တက္ကသိုလ်မှ ပါမောက္ခ ဌာနမှူးဒေါက်တာအောင်ကျော်က စီးပွားရေးလုပ်ငန်းကျင့်ဝတ်၊ လူမှုတာဝန်နှင့် စားသုံးသူကာကွယ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မုံရွာခရိုင်ဥပဒေအရာရှိ ဒေါ်အေးအေးလွင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန Deputy Food Control Officer ဦးကျော်စွာလင်းက အန္တရာယ်ကင်းသော အစားအစာဖြစ်ပေါ်ရေး အဓိကဆောင်ရွက်ရမည့် အချက်ငါးချက်အကြောင်းနှင့် အစားအသောက်များတွင် သုံးစွဲခွင့်မပြု ဆိုးဆေးများနှင့် ပတ်သက်၍ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများကပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သန်းသန်းတင်(မုံရွာ)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (၂၀၁၁) | M | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ကာလ်ဒီးနား (၂၀၀၃) | I | ၁၆၈ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၇၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ပါဆို (၂၀၁၂) | ယာယီ | ၁၆၀ သိန်း | 1.0 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဒီမီယို (၂၀၁၄) | ယာယီ | ၂၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ရှပ်တဲလ် (၂၀၁၃) | ယာယီ | ၂၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | အင်ဆိုဒ် (၂၀၁၂) | ယာယီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၁၅ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း | ၇၅၀ စ/ပေ | BR(၂)၊ အခန်းဖွဲ့ | ၃၈၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ ပေ | အခန်းဖွဲ့ MB (၁) ခန်း၊ BR(၂) ခန်း | ၁၅၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀)ပေ | (ပ)ထပ်၊ BR (၄) ခန်း၊ ပြင်ဆင်ပြီး | ၁၂ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၄။ | မြေ | လှည်းကူးမြို့နယ်၊ လှည်းကူးမြို့အထွက် | ၁၀၀၀၀ စ/ပေနီးပါး | မြေသီးသန့်၊ ခြံစည်းရိုးခတ်ပြီး | ၈၀၀၀ သိန်း | ညှိနှိုင်းနိုင် | ၀၉/၄၅၂၀၉၄၄၃၉ |
| ၅။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီး | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၆၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | ကွန်ဒို | ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း | ၂၅၀၀ စ/ပေ | MB (၁) ခန်း၊ BR (၂) | ၁၂ သိန်း | ဓာတ်လှေကားပါ ၁ လအငှားနှုန်း | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | အဆင့်မြင့် တိုက်ခန်း | ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ | ၉၅၀ စ/ပေ | MB (၁) ခန်း၊ BR(၁) | ၈ သိန်း | ၁ လအငှားနှုန်း | ၀၉/၉၇၆၂၁၁၁၂၃ |
| ၈။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၄၀ x ၆၀)ပေ | ခြံခတ်ပြီး | ၂၈၀ သိန်း | သီးသန့်ကွက် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | တိုက်ခန်း | မဂ်လာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀၀ စ/ပေ | (၃) လွှာ၊ ဟောလ် | ၂၉၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |

# မွန်ပြည်နယ်တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုရှိစေရန် ရည်ရွယ်၍ ဒေသစီးပွားဖွံ့ဖြိုး တိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဆွေးနွေးပွဲကို မော်လမြိုင်မြို့၊ ကုန်စည်ဒိုင်ခန်းမ၌ အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဂျပန်ပညာရှင် Mr. Tanaka က 'Japanese Behaviors in Human Development' ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဂျပန်နိုင်ငံ၏ အကြောင်းအရာများ၊ ဂျပန်လူမျိုးများ၏ အလေ့အကျင့်များ၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ စုပေါင်းညီညွတ်မှု၊ လူမှုဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ရမည့်အချက်များစသည့် အကြောင်းအရာများအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် NC & MaGa Co.,Ltd မှ Managing Director ဦးတိုးလှိုင်က 'Success & Failure' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည် နယ်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်နှင့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန-CICCအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေး ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မွန်ပြည်နယ် လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်၊ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဦးဝဏ္ဏကျော်၊ ဌာနဆိုင်ရာမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၀၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(စားသုံးသူ-မွန်)**

# စစ်ကိုင်းတိုင်းဒေသထွက် ဆီးပျားရည် ပြည်ပဝင်ငွေ နှစ်စဉ်တိုးတက်ရရှိ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီးသီးစိုက်ဧက နှစ်သောင်းခန့်ရှိပြီး ကနီ၊ ယင်းမာပင်၊ ဒီပဲယင်းနှင့် အရာတော်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြသည်။ ပျားလုပ်ငန်းဦးစီးဌာနနှင့် အခြားပုဂ္ဂလိက ပျားမွေးမြူသည့်လုပ်ငန်းရှင်များသည် ဆီးခြံများမှ ဆီးပျားရည်ထုတ်လုပ်မှုမှာ (၁၀) စုနှစ် တစ်စုကြာခဲ့ပြီဖြစ်သည်။

ပျားရည်ထုတ်လုပ်သူ လုပ်ငန်းရှင်များသည် ပျားလုပ်ငန်းဦးစီးဌာန၌ မှတ်ပုံတင်ပြီး ဆီးခြံအခင်းရှင်များသို့ ပျားပုံးတစ်ပုံး (ပျားသေတ္တာ) ကျပ် ၁၀၀၀ အခပေးပြီး ဆီးပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရကြောင်း သိရသည်။

ဆီးပျားရည်ထုတ်လုပ်သည့်ကာလမှာ ဆီးပန်းပွင့်ချိန် စက်တင်ဘာလဆန်းမှ နိုဝင်ဘာလထိ သုံးလခန့် ထုတ်လုပ်နိုင်ကြောင်း သိရပါသည်။ ယခုနှစ် ပျားရည်ထုတ်လုပ်မှု လုပ်ငန်းရှင် ၃၆၆ ဦးရှိပြီး ပျားရည် ထုတ်လုပ်သည့် ပျားပုံး (ပျားသေတ္တာ) ၈၉၀၀၀ ဖြင့် ထုတ်လုပ်လျက်ရှိနေပြီး အောက်တိုဘာ ပထမပတ်ထိ ပျားရည်ပိဿ ၂၀၀၊ မက်ထရစ် ၃၂ တန်ကျော် ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ယင်းမာပင်၊ ကနီ၊ ကလေး၊ ဘုတလင်မြို့နယ်မှ ပျားရည်ထွက်ရှိမှုမှာ ၅၁၇၁ ပိဿ၊ ခန့်မှန်းမက်ထရစ်တန် ၈၄၄ တန်ကျော် ထွက်ရှိခဲ့ကြောင်း ကနီမြို့နယ် ပျားလုပ်ငန်းဦးစီးဌာနမှ သိရသည်။ လက်ရှိပျားရည်တစ်ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၅၀၀ ထိ ရှိပြီး ပျားရည်ကို တရုတ်ပြည်မှ အဓိက ဝယ်ယူကြောင်း သိရပါသည်။ ပျားရည်မှာ အရွယ်ကို နုပျိုစေခြင်း၊ အဆင်းလှပခြင်း၊ အရွယ်တင်ခြင်းတို့ကြောင့် ပြည်ပဝယ်လိုအား နှစ်စဉ်များပြားလာကြောင်း သိရှိရသည်။ **အောင်မင်း (တန့်ဆည်)**

# ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကန်ကြီးထောင့်မြို့နယ်တွင် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (Stromme Foundation) တို့ပူးပေါင်း၍ ကန်ကြီးထောင့်မြို့နယ် အနောက်စုလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံသင်တန်းသူ ၃၀ ဦးအား အခြေခံ စက်ချုပ်သင်တန်းကို အောက်တိုဘာလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပေးသွားမှာ ဖြစ်ကြောင်း တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောပါသည်။

သင်တန်းနည်းပြများအဖြစ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံ (အမရပူရ) မြို့မှ ဒေါ်ခင်စန်းတင်၊ တိုင်းဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သီတာဝင်းတို့က သင်ကြားပေးမှာဖြစ်ပြီး သင်တန်းကိုအခြေခံ၍ ဒီဇိုင်းသစ်များ တီထွင်ထုတ်လုပ်လာစေရန်နှင့် ကျွမ်းကျင်စက်ချုပ်သမားများ ပေါ်ထွက်လာစေရန်သာမက အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အခြေခံစက်ချုပ်သင်တန်းတတ်မြောက်ကာ အိုးမကွာအိမ်မကွာ တစ်ဖက်တစ်လမ်းမှ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအနေဖြင့်မိသားစု ဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း တိုင်းဦးစီးမှူးက ဆက်လက်ပြောကြားပါသည်။ **မြစိန်(ပုသိမ်)**

# အောင်လံမြို့နယ်၊ စမ်းကလေးကျေးရွာမှ ပဲစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပဲစိုက်ပျိုးထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများ၊ အောင်လံမြို့နယ်တာဝန်ခံတို့ ပါဝင်သည့် အဖွဲ့သည် အောက်တိုဘာ ၁၀ ရက်တွင် အောင်လံမြို့နယ်၊ စမ်းကလေးကျေးရွာ၌ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံပြီး သီးနှံပေါ်ချိန်ဖြစ်၍ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ပဲမျိုးစုံသီးနှံများအတွက် ထိခိုက်နစ်နာမှုမရှိစေရေး၊ တောင်သူများနစ်နာ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် စိုက်ပျိုးထားရှိသည့် ပဲတီစိမ်းစိုက်ခင်းများ၊ နှစ်ရှည်သီးနှံပင်၊ လျှော်ဖြူပင် စိုက်ပျိုးထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား အကြံပြုဆွေးနွေးခဲ့ပါသည်။

ထို့နောက် အဆိုပါအဖွဲ့သည် အောင်လံမြို့၊ အောင်လံမြို့နယ် တာဝန်ခံရုံး၌ အောင်လံမြို့နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအား အသစ်ပြန်လည် ဖွဲ့စည်းခြင်းနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်း လုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင်(မကွေး)**

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

---

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Vol: 17, No.40 Monday October 16 2017

## (၇) နေ့ သားသမီးများအတွက်


### စီးပွားရေး အကြံပေး ဟောကိန်း

**၁၆-၁၀-၂၀၁၇ မှ ၂၂-၁၀-၂၀၁၇ ရက်နေ့ထိ**

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးကံကောင်းတတ်ပါသည်။ စားသောက်ကုန်၊ အဖျော်ယမကာလုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်းများ အကျိုးဖြစ်ထွန်းလိမ့်မည်။ ပညာရေးတွင် အပေါင်းအဖော်များကြောင့်ပညာရေးနှောင့်နှေးတတ်ပါသည်။ ကျန်းမာရေးထွေထူးရောဂါမရှိတတ်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေတတ်ပါသည်။
**ယတြာ။ လမ်းခင်းကျောက်စရစ်လိုအပ်သောနေရာတွင်လှူဒါန်းလိုက်ပါ။ လိုရာဆုပြည့်ပါလိမ့်မည်။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးခွဲထွက်လုပ်ကိုင်ဆောင်ရွက်နေသော်လည်း မိမိလုပ်ငန်းသည် ပုံမှန်လည်ပတ်မှုရှိနေတတ်ပါသည်။ ငွေကြေးအမြတ်အစွန်းများပုံမှန်ရရှိနေတတ်သည်။ စိန်၊ ပုလဲ၊ နီလာ၊ ရွှေ၊ ငွေနှင့်ကျောက်မျက်ရတနာများစသည်တို့အကျိုးပေးတတ်ပါသည်။ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့သည်ပုံမှန်အနေအထားတွင်ရှိနေတတ်သည်။ **ယတြာ။ ။ဘုရားတွင်ရောင်တော်ဖွင့်၍ အနေကဇာတင်ပါ။**



**အင်္ဂါသားသမီးများအတွက်** ပိုးထည်၊ ချည်ထည်နှင့်အထည်အလိပ်အဆင်ဆန်းများ၊အမျိုးသမီးအသုံးအဆောင်ပစ္စည်းတို့နှင့် ပတ်သက်၍ စီးပွားရေးလုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်ဖြစ်ပါသည်။ ပညာဉာဏ်ထက်မြက်မှုရှိနေတတ်သည်။ နိုင်ငံခြားစာပေနှင့် ဘာသာစကားတတ်ကျွမ်းမည်။ ကျန်းမာရေးတွင်ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတက်ခြင်းများဖြစ်တတ်သည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ အချစ်ရေးတွင်လူမျိုးမတူ၊ ဘာသာမတူသူတို့နှင့်ချစ်မိနေတတ်သည်။
**ယတြာ။ ။ဥပုသ်သီလစောင့်တည်သောပုဂ္ဂိုလ်အားအချိုရည်ကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရန်အခြေအနေပေးလာသည့်အတွက် လေလံဆွဲသော လုပ်ငန်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ပန်းချီ၊ ပန်းပုနှင့်ပန်းထိမ်လုပ်ငန်းများအကျိုးပေးကောင်းလာတတ်ပါသည်။ ပညာရေး ရည်ရွယ်မျှော်မှန်းချက်များ အောင်မြင်မည်။ ကျန်းမာရေးတွင် အပူလွန်ကဲသောကြောင့် ဖျားနာခြင်းတိုက်ဖွိုက်ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကောင်းမွန်နေမည်။ **ယတြာ။ ။မြေစောင့်နတ်များနှင့် ဘုရားရှင်အား ဆီမီးအလင်းရောင်ဖြင့်ပူဇော်ပါ။ လိုရာဆုတောင်းပါပြည့်လိမ့်မည်။**



**ကြာသပတေးသားသမီးများအတွက်** ကူညီပံ့ပိုးမည့်သူများပေါ်ပေါက်လာတတ်ပါသည်။ ဆန်စပါး၊ ပဲအမျိုးမျိုး နှင့်ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းများ၊ သစ်မွှေးများစီးပွားဖြစ် အောင်မြင်အကျိုးရရှိတတ်ပါသည်။ ပညာရေးကံကောင်းတတ်ပါသည်။ ကွန်ပျူတာဘာသာရပ်အကျိုးပေးမည်။ အချစ်ရေးတွင် ချစ်သူခင်သူများတတ်သော်လည်း သံသယနှင့်သဝန်တိုစိတ်များနေတတ်သည်။ ကျန်းမာရေးတွင် အဆုတ်နှင့်ပတ်သက်သောဝေဒနာသတိထားသင့်ပါသည်။
**ယတြာ။ ။အဓိဋ္ဌာန်ဖြင့်မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများသည် မျှတစွာကြည့်၍ကတိသစ္စာတည်ကြည်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ပါလျှင် အောင်မြင်မှုများရရှိတတ်ပါသည်။ ပရိဘောဂလုပ်ငန်း၊ ဇိမ်ခံပစ္စည်းများနှင့် အကျိုးဖြစ်ထွန်းတတ်ပါသည်။ ပညာရေးအတွက်ကြိုးပမ်းနေရသောကြောင့် အနည်းငယ်ပင်ပန်းနေမည်။ ကျန်းမာရေးတွင်အိပ်ပျက်ခံမှုတို့ကြောင့် မျက်ရိုးကိုက်၊ မျက်စိနာခြင်းတို့ကိုသတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးစိတ်ဝင်စားမှုအားနည်းနေသောကာလဖြစ်နေတတ်ပါသည်။
**ယတြာ။ ။ဘုရားတွင်ထန်းလျက်ပေါက်ပေါက်ဆွမ်းကပ်ပါ။**



**စနေသားသမီးများအတွက်** မူလလုပ်ငန်းနှင့်တိုးချဲ့လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ရာသီကာလနှင့်ကိုက်ညီသောလုပ်ငန်းများ၊ ယာဉ်ကားနှင့်ပို့ဆောင်ရေးလုပ်ငန်းများ၊ စက်သုံးဆီ၊ စက်ကိရိယာများ အကျိုးပေးကောင်းလာတတ်ပါသည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုရှိပြီး လုပ်ငန်းခွင်ပညာရေး အထူးအောင်မြင်နေတတ်ပါသည်။ အချစ်ရေးတွင် ရင်ခုန်စရာစိတ်လှုပ်ရှားဖွယ်ဖြစ်နေမည်။ ကျန်းမာရေးတွင် ဦးနှောက်အာရုံကြောရောဂါတို့ သတိထားပါ။
**ယတြာ။ ။ ရပ်ကွက်အတွင်း မုန့်လုံးရေပေါ်သို့မဟုတ် သကြားသာကူ လှူဒါန်း ကျွေးမွေးပြီး လိုရာဆုတောင်းပါပြည့်ပါလိမ့်မည်။**

## ရေပုသိမ်ဖွံ့ဖြိုးမှုအမျာနှင့် သက်ဆိုင်သောကုမ္ပဏီမှ ပုသိမ်မြို့နယ်တွင်းရှိ ဒေသခံတောင်သူများအား ကန်ထရိုက်လယ်ယာစနစ်စိုက်ပျိုးနိုင်ရေး ဆွေးနွေးပွဲပြုလုပ်

ပုသိမ်မြို့ပေါ်ရှိဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက် ဆိုင်သောကုမ္ပဏီသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ဒေသခံတောင်သူများဝင်ငွေတိုးပွားလာစေရန်အတွက် ကုမ္ပဏီနှင့်တောင်သူ အကျိုးတူပူးပေါင်းလျက် ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နိုင်ရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်က ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဧရာပုသိမ်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ ခရိုင်ဦးစီးမှူးဦးစိုးဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်၊ ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးအောင်၊ ပုသိမ်မြို့ပေါ်ရှိပတ်ဝန်းကျင်ကျေးရွာများမှဒေသခံတောင်သူဦးရေ ၁၀၀ ခန့် တက်ရောက်ခဲ့ပါသည်။

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကုမ္ပဏီတောင်သူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူအစုအဖွဲ့ဖွဲ့စည်းနိုင်ရေး၊ မျိုးကောင်းမျိုးသန့် များရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုလယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးပေးနိုင်မှု၊ စပါးဈေးနှုန်းအာမခံပေးမည့်ကိစ္စများ ကုမ္ပဏီမှပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အပိုင်းများကို ရှင်းလင်းဆွေးနွေး ပြောကြားပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က ပြည်တွင်း ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ပို့ကုန်ကဏ္ဍ တိုးမြှင့်တင်ပို့နိုင်ရေး ကုမ္ပဏီတောင်သူ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအပြင် မိမိတို့ဌာနဆိုင်ရာများ ဒေသအာဏာပိုင်များနှင့် ချိတ်ဆက် ဆောင်ရွက်ရမည့်ကိစ္စရပ်များအားလည်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဖျာပုံငါးရှဥ့်အဝယ်လိုက်လာ၍ ယခင်နှစ်ကထက် ဈေးပိုရလာ

ဖျာပုံမြို့နယ်မှာ ဆန်စပါးလုပ်ငန်းနဲ့ ရေထွက်ကုန်ပစ္စည်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါတယ်။ ရေထွက်ကုန်ပစ္စည်းတွေထဲက ငါးရှဥ့်ရေထွက်ကုန်ဟာ ယခုနှစ်မှာ ဈေးကွက်ဝယ်လိုအား ကောင်းလာသလို ယခင်နှစ်ကထက် ဈေးပိုရလာတာကြောင့် ငါးရှဥ့်ရှာဖွေသူ များပြားလာသော်လည်း နေ့စဉ်တင်ပို့မှုအနေနဲ့ နည်းပါးလာကြောင်း သိရပါတယ်။

"မိုးရာသီမှာ ငါးရှဥ့်လှိုင်လှိုင်ထွက်လေ့ရှိပါတယ်။ မနှစ်က နေ့စဉ်ငါးရှဥ့် အနည်းဆုံး ပိဿာချိန် ၅၀၀ ခန့် လောက်တင်ပို့နိုင်ပါတယ်။ ဒီနှစ်မှာ တစ်နေ့ကို ပိဿာချိန် ၃၀၀ လောက်ပဲ ပို့နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှာဖွေသူတွေများလာသလို ငါးရှဥ့်အနာကျတာလည်း ပါပါတယ်။ ဈေးပိုပေးပြီး အဝယ်ကလိုက်လာပေမယ့် ကုန်က ထင်သလောက် တက်မလာဘူး။ တစ်နေ့တစ်ခါ ရန်ကုန်လှိုင်သာယာဈေးကွက်ဒိုင်ကို ပို့ပါတယ်။ ငါးရှဥ့်က လှောင်ထားလို့မရဘူး။ အသေများရင် အရှုံးပေါ်တယ်လို့" ဖျာပုံမြို့၊ အောင်ကမ္ဘာငါးရှဥ့်ရောင်းဝယ်ရေးဆိုင်မှ ဦးအောင်ကျော်မိုးက ပြောပါတယ်။

မနှစ်က ငါးရှဥ့်တစ်ပိဿာကို ကျပ် ၅၄၀၀ ရှိပြီး ယခုနှစ်မှာ ကျပ် ၆၄၀၀ ဖြစ်လို့ တစ်ပိဿာကို ကျပ် ၁၀၀၀ ဈေးမြင့်လာပါတယ်။ ငါးရှဥ့်ထွက်တဲ့ ဒေသတွေကတော့ ဖျာပုံအနီးတစ်ဝိုက်ကျေးရွာများက ထွက်ရှိပြီး အများဆုံးထွက်တာကတော့ အကျိဝ၊ အကျိကရင်စု၊ ဖျာပုံတမံ၊ ပုလဲ၊ မမိုး၊ အလန်းဖလွတ်၊ ဗျိုင်းကဇီး၊ ကြက်ဖမွေးဇောင်း၊ မှော်ဘီ၊ လေးအိမ်တန်း စတဲ့ကျေးရွာများက ထွက်ရှိပါတယ်။ ဖျာပုံမြို့မှာ ငါးရှဥ့်ရောင်းဝယ်ရေးဆိုင် ၇ ဆိုင်ရှိပြီး နေ့စဉ်ပျမ်းမျှ ပိဿာချိန် ၂၀၀၀ ခန့် ရန်ကုန် ဈေးကွက်သို့ တင်ပို့နေကြောင်း သိရပါတယ်။

**မင်းဇော်မွန်/ဖျာပုံ**

## ပြည်ကောက်စောစပါးများ ရိတ်သိမ်းလျက်ရှိရာ ဈေးကောင်းရလျက်ရှိ

ပြည်ဆန်၊ စပါးဈေးကွက်ဖြစ်သော ကွင်းဈေး၊ ဆန်စက်ဈေး၊ မြို့ပေါ်ဈေးတို့တွင် ယခင်မိုးဟောင်းဧည့်မထစပါးဈေး တင်း ၁၀၀ ၄၆ ပေါင်ကိုက်ဈေးဧည့်မထစပါးဟာ ကျပ် ၅၀၀၀၀၀ ဖြင့် အဆုံးသတ်ဈေးနှုန်း ဖြစ်ပေါ်ခဲ့ပါတယ်။ ယခု မိုးစပါး(သစ်) ကောက်စော စပါးတွေ စတင်ရိတ်သိမ်းနေပြီး ဈေးကွက်တွင် ကောက်စောစပါး စတင်ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဝင်ရောက်စမှာပင် စပါးဈေးဟာ ဈေးကောင်း ရနေတာတွေ့ရပါတယ်။ စပါးဈေးကွက်မှာ စပါးဟောင်း လုံးဝမရှိသလောက်ဖြစ်ပြီး ဆန်ဟောင်းများသာ အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ ယခုထွက်ပေါ်လျက်ရှိတဲ့ ကောက်စောစပါးပေါက်ဈေးမှာ တင်း ၁၀၀ ၄၆ ပေါင်ကိုက် ဈေးကျပ် ၄၄၅၀၀၀ ဖြစ်ပြီး ကွင်းဈေးဖြစ်ကြောင်းလည်း သိရပါတယ်။ စပါးအရိုးကောင်းပြီး အစိုဓာတ် ၂၂၊ ၂၃ ရှိပါတယ်။ ဆန်သားအနေဖြင့် ဈေးနှုန်းများကတော့ ဆင်းသွယ် ကျပ် ၂၂၀၀၀၊ ရတနာတိုးနှင့် မနောသုခကတော့ ကျပ် ၂၁၀၀၀ ဖြင့် ဆန်တစ်အိတ်ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်းလည်း သိရပါတယ်။ ယခုအချိန်သည် အရောင်းအဝယ်သမားများ စပါးစုသောကာလဖြစ်တာကြောင့် အရောင်းအဝယ်အေးနေကြောင်း ဆန်စပါး ရောင်းဝယ်ရေးသမားတစ်ဦးက ဆိုပါတယ်။ ယခင်နှစ်ကောက်စောပေါ်စ စပါးဈေးဟာ ကျပ် ၃၇၀၀၀၀ လောက်သာရပြီး ယခုနှစ်ကောက်စောပေါ်စစပါး ဈေးဟာ ကျပ် ၄၄၅၀၀၀ မှ ကျပ် ၄၆၀၀၀၀ ထိ ပေါက်နေတာကြောင့် စပါးတင်း ၁၀၀ ပေါ်တွင် ကာလတူနှိုင်းယှဉ်ချက်အရ ကျပ် ၇၅၀၀၀ မှ ကျပ် ၉၀၀၀၀ ထိပိုမိုရရှိကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

## မတ်ပဲဈေးဆက်တိုက်ကျဆင်းမှုကြောင့် နှမ်းစပါးစိုက်ဧကတိုးလာနိုင်

ဟသ်ာတမြို့တွင် မတ်ပဲတစ်တင်းဈေးနှုန်းသည် စက်တင်ဘာလပထမပတ်တွင်ကျပ် ၂၁၀၀၀ ရှိခဲ့ရာမှ တဖြည်းဖြည်းကျဆင်းလာရာ စတုတ္ထပတ်တွင် ကျပ် ၁၉၅၀၀၊ ယခု အောက်တိုဘာလ ဒုတိယပတ်တွင်ကျပ် ၁၇၀၀၀ ထိ ကျဆင်းသွားခဲ့ကြောင်းသိရသည်။ ဆန်ဈေးမှာ ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ၊ ဆန်ကွဲတစ်အိတ်ဈေးနှုန်းမှာကျပ် ၁၅၅၀၀ ထိဖြစ်လာသဖြင့် တောင်သူများအနေဖြင့် ယခု မိုးစပါးရိတ်သိမ်းပြီးချိန်တွင် သီးထပ်အဖြစ် မတ်ပဲကို အဓိက စိုက်ပျိုးရာမှ ပိုမိုတွက်ချေကိုက်သော နှမ်းစပါးကိုပိုမိုစိုက်ပျိုးလာနိုင်ကြောင်းသိရှိရသည်။ ဟသ်ာတမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ နှမ်းစပါးစိုက်ဧက ၁၀၆၂ ဧကခန့် စိုက်ပျိုးခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ရှိပြီးသား လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြစ်သည့် ဒူးယားကျေးရွာ လျှပ်စစ်မြစ်ရေတင်၊ မြို့ကွင်းကျေးရွာလျှပ်စစ်မြစ်ရေတင်၊ နတ်မော်ကျေးရွာ လျှပ်စစ်မြစ်ရေတင်များအား စနစ်တကျ ပြန်လည်ဆောင်ရွက် ပါကတောင်သူများအနေဖြင့် နှမ်းစပါးစိုက်ပျိုးရာတွင် ပိုမိုအဆင်ပြေစေနိုင်ကြောင်းနှင့် ကျေးရွာများရှိ အင်း၊ အိုင်၊ ချောင်းအစပ်များတွင် မုရင်းစပါးများ စိုက်ပျိုးခြင်းကိုဆောင်ရွက်မည်ဖြစ်သဖြင့် ယခုနှစ်နှမ်းစပါးစိုက်ဧကများ တိုးတက်လာနိုင်ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

# တရုတ်ရိုးရာဖက်ထုပ် ကြိုက်နှစ်သက်သူများအတွက် Paradise Dynasty စားသောက်ဆိုင်သစ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်

တရုတ်ရိုးရာဖက်ထုပ် ကြိုက်နှစ်သက်သူများအတွက် အရသာ ၈ မျိုးပါဝင်သော ရှောက်လုံးပေါင်းကိုယူဆောင်လာသည့် Paradise Dynasty စားသောက်ဆိုင်သစ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ စားသောက်ဆိုင်ကို ရန်ကုန်မြို့၏ အချက်အချာနေရာ ဖြစ်သော Junction Square Extension မြေညီထပ်တွင် ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး အစားအသောက်ခုံမင်သူများ၊ အသစ်အဆန်းကို ကြိုက်နှစ်သက်သူများအတွက် သင့်တော်သည့်နေရာ တစ်ခုလည်းဖြစ်သည်။

"အာရှနိုင်ငံတစ်လွှားက စားသုံးသူတွေအတွက် အမြဲဆန်းသစ်ပြီး အရသာကောင်းတဲ့ အစားအသောက်တွေကိုယူဆောင်လာပေးဖို့ Paradise Group က ရည်မှန်းထားပါတယ်။ အခု ရန်ကုန်မှာဖွင့်တဲ့ဆိုင်ကလည်း ကမ္ဘာတစ်လွှားမှာရှိတဲ့ ဆိုင်တွေထဲက ၃၃ ဆိုင်မြောက် ဆိုင်ခွဲလည်းဖြစ်ပါတယ်။ စားသုံးသူတွေအတွက် တရုတ်တော်ဝင်ဟင်းလျာတွေကို ဝန်ဆောင်မှုပေးရတဲ့အတွက် ဝမ်းမြောက်ရပါတယ်။ ပြည်တွင်းက စားသုံးသူတွေကို ဆွဲဆောင်နိုင်ပြီး အမှတ်တရဖြစ်စေမယ့် အတွေ့အကြုံတစ်ခုအဖြစ် ဖန်တီးပေးမယ်လို့ ယုံကြည်ပါတယ်"ဟု Paradise Group Holding ၏ Head of Business Development ဖြစ်သူ Joyce Lao က ပြောသည်။

အဆိုပါ စားသောက်ဆိုင်တွင် တရုတ်ရိုးရာ အထင်ကရဟင်းလျာများအပြင် အရသာရှစ်မျိုးရှိ ရှောက်လုံးပေါင်း (မူလအရသာ၊ ဂျင်ဆင်း၊ ငန်းအသည်း၊ ရှားပါးမှိုနက်၊ ဂဏန်းဥ၊ ချိစ်၊ ကြက်သွန်ဖြူ၊ စီချွမ်အရသာ)၊ ပိုးသားပမာနူးညံ့သည့် La Mian ခေါက်ဆွဲနှင့် အချိုပွဲအမျိုးမျိုးတို့ကို ရွေးချယ်စားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Paradise Dynasty စားသောက်ဆိုင်ကို နှစ်ချိန်ခွဲ၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁ ရက်နေ့မှစတင်၍ တစ်ချိန်တည်း (နေ့လယ် ၁၁ နာရီမှ ည ၁၁ နာရီအထိ) ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# ပဥ္စမအကြိမ်မြောက် ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ ကုန်သွယ်မှုပြပွဲ ကျင်းပ

ပဥ္စမအကြိမ်မြောက် ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ ကုန်သွယ်မှုပြပွဲကို အောက်တိုဘာလ ၁၂ ရက်နေ့တွင် မင်းဓမ္မလမ်းရှိ MEP တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲကို အဆောက်အဦး နှင့် ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ သတ္တု တူးဖော်ရေးနှင့် ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အောက်တိုဘာ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆွဲဆောင်နိုင်မှုရှိတဲ့ ဒီနိုင်ငံမှာ ဈေးကွက်အသစ်တွေနဲ့ ထိတွေ့ကြည့်ဖို့ သစ်လွင်တဲ့စက်ပစ္စည်း၊ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို မိတ်ဆက်ပေးဖို့နဲ့ စီးပွားရေးလုပ်ငန်းအသစ်တွေ ဖော်ဆောင်ဖို့ ပြည်တွင်း၊ ပြည်ပက ကုမ္ပဏီတွေကို ဖိတ်ခေါ် ချင်ပါတယ်။ ဒီလိုပြပွဲတွေက စီးပွားရေးဖွံ့ဖြိုးမှုကို တိုးမြှင့်စေတဲ့အပြင် နိုင်ငံအတွက်လည်း ကြီးမားတဲ့အကျိုးကျေးဇူးကို ရရှိမှာပါ"ဟု UMFCCI မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ပြပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ပါဝင်ပြသသူ ၁၃၀ အပြင် တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ ကိုရီးယား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲ ခြောက်ခန်းဖြင့် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ဒါ့အပြင် အရည်အသွေးမြင့် အဆောက်အအုံများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မရှိမဖြစ် လိုအပ်ကြောင်းနှင့် ဂျပန်နိုင်ငံမှ မည်သို့ကူညီနိုင်မည်ကို ပြည်တွင်းမှ လုပ်ငန်းရှင်များသို့ပြောကြားရန် အတွက် "Dialogue for Quality Infrastructure Building Asia's Future" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ပါရမီကောလိပ်မှ ဦးစီးကျင်းပမည့် "Drop to Educate" ပွဲအတွက် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

ပါရမီကောလိပ်မှ ဦးစီးကျင်းပမည့် "Drop to Educate" ပွဲအတွက် လှူဒါန်းလိုသော ပစ္စည်းများကို ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

"Drop to Educate" ပွဲမှာ ပါရမီကောလိပ်အတွက် ရန်ပုံငွေရှာဖွေရေးပွဲတစ်ခုဖြစ်ပြီး ပစ္စည်းကောက်ခံခြင်းနှင့် ပစ္စည်းများရောင်းချခြင်းဟူ၍ အပိုင်း ၂ ပိုင်း သတ်မှတ်ထားကြောင်း သိရသည်။

"ဒီကရတဲ့ရန်ပုံငွေတွေကို ပညာသင်ဆုအဖြစ် အသုံးပြုသွားမှာပါ။ အဲဒါကြောင့် ရန်ပုံငွေရရှိဖို့အတွက် ပစ္စည်းပဲဖြစ်ဖြစ်၊ လူသုံးကုန်ပဲဖြစ်ဖြစ် လှူဒါန်းလို့ရပါတယ်။ ကောင်းမှလှူရမယ်လို့ မဆိုလိုပါဘူး။ ဟောင်းနေလည်းရပါတယ်။ ရောင်းချတဲ့အခါကျရင်လည်း လူတိုင်းလာရောက်ပြီး စိတ်ကြိုက်ဝယ်ယူနိုင်ပါတယ်"ဟု ပါရမီကောလိပ်မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာကျော်မိုးထွန်းက ပြောသည်။

သူကပဲဆက်ပြီး "ဒီပွဲကနေ ရန်ပုံငွေသိန်း ၅၀ လောက်ရဖို့ မျှော်မှန်းထားပါတယ်။ ရန်ပုံငွေကိုအသုံးပြုပြီး ပါရမီရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ 'အနာဂတ်လူငယ်ခေါင်းဆောင်များ ပျိုးထောင်ရန်နဲ့ စွမ်းရည်ထက်မြက်တဲ့ ပြုပြင်ပြောင်းလဲနိုင်သူများ ဖန်တီးရန်'တို့အတွက် အသုံးပြုသွားမှာပါ"ဟု ပြောသည်။

"Drop to Educate" ပွဲအတွက် ပစ္စည်းကောက်ခံရာတွင် နေအိမ်များ၌ မလိုအပ်သောပစ္စည်းများ၊ ဟောင်းနေလည်း ကောင်းနေဆဲ အီလက်ထရောနစ်ပစ္စည်းများ၊ မီးဖိုချောင်သုံး၊ အိမ်သုံးပစ္စည်းများ၊ စာအုပ်နှင့် အဝတ်အစားများကိုပါ လက်ခံခြင်းဖြစ်ပြီး ပစ္စည်းများကို ဓာတ်ပုံရိုက်၍ ပါရမီကောလိပ်သို့ ဆက်သွယ်ပါက ပစ္စည်းများလာရောက်သယ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ လာရောက်လှူဒါန်းလိုသူများအနေဖြင့်လည်း ကျုံ့ဟွာရွှေဆိုင်၊ Ci Ci ဖက်ရှင်ဆိုင်နှင့် ပါရမီကောလိပ်တို့တွင် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေပွဲအတွက် ပစ္စည်းကောက်ခံခြင်းကို စက်တင်ဘာလကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာလကုန်အထိလက်ခံသွားမည်ဖြစ်ကြောင်း၊ နောက်ဆုံး သတ်မှတ်ရက်နောက်ပိုင်းတွင်လည်း လှူဒါန်းလိုသောပစ္စည်းများရှိပါက ဒီဇင်ဘာ ၈ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းထားသည့်ပစ္စည်းများ ပြန်လည်ရောင်းချမည့် "Drop to Educate" ပွဲကိုမူ ဒီဇင်ဘာလ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့တို့တွင် ရွှေဂုံပလာဇာ၊ တတိယထပ်ရှိ ပါရမီကောလိပ်တွင် နေ့လယ် ၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# NIM ကျောင်း၏ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝင်ခွင့် ၅၀ ရာနှုန်း သက်သာစေရန် MSI တွင် အခမဲ့လျှောက်ထားနိုင်

စင်ကာပူနိုင်ငံရှိ Nanyang Institute of Management(NIM) ကျောင်း၏ ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝင်ခွင့်များ သက်သာစေရန်အတွက် MSI တွင် အခမဲ့ဆွေးနွေးလျှောက်ထားနိုင်ပြီဖြစ်သည်။

NIM ၏ November Intake တွင် ကျောင်းအပ်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးအဖြစ် SGD 2000 နှင့် ကျောင်းဝင်ကြေး ၅၀ ရာခိုင်နှုန်း သက်သာစေမည်ဖြစ်ပြီး Postgraduate Diploma in Engineering Management Program ကို အချိန်တိုတိုဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်သည်။

အဆိုပါ Diploma in Construction Engineering ဘာသာရပ် အောင်မြင်ပြီးသူများအနေဖြင့် အမေရိကန်နိုင်ငံရှိ Trine University၊ ဩစတြေးလျနိုင်ငံရှိ University of South Australia၊ La Trobe University၊ Griffith University၊ University of Newcastle နှင့် ယူကေနိုင်ငံရှိ University of the West of Scotland တို့တွင် Civil Engineering ဘွဲ့ကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဆက်လက် တက်ရောက်နိုင်မည့် အခွင့်အရေးများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပရိဂရမ်၏ အားသာချက်မှာ မြန်မာနိုင်ငံတွင် Computer, Chemistry, Physics, English အစရှိသော မေဂျာရပ်များဖြင့် ဘွဲ့ရရှိထားသော်လည်း Project Management, Technopreneurship သာသာရပ်များနှင့် Management ဘာသာရပ်များကို စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ ဘာသာရပ်များအတွက် အချိန်ကာလ ခြောက်လသတ်မှတ်ထားပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုပါ ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# လေးကြိမ်မြောက် MCPA Quiz 2017 နိုင်ငံအဆင့်ပြိုင်ပွဲ ကျင်းပ

လေးကြိမ်မြောက် MCPA Quiz 2017 နိုင်ငံအဆင့်ပြိုင်ပွဲကို အောက်တိုဘာလ ၈ ရက်နေ့တွင် MICT Park ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာ ကောလိပ်များနှင့် တက္ကသိုလ်များ၊ အခြားတက္ကသိုလ်၊ ကောလိပ်များနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသူ၊ ကျောင်းသားများ အိုင်တီပညာရပ်ကို စိတ်ဝင်စားမှုပိုမိုလာစေရန်၊ အရည်အသွေးပြည့်ဝလာစေရန်နှင့် အိုင်တီဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရန်၊ အဖွဲ့လိုက်ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် Team Work လုပ်ကိုင်တတ်စေရန်၊ နိုင်ငံတကာအသိအမှတ်ပြု အိုင်တီစာမေးပွဲများ ဖြေဆိုရာတွင် အဆင်သင့်ဖြစ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အိုင်စီတီက တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အဲ့ဒါကို အသုံးပြုမယ့် ပရော်ဖက်ရှင်နယ်တွေလည်းလိုအပ်ပါတယ်။ အိုင်စီတီ ကဏ္ဍတိုင်းမှာ အသုံးပြုမယ့် ICT Professional တွေက လိုနေတာပါ။ ဒီနေ့ပြိုင်ပွဲကလည်း ပြည်နယ်/တိုင်းတွေက လူတွေထဲက ထူးချွန်သူတွေထွက်ပေါ်လာအောင် ရွေးချယ်ပေးတာပါ။ ဒီပွဲတွေကနေ ပညာရှင်တွေရရှိဖို့အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမှာပါ။ နောက်ဆုံးအဆင့်ပြိုင်ပွဲမှာ ဆုမရခဲ့ရင်လည်း ကျောင်းပြီးသွားချိန်မှာ အိုင်စီတီနယ်ပယ်ထဲဝင်ရောက်ဖို့အတွက် အခွင့်အလမ်းတွေ ရရှိသွားမှာပါ။ အဲဒါကြောင့် မြန်မာနိုင်ငံအတွက် လိုအပ်တဲ့ လိုအပ်နေတဲ့ ပရော်ဖက်ရှင်နယ်တွေအတွက် ကွန်ပျူတာတက္ကသိုလ်က ကျောင်းသားတွေကို မျှော်လင့်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံရဲ့ ICT Industry မှာ ဝင်ရောက် အလုပ်လုပ်ကိုင်နိုင်ဖို့အတွက်လည်း ပံ့ပိုးပေးသွားပါမယ်" ဟု မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောသည်။

Quiz 2017 နိုင်ငံအဆင့်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု အိုင်တီစာမေးပွဲများ ဝင်ရောက်ဖြေဆိုရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် MCPA အသင်းမရှိသေးသည့် ဝေးလံဒေသမှ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် Online Exam ပြုလုပ်ပေးထားကြောင်း သိရသည်။ **ချောစု**

# တရားဝင်လုပ်ကိုင်ခွင့်မရှိသော ကုမ္ပဏီများကို ပြည်သူများ ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် အစိုးရပြောကြား

တရားဝင်လုပ်ကိုင်ခွင့်မရှိသော ငွေကြေးဝန်ဆောင်မှုကုမ္ပဏီများ၊ အစုရှယ်ယာရောင်းချခွင့်မရှိသော ကုမ္ပဏီများကို ပြည်သူများဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန်နှင့် အတိုးနှုန်းမြင့်မားစွာ ပေးမှုများ၊ အစုရှယ်ယာအပေါ် အမြတ်ဝေစုများပြားစွာ ခွဲဝေပေးမှုများ၊ ဆင့်ပွားဈေးကွက်ပုံစံဖြင့် မက်လုံးပေးမှု (Multi-Level Marketing) များကို အထူးသတိပြုရှောင်ရှားကြရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဗဟိုဘဏ်တို့မှ ပန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ယခုအခါ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ခွင့်မရှိဘဲ လုပ်ဆောင်နေသူများ၊ အစုရှယ်ယာရောင်းချခွင့်မရှိဘဲ ရောင်းချနေသူများကြောင့် အချို့နေရာဒေသများတွင် မသိနားမလည်သူပြည်သူများသည် မှားယွင်းရင်းနှီးမြှုပ်နှံမိရာမှ ငွေကြေးနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ကို ကြားသိရကြောင်း၊ အလားတူလုပ်ဆောင်မှုများကို ၂၀၁၂-၂၀၁၃ ခုနှစ်များကလည်း တွေ့ရှိခဲ့ရကြောင်း သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံပိုင်ဘဏ် ၄ခုအပါအဝင် စုစုပေါင်းဘဏ် ၂၈ ခုနှင့် ငွေကြေးဝန်ဆောင်မှုကုမ္ပဏီ ၁၅ ခုကိုလည်းကောင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ကြီးကြပ်စစ်ဆေးနေကြောင်း၊ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဥပဒေအရ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း ၁၆၈ခုကို လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ကြီးကြပ်စစ်ဆေးနေကြောင်းသိရပြီး အဆိုပါကုမ္ပဏီ၊ ဘဏ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများနှင့်သာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ပြည်သူများထံသို့ ပြောကြားချက် ထုတ်ပြန်ထားသည်။

ထို့ပြင် ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီ ၆ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ကြီးကြပ်စစ်ဆေးနေကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေအရနိုင်ငံပိုင်အာမခံကုမ္ပဏီတစ်ခုအပါအဝင် ကုမ္ပဏီ ၁၂ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ကြီးကြပ်စစ်ဆေးနေကြောင်း၊ အဆိုပါကုမ္ပဏီများနှင့်သာ ငွေကြေး ဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

# "ဘေးကင်းသည့် အင်တာနက် အသုံးပြုမှု" အသိပညာပေးအစီအစဉ်ကို တယ်လီနောမြန်မာပြုလုပ်

လူငယ်များနှင့် ကျောင်းသူကျောင်းသားများ အင်တာနက်အသုံးပြုရာတွင် ဘေးကင်းလုံခြုံစွာဖြင့် အသုံးပြုတတ်စေရန်ရည်ရွယ်ပြီး 'ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု' အသိပညာပေးအစီအစဉ်ကို တယ်လီနော မြန်မာက ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအစီအစဉ်ကို အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့၊ ဒဂုံ အ. ထ. က (၁) ကျောင်းတွင် ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများတွင်လည်း ဆက်လက် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

" ပိုမိုကောင်းမွန်တဲ့ အင်တာနက် အသုံးပြုမှုဝန်းကျင် ဖြစ်ပေါ်လာနိုင်ဖို့အတွက် အသုံးပြုသူတွေကလည်း တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်ကူညီကြဖို့လိုအပ်ပါတယ်။ ဒီရည်ရွယ်ချက်ကို 'ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု' အသိပညာပေးအစီအစဉ်တွေကနေတစ်ဆင့် ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပြီး ဒီနှစ်အကုန်မှာ ကျွန်တော်တို့အနေနဲ့ ကျောင်းသူကျောင်းသားတွေ၊ လူငယ်တွေ၊ မိဘတွေ အနည်းဆုံး ၇၀၀၀၀ ခန့်ကို အသိပညာပေးနိုင်မယ် လို့ ခန့်မှန်းထားပါတယ်"ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သောလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံ ဦးမင်းသူက ပြောကြားသည်။

'ဘေးကင်းသည့် အင်တာနက် အသုံးပြုမှု' အစီအစဉ်များတွင် ပညာရေးနှင့် ပတ်သက်၍ အင်တာနက်၏ အကျိုးကျေးဇူးများ၊ အချက်အလက်များ ခိုးယူခံရခြင်း၊ ဒစ်ဂျစ်တယ် အနိုင်ကျင့်မှုများ၊ အင်တာနက်အခြေပြု လိင်ခေါင်းပုံဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းစာတိုပေးပို့မှုများ၊ အမုန်းစကားများ ဖြန့်ဖြူးခြင်းစသည့် အွန်လိုင်းပေါ်တွင် ကြုံတွေ့နိုင်သော ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို ဟောပြောခြင်းအပါအဝင် အွန်လိုင်းတွင် လုံခြုံစိတ်ချစွာ မည်သို့နေထိုင်ရမည်ဆိုသော အချက်အလက်များကို မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ 'ဘေးကင်းလုံခြုံသည့် အင်တာနက် အသုံးပြုမှု' အစီအစဉ်ဟောပြောမှုများကို ၂၀၁၆ခုနှစ်၊ဩဂုတ်လက စတင်ခဲ့ပြီး ရန်ကုန်မြို့ရှိ အစိုးရနှင့် ပုဂ္ဂလိကအထက်တန်းကျောင်းများ၊ မန္တလေးမြို့ရှိ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ပြည်တွင်း၌ Myanmar International Tourism Expo ကို ပထမဦးဆုံးအကြိမ်အဖြစ် ပြုလုပ်မည်

Myanmar International Tourism Expo(MITE)ပြပွဲကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြပွဲကို စီစဉ်သည့် ICVex ကုမ္ပဏီထံမှ သတင်းရရှိသည်။

နိုင်ငံတကာ ခရီးသွားလုပ်ငန်းများအတွက် မြန်မာနိုင်ငံတွင်းရှိ ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်နိုင်ရုံသာမက ပြည်တွင်းခရီးသွားကုမ္ပဏီများအတွက် ခရီးစဉ်သစ်များအပြင် အထူးပရိုမိုးရှင်း ဈေးနှုန်းများရရှိနိုင်စေရန် ရည်ရွယ်၍ အဆိုပါပြပွဲကို ရန်ကုန်မြို့၊ တပ်မတော်ခန်းမ၌ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ နိုင်ငံတကာခရီးသွားတွေ စိတ်အဝင်စားဆုံးနေရာတွေထဲက တစ်ခုဖြစ်လာပြီး မြန်မာနိုင်ငံသားတွေကလည်း ပြည်ပခရီးတွေကို သွားရောက်မှု ပိုမိုများပြားလာပါတယ်။ ဒါကြောင့် အခုပြပွဲကို စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒီပြပွဲမှာ ပါဝင်တဲ့ကုမ္ပဏီတွေက ခရီးသွားချင်တဲ့သူတွေအတွက် စိတ်ဝင်စားဖွယ်အစီအစဉ်တွေ ပြုလုပ်ပေးထားသလို မြန်မာခရီးသွားကုမ္ပဏီတွေအတွက်လည်း သူတို့ရဲ့လုပ်ငန်းတွေ ပိုမို တိုးချဲ့နိုင်ဖို့ နိုင်ငံတကာ အဆက်အသွယ်ကောင်းတွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်"ဟု ICVex ၏ Project Manager ဖြစ်သူ Mr.Ajinveat Vhongthong က ပြောသည်။

Myanmar International Tourism Expo ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း (UMTA) နှင့် Tourism Authority of Thailand တို့က အဓိက ကူညီပံ့ပိုးပေးထားပြီး ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၁၀၀ ကျော်နှင့်အတူ ခရီးစဉ်သစ်များ၊ ပရိုးမိုးရှင်းအစီအစဉ်များကို မိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"MITEမှာ ပါဝင်ပြသလိုတဲ့ ခရီးသွားကုမ္ပဏီတွေအနေနဲ့ နိုဝင်ဘာ ၁၅ ရက်မတိုင်ခင် ကြိုတင်စာရင်းပေးသွင်းမယ်ဆိုရင် ပြခန်းခရဲ့၁၀ ရာခိုင်နှုန်းကို လျှော့ဈေးရရှိမှာဖြစ်သလို ICVeX ရဲ့ တရားဝင်ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ www.icvex.com မှာ စာရင်းပေးသွင်းနိုင်ပါတယ်"ဟု Mr. Ajinveat Vhongthong က ဆက်လက်ပြောကြားသည်။

၂၀၁၄ ခုနှစ်မှစတင်ကာ Myanmar Retail Source Expo၊ Myanmar HoReCa၊ Myanmar Medi Health၊ Myanmar International Food & Beverage နှင့် Myanmar Build & Decor စသည့် ပြပွဲများကို ICVeX ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် စီစဉ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

# ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်း အထိဝင်ရောက်ရန် ရည်မှန်းထား

နိုင်ငံတကာ ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်းအထိ ပြည်တွင်းသို့လာရောက်လည်ပတ်ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောကြားသည်။

" ၂၀၁၇ မှာ ခရီးသွားဧည့်သည် ၃ သန်းခွဲလောက် မှန်းထားတယ်။ အခုတော့ ၂ သန်းကျော်လောက် ဝင်ရောက်ပြီးသွားပါပြီ"ဟု ဦးသက်လွင်တိုးက ပြောကြားသည်။




မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် တိုင်းပြည်၏အဖွံ့ဖြိုးဆုံးကဏ္ဍတွင်ပါဝင်လာပြီး ၂၀၁၆ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၃သန်းခန့်ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုနှုန်း မြင့်မားနေကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် နိုင်ငံ၏ဂျီဒီပီကို ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်မားစေခဲ့ပြီး ကမ္ဘာ့ခရီးသွားကောင်စီ၏ခန့်မှန်းချက်အရ ခရီးသွားလုပ်ငန်းမှ တိုင်းပြည်၏ ဂျီဒီပီကို ၂၀၁၇ မှ ၂၀၂၆ အထိ နှစ်စဉ် ၇ ဒသမ ၈ ရာခိုင် နှုန်းတိုးတက်စေနိုင်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၂ ခုနှစ်မှစတင်ကာ ပြည်တွင်းခရီးသွားများ ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်နှုန်း မြင့်မားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြည်ပသို့ သွားရောက် လည်ပတ်သူ ၁ သန်းခန့်ရှိကြောင်း၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ အများဆုံးသွားရောက်လည်ပတ်ခဲ့ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်း၏ ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာဗျူဟာအရ ၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာဧည့်သည် ၇ ဒသမ ၅ သန်းထိ လာရောက်မှုမြင့်တက်စေရန် ရည်မှန်းထားကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းတင်ပြသည်။

## မြို့ကြီးများ၏ ၁၆-၁၀-၂၀၁၇ မှ ၂၀-၁၀-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၆-၁၀-၂၀၁၇) | အင်္ဂါ(၁၇-၁၀-၂၀၁၇) | ဗုဒ္ဓဟူး(၁၈-၁၀-၂၀၁၇) | ကြာသပတေး(၁၉-၁၀-၂၀၁၇) | သောကြာ(၂၀-၁၀-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၄၀% ၃၀°C/၈၆°F | ၇၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | ၈၀% ၃၁°C/၈၈°F | ၇၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၄၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| လားရှိုး | ၈၀% ၂၇°C/၈၁°F | ၃၀% ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F | ၄၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၆၀% ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်ထူထပ် ၂၆°C/၇၈°F | ၄၀% ၂၇°C/၈၁°F | ၄၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၆၀% ၂၇°C/၈၀°F | ၄၀% ၂၆°C/၇၉°F | ၅၀% ၂၆°C/၇၈°F | ၅၀% ၂၆°C/၇၈°F | ၆၀% ၂၆°C/၇၉°F |
| တောင်ကြီး | နေသာ ၂၂°C/၆၃°F | နေသာ ၁၈°C/၆၇°F | နေသာ ၁၇°C/၆၈°F | တိမ်အသင့်အတင့် ၁၆°C/၇၀°F | နေသာ ၁၆°C/၆၁°F |
| မော်လမြိုင် | ၅၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၇°F |
| ဘားအံ | ၃၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F |
| ထားဝယ် | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| မုံရွာ | ၇၀% ၃၂°C/၈၉°F | ၇၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F |
| ပုသိမ် | ၆၀% ၃၀°C/၈၆°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| မြိတ် | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F |
| စစ်တွေ | ၅၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| မကွေး | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| ဖလမ်း | ၆၀% ၂၂°C/၇၂°F | ၅၀% ၂၂°C/၇၁°F | ၅၀% ၂၁°C/၆၉°F | ၄၀% ၂၁°C/၆၉°F | ၆၀% ၂၁°C/၇၀°F |

# ဗီယက်နမ်နိုင်ငံတွင် ခွန်နန်းတိုင်ဖွန်းမုန်တိုင်းကြောင့် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး ၄၅ ဦးသေဆုံးကာ အများအပြား ပျောက်ဆုံးနေ

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် အောက်တိုဘာ ၁၀ ရက်က ခွန်နန်းအမည်ရှိ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်ခဲ့မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုကျမှုများဖြစ်ပွားခဲ့ပြီး လူပေါင်း ၄၅ ဦးသေဆုံးကာ ၃၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း Accu Weather သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။


တိုင်ဖွန်းမုန်တိုင်း ခွန်နန်းသည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၃၁ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်းသုံးသောင်းကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် ကောက်ပဲသီးနှံများ၊ မွေးမြူရေးလုပ်ငန်းများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဗီယက်နမ်နိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ အာဏာပိုင်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းမှ ကယ်ဆယ်ရေးလုပ်သားများသည် ပျောက်ဆုံးနေသူများအား ကြိုးစားရှာဖွေလျက်ရှိနေကြောင်း၊ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သည့် မုန်တိုင်းများအနက် ယခုတစ်ကြိမ် တိုက်ခတ်သည့် မုန်တိုင်းသည် အင်အားအပြင်းထန်ဆုံးနှင့် အဆိုးရွားဆုံးသော မုန်တိုင်းပင်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ငုယင်ရှန်ချောင်က နိုင်ငံပိုင်ရုပ်သံသို့ ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိသည့်အချိန်တွင် ဟွာဘင်းပြည်နယ် အနောက်မြောက်ပိုင်းရှိ ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးသော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် ဟွာဘင်းရေလှောင်တမံမှ ရေများကို ဖောက်ထုတ်ခဲ့ရကြောင်း၊ အဆိုပါရေလှောင်တမံရှိ ရေတံခါးရှစ်ခုစလုံးကို ဖွင့်ချခဲ့ရပြီး ဆည်အတွင်းမှ ရေများကို ဖောက်ထုတ်ခဲ့ရကြောင်း၊ ယခုကဲ့သို့ ဆည်အတွင်းမှ ရေများကိုဖောက်ထုတ်ရခြင်းသည် ယခုနှစ်အတွင်း ပထမဦးဆုံးအကြိမ်ပင်ဖြစ်ကြောင်း ဗီယက်နမ်ရုပ်သံ၏သတင်းတွင် ဖော်ပြထားသည်။

ဆည်အတွင်းမှရေများကို ဖောက်မထုတ်မီ အစိုးရက အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့သည်။



## တရုတ်နိုင်ငံ အလယ်ပိုင်းဟူဘေး ပြည်နယ်တွင် ယန်စီမြစ်လက်တက်များမှ မြစ်ရေများ လျှံတက်မှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိ

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ယန်စီမြစ်လက်တက်များမှ မြစ်ရေများ လျှံတက်လျက်ရှိရာ အဆိုပါပြည်နယ်အတွင်းရှိမြို့များမှ ပြည်သူပေါင်း ၄၃၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အထူးသဖြင့် ယန်စီမြစ်အတွင်းသို့ စီးဝင်သည့် ဟန်ယန်းမြစ်၏ မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိလာနိုင်သဖြင့် ဟူဘေးပြည်နယ်အစိုးရက အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။ ဟူဘေးပြည်နယ်ရှိ အချို့သော ဒေသများတွင် အောက်တိုဘာလ ၁ ရက် တရုတ်အမျိုးသားနေ့ကတည်းကပင် ရေလွှမ်းမိုးခြင်းကို ခံနေခဲ့ရသည်ဟု ဆိုသည်။

ထို့ပြင် အောက်တိုဘာ ၁၃ရက်တွင် ဟူဘေးပြည်နယ်ရှိ အကြီးဆုံးသော ရေလှောင်တမံကြီးခုနစ်ခု၏ ရေဝင်ရောက်မှုပမာဏမှာ သတ်မှတ်ရေပမာဏအထက်သို့ ရောက်ရှိနေသဖြင့် စိုးရိမ်ရသည့်အနေအထားတွင်ရှိနေသည်ဟုဆိုသည်။

အထူးသဖြင့် ဟူဘေးပြည်နယ်ရှိ Danjiangkou ရေလှောင်တမံတွင် ရေဝင်ရောက်မှုပမာဏမှာ အောက်တိုဘာ ၁၃ ရက် ည ၈ နာရီတွင် ကုဗမီတာ ၇၄၆၀ရှိကြောင်း၊ အဆိုပါရေလှောင်တမံ၏ ရေလက်ခံနိုင်မှုပမာဏမှာ ကုဗမီတာ ၆၁၈၀ သာရှိကြောင်း၊ ထို့ကြောင့် ရေလှောင်တမံအနီးတွင် နေထိုင်ကြသူများအနေဖြင့် အထူးသတိပြု၍နေထိုင်ကြရန် ထုတ်ပြန်ကြေညာထားသည်ဟုဆိုသည်။

ထို့ပြင် ယခုတစ်ပတ်အတွင်း တောင်တရုတ်ပင်လယ်မှ ဗီယက်နမ်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ခွန်နန်းသည် တရုတ်နိုင်ငံအလယ်ပိုင်းကိုပါ ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသဖြင့် ဟူဘေးပြည်နယ်ရှိ ရေလှောင်တမံများမှ ရေများ ဖောက်ထုတ်ရမည့် အခြေအနေတွင်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ ရေလှောင်တမံမှ ရေများ ဖောက်ထုတ်လိုက်မည်ဆိုပါက ရေလွှမ်းမိုးမှုသည် အဆိုးရွားဆုံးအခြေအနေသို့ ဆိုက်ရောက်သွားနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

ရေလွှမ်းမိုးမှုများနှင့် မြေပြိုကျမှုများကြောင့် စပါးစိုက်ဧရိယာ ဟက်တာပေါင်း ၂၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး ကျွဲ၊ နွား၊ ဝက် စသည့်တိရစ္ဆာန်ပေါင်း ၁၈၀၀၀၀ ခန့် ပျက်စီးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ထိုင်းနိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လယ်ယာစိုက်ပျိုးမြေဧရိယာဟက်တာပေါင်း ငါးသိန်းနီးပါး ပျက်စီးခဲ့ရသည်ဟုဆိုသည်။

**မယ်သီတာ**

## စွန့်ဦးစီးပွားစွမ်းဆောင်မှုပညာသင်တန်းတွင် မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ပြည်တွင်းကုန်သွယ်မှု ပမာဏမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်းရုံးခန်းမတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် စွန့်ဦးစီးပွား စွမ်းဆောင်မှုပညာသင်တန်းတွင် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက အောက်တိုဘာလ ၁၀ ရက်က ပြည်တွင်းကုန်သွယ်မှုပမာဏ မြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင်မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းကပြည်တွင်းကုန်သွယ် မှုပမာဏ မြှင့်တင်ရေး၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်စက်လုပ်ငန်းများတွင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူထံ ရောက်သည်အထိ လုံခြုံစိတ်ချဘေးကင်းစွာ ရောင်းချနိုင်ရေးတို့ကို ဆွေးနွေး ပြောကြားခဲ့ပြီး ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူ အခွင့်အရေး၊ လုပ်ငန်းရှင်၏ အခွင့်အရေးစည်းမျဉ်းစည်းကမ်းများနှင့် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

ထိုသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၁၈ ဦး တက်ရောက်ပြီး တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် ခြောက်လခန့် ကြာမြင့်မည်ဖြစ်ရာ ယခုတစ်ကြိမ်သည် ပထမအကြိမ်ဖြစ်ကြောင်းနှင့် နောက်ထပ် ဒုတိယအကြိမ် ထပ်မံ ဖွင့်လှစ်ရန်အစီအစဉ်ရှိကြောင်း သတင်းရရှိပါသည်။

**CONSUMER- MT**

## ညောင်တုန်းမြို့နယ် မြို့မဈေးအတွင်း စားသုံးရန်မသင့်သော အစားအစာများအား ကွင်းဆင်းစစ်ဆေး

ညောင်တုန်းမြို့နယ်မြို့မဈေးအတွင်းသို့စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာဦးစီးဌာန၊ တိမွေးကုဦးစီးဌာနတို့ပူးပေါင်း၍ ညောင်တုန်းမြို့မဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်ရောင်းချသောဆိုင်များသို့ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။


အဆိုပါ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၉ ရက်တွင် ညောင်တုန်း မြို့မဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းချ နေသောဆိုင်၂၄ ဆိုင် တွင် စားသုံးရန် မသင့်သော အစားအစာများ၊ ထုတ်ကုန်လုံခြုံစိတ်ချမှုမရှိသောကုန်စည်များနှင့် ရက်လွန်အစား အစာများကို ရောင်းချနေမှုရှိမရှိ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အကာကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များကို တစ်ဆိုင်ချင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **CONSUMER- MT**

## ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်တွင် မုန့်အရောင်းဆိုင်များနှင့် မုန့်လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/ မရှိ စစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းနှင့် မိတ်ဖက်အဖွဲ့ဌာန အသီးသီးတို့ပူးပေါင်း၍ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရှိ မုန့်မျိုးစုံ အရောင်းဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် အောက်တိုဘာလ ၁၁ ရက်က သွားရောက်စစ်ဆေးခဲ့သည်။ ယင်းသို့စစ်ဆေးရာတွင် မုန့်ထုပ်များတွင် ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်စသည့်အချက်များ ဖော်ပြထားခြင်း ရှိ/မရှိ၊ သက်တမ်းလွန်မုန့်များ ရောင်းချနေမှု ရှိ/ မရှိ၊ လက္ကား ဖြန့်ချိနေသော မုန့်အရောင်းဆိုင်များနှင့်လည်း တွေ့ဆုံ၍ ပညာပေးဆွေးနွေး မှုများ ဆောင်ရွက်နိုင်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များ မှတ်တမ်းယူမှုများ ဆောင်ရွက်ခဲ့ပါသည်။

အလားတူ ဇဝနဒီပ ရပ်ကွက်မှ သွန်းသွန်း၊ စိန်အိုး မုန့်မျိုးစုံလုပ်ငန်း၊ ဝဏ္ဏဒီပ ရပ်ကွက်မှ ဒေါင်းရာဇာ မုန့်မျိုးစုံလုပ်ငန်း၊ သုခဒီပရပ်ကွက်မှ သန္တာမိုး မုန့်မျိုးစုံလုပ်ငန်းများသို့ ယင်းနေ့တွင်ပင် သွားရောက်စစ်ဆေးခဲ့ရာ သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်များ မရှိခြင်း၊ လုပ်ငန်းလိုင်စင်များ သက်တမ်းလွန်နေခြင်း၊ ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲများ ဖော်ပြထားမှု မရှိခြင်း၊ သန့်ရှင်းသပ်ရပ်မှုများ အား နည်းခြင်း စသည့်အချက်များတွေ့ရှိသည့်အတွက် နောက်တစ်ကြိမ် တွေ့ရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ကို သိရှိပါကြောင်း အဖွဲ့ဝင်များရှေ့မှောက်တွင် ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။



**စိုးထင်လင်း (နေပြည်တော်၊ တပ်ကုန်း)**

## လှိုင်ကော်မြို့ပေါ်ရှိ လက်လီ/လက်ကားရောင်းချနေသော ကုန်စုံဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြို့ရီ ဦးဆောင်သော ဝန်ထမ်းများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် အောက်တိုဘာလ ၁၀ ရက်တွင် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်ရှိလက်လီလက်ကား ရောင်းချနေသောကုန်စုံဆိုင်ကြီးများ၌ လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်တွင် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ လက်လီလက်ကားရောင်းချနေသော ကုန်စုံဆိုင်ကြီးများ၌လည်းကောင်း စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး အာမခံချက်ရှိသော ကုန်ပစ္စည်းများ ရောင်းချနိုင်ရေးအတွက် ကုန်ပစ္စည်း ထုပ်ပိုးမှုအညွှန်းများ ပြည့်စုံမှု ရှိ/မရှိ နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တရားဝင် တားမြစ်ထုတ်ပြန်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်ကော်မြို့ပေါ်ရှိလက်လီ လက်ကားရောင်းချနေ သောကုန်စုံဆိုင်ကြီးများမှ သက်တမ်းလွန်နေသော ဘီစကစ်များ၊ နေကြာစေ့များ၊ ကိတ်မုန့်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန FDA မှ ထုတ်ပြန်တားမြစ်ထားသော Miki-ko အမှတ်တံဆိပ် ချယ်ရီသီးဘူးများ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရ၍ စားသုံးသူကို ဘေးအန္တ ရာယ် ဖြစ်စေသောကြောင့် အဖွဲ့မှ ဖျက်ဆီးရန် သိမ်းဆည်းခဲ့သည်။ ဆိုင်ရှင်များအား စားသုံးသူများအတွက် အာမခံချက်ရှိပြီး အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများကိုသာ ရောင်းချရန် အသိပညာပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## မြောင်းမြမြို့နယ်ရှိ လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံး၊ ဒုတိယခရိုင်ဦးစီးမှူးဦးဇော်မင်းသည် ရပ်ကွက်စားသုံးသူရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ မုန့်နှင့် အစားအသောက်ရောင်းချသည့် ဈေးဆိုင်လုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို မြောင်းမြမြို့နယ်၊ မြစန္ဒာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာလ ၁၀ ရက်က ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် ဒုတိယခရိုင်ဦးစီးမှူးဦးဇော်မင်းက ဟောပြောဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ သက်ဆိုင်ရာဌာနမှ စားသုံးရန်မသင့် တားမြစ်ထားသည့် အစားအသောက်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ရောင်းချရန်ကိုလည်းကောင်း၊ မြစန္ဒာရပ်ကွက် စားသုံးသူရေးရာအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးမြင့်က စားသုံးရန်မသင့်သည့် တားမြစ်ထားသောမုန့်များ၊ အစားအသောက်များကို သိရှိပြီး ရောင်းချခြင်းမပြုရန်၊ ရပ်ကွက်နေ စားသုံးသူ ပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်၊ မုန့်များကို သာ ရောင်းချရန် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဋ္ဌင်းဟောပြောပွဲသို့ မြောင်းမြမြို့နယ်၊ မြစန္ဒာရပ်ကွက်အတွင်း မုန့်နှင့် အစားအသောက်ရောင်းချသူ ဈေးဆိုင်လုပ်ငန်းရှင်များ၊ ရပ်ကွက် စားသုံးသူရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**တိုးလွင် (မြောင်းမြ)**

# မကွေးခရိုင်အတွင်းရှိ ဒေသတွင်း မုန့်လုပ်ငန်းရှင်များနှင့် လက်ကားဖြန့်ဖြူး ရောင်းချသူ လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသောစားသောက်ကုန်များ လုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရေးနှင့် ထုတ်လုပ်သူ လုပ်ငန်းရှင်များ မိမိတို့ ထုတ်လုပ်သော အစားအစာ၊ ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုရှိလာစေရေး ရည်ရွယ်၍ မကွေးခရိုင်အတွင်းရှိဒေသတွင်း မုန့်လုပ်ငန်းရှင်များနှင့် အခြားမြို့များမှ တင်သွင်းသော မုန့်များလက်ကားဖြန့်ဖြူးသူလုပ်ငန်းရှင်များအား အောက်တိုဘာလ ၁၁ ရက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မကွေးခရိုင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မကွေးခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်ရောင်းချသော အစားအသောက်များအား စားသုံးသူ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်ကြရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့်တားမြစ်ချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် ပုဒ်မ ၁၉ အရ သတ်မှတ်ထားသည့် ပြစ်မှုပြစ်ဒဏ်များအား ချပြကာ ထုတ်လုပ်သည့် ပစ္စည်းအပေါ် မူတည်ပြီး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီပါက စားသုံးသူအကာအကွယ် ပေးရေး ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးမိုးက ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဈေးကွက်ထဲသို့ကွင်းဆင်း စစ်ဆေးလျက်ရှိပါကြောင်း၊ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းရှင်များအား လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များအား အသိပေးရှင်းလင်းခဲ့ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၈ (ဂ)တွင် ဖော်ပြထားသည့် တားမြစ်ချက်များအား လိုက်နာမှုမရှိပါက ပုဒ်မ ၁၉ အရ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၉ (ဆ)အရ လိုင်စင် ပိတ်သိမ်းခြင်းခံရလျှင် လုပ်ငန်းရှင်များနှင့် အလုပ်သမားများ နစ်နာမည်စိုး၍ ယခုကဲ့သို့ ခေါ်ယူ အသိပညာပေး ဆွေးနွေးရပါကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ထည့်သွင်းရမည့် အချက် ၁၀ ချက်အား ထည့်သွင်းထုတ်လုပ်စေလိုကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့်လည်း အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ကြရန်လည်း အကြံပြုတိုက်တွန်းလိုပါကြောင်း ဆွေးနွေးခဲ့ပြီး ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ထုတ်လုပ်မှုစနစ်နှင့် သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး Food Safety Video ဖိုင်အား နမူနာပြသရှင်းလင်းခဲ့ပါသည်။ ထို့နောက် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ဒေါက်တာတင်ကိုဝင်းက ဆိုးဆေးများ၊ တာရှည်ခံဆေးများနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်များအား ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၂၅ ရက်တွင် ကျင်းပခဲ့ရာ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင် ခုနစ်ဦးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုန်က ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ဈေးများ၊ ကျောင်းဈေးများ စစ်ဆေးခြင်းသည် စားသုံးသူပြည်သူများနှင့် ကျောင်းသားလူငယ်များ အန္တရာယ်ကင်းရှင်းစေရေး ဖြစ်သဖြင့် ပြတ်ပြတ်သားသား လုပ်ဆောင်ကြစေလိုကြောင်း၊ ဈေးနှင့် ကျောင်းဈေးများ စစ်ဆေးမည့်နေ့တွင် အဖွဲ့ဝင်များ စုံညီစွာ လိုက်ပါကြစေလိုကြောင်း၊ ဈေးများတွင် ဆိုးဆေးပါ အစားအသောက်များကို အဓိကစစ်ဆေးပေးကြရန်နှင့် အခြားတိုင်းများတွင် ဓာတ်ခွဲခန်းစက်များဖြင့် စစ်ဆေးဆောင်ရွက်နေကြောင်း တွေ့ရှိရ၍ ကသာမြို့တွင် လာရောက်စစ်ဆေးနိုင်ရေး တိုင်းသို့ဆက်သွယ်စေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းက (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး စီးမှု အခြေအနေကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး စက်တင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောခြင်း(၂၁)ကြိမ်၊ စည်ပင်ဈေးစစ်ဆေးခြင်းတစ်ကြိမ်၊ ကျောင်းဈေးစစ်ဆေးခြင်း လေးကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း သုံးကြိမ်စစ်ဆေးနိုင်ခဲ့ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာကြသော ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ကသာမြို့ပေါ်ရှိ မုန့်ဖိုများအား စစ်ဆေးရန်နှင့် စားသုံးသူပြည်သူများနှင့် အနာဂတ်ကျောင်းသား လူငယ်များ ဘေးအန္တရာယ်ကင်းရှင်းရန် အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**လှလှခိုင်(ကသာ)**

# ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ အခြေခံပညာကျောင်းများ၊ ကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ငြိမ်းငြိမ်းအေးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ စက်တင်ဘာလ ၁၄ ရက် တွင် အ. ထ. က ကွမ်တာကျောင်း၊ အ. လ. ကခွဲ ပိန္နဲတောကျောင်း၊ အ. မ. က (မူလွန်) မဲသိမ် ကျောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ရှမ်းရွာကျေးရွာ၊ ကမ်းပါးနီကျေးရွာ သဒီးခိုကျေးရွာတို့၌ စုစုပေါင်းဦးရေ ၉၇၇ ဦးတို့အား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ဟောပြောဆွေးနွေးရာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ ကရင်ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်နေမှုအခြေအနေများ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နေထိုင်နိုင်ရေး ကာကွယ်မည့်အကြောင်းနှင့် နစ်နာမှုရှိလျှင်တိုင်ကြားရန် ဆက်သွယ်ရမည့် လိပ်စာများအား အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆွေးနွေးရာတွင် Five Keys သန့်ရှင်းခြင်း၊ ဆိုးဆေးအန္တရာယ်နှင့်ပတ်သက်၍ သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးအကြောင်း၊ ဓာတုဆိုးဆေးကို တချို့အစားအစာများတွင် ထည့်သွင်းအသုံးပြုလာမှုကြောင့် စားသုံးသူတို့မှာ များစွာသော ရောဂါအန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ အရောင်အသွေးလှပအောင် အသုံးပြုထားသော အစားအစာများကို ကလေးငယ်များ စားမိရာတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များအကြောင်း စသည်တို့အား ဓာတ်ပုံနှင့်တကွ ပြသ၍ ရှင်းလင်း ဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# ဖျာပုံခရိုင်အတွင်း အင်တာပိုလ်ဆေးဝါးတုတိုက်ဖျက်ရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးရေး ဆောင်ရွက်



ဖျာပုံမြို့နယ်၌ အင်တာပိုလ်ဆေးဝါးတုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆေးရေးဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး စိုးမြင့်နှင့်အဖွဲ့ ဦးဆောင်၍ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့်ကုသရေး၊ တိုင်းရင်းဆေး၊ ဆေးဝါးကျွမ်းကျင်ပြည်သူ့ဆေးရုံကြီးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပါဝင်သော ကော်မတီအဖွဲ့ဖြင့် စက်တင်ဘာ ၁၂ ရက်တွင် မြို့ပေါ်ရှိ ဆေးဆိုင် ၁၂ ဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးဆိုင်များတွင်ဆေးဝါးတုများ၊ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသောဆေးဝါးများစံနှုန်းနှင့် ကိုက်ညီမှုမရှိသည့်ဆေးဝါးများ ၃၉ မျိုးကို ညွှန်ကြားချက်ပါအတိုင်း စစ်ဆေးခဲ့ကြသည်။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ ဆေးဝါးတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဖမ်းဆီးအရေးယူခြင်း၊ ဆေးဝါးတုတိုက်ဖျက်ရေးနယ်ပယ်တွင် နိုင်ငံတကာနှင့် ပူးပေါင်း၍တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ပြည်တွင်းတရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်း ခိုင်မာစေခြင်းစသည့် အကျိုးကျေးဇူးများအပေါ် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီများကလည်း ဖျာပုံမြို့နယ်အတွင်းရှိ ဆေးဆိုင်များအားစက်တင်ဘာ ၁၂ ရက်မှ ၁၉ ရက်အထိ မြို့နယ်အလိုက် ကွင်းဆင်း စစ်ဆေးခဲ့ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ယခင်တစ်ပတ်မှအဆက်

(၅) သက်ဆိုင်ရာ ဌာနခွင့်ပြုမိန့်ရ သတ္တုကျိုလုပ်ငန်းလုပ်ကိုင်သူဖြစ်ရမည်။ အဖြိုက်နက်ကုန်ကြမ်း ဝယ်ယူရာတွင် နိုင်ငံတော် မြေယာဌာနမှ ကြေညာထားသောသတ္တုတူးဖော်ခွင့်ရ အဖြိုက်နက် ကုမ္ပဏီတွင်ဝယ်ယူရမည်။ ကုမ္ပဏီအနေနှင့် မိမိဘာသာ သုတေသနလုပ်နိုင်သည့်စွမ်းအင်ရှိရမည်။ ထို့အတူ ပြည်နယ် အဆင့် ဓာတ်ခွဲခန်း(သို့မဟုတ်)နည်းပညာစင်တာရှိရမည်။ နိုင်ငံတော် သိပ္ပံနည်းပညာဌာနမှပေးသော ပထမအဆင့်ဆု (သို့မဟုတ်) ပြီးခဲ့သော (၃)နှစ်အတွင်း မိမိကိုယ်ပိုင် တီထွင်စမ်းသပ်မှုတစ်ခုနှင့် အထက်ရှိရမည်။

(၆) (ISO-14001)သဘာဝပတ်ဝန်းကျင် အောင်လက်မှတ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှပေးသော စွန့်ပစ်ပစ္စည်းသတ်မှတ်စံချိန်နှင့်ကိုက်ညီသော ထောက်ခံစာပါရှိရမည်။ ပြီးခဲ့သော(၃)နှစ်အတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်သော အကြီးစားပြစ်မှုမကျူးလွန်ရ။

(၇) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

(ခ) ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းရှင်။

(၁)သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း လုပ်ရန်မှတ်ပုံတင်ထားသော၊ ဥပဒေအရကုမ္ပဏီပိုင်ဆိုင်သူမှာ (၅)နှစ်အထက် မှတ်ပုံတင်ထားသူဖြစ်ရမည်။ မတည်ငွေမှာ သိန်း(၅၀၀)ရှိရမည်ဖြစ်ပြီး ဘဏ်တွင် မိမိ၏သမာဓိကျမှုကြောင့် အနည်းဆုံး ယွမ်သန်း(၂၀၀)ချေးငှားနိုင်သည့် အခွင့်အရေးရထားသူဖြစ်ရမည်။

(၂) ၂၀၁၄ ခုနှစ်တွင် နိုင်ငံပိုင် ကုန်သွယ်မှုပို့ကုန်တင်ပို့ခွင့်ရရှိထားသော၊ ၂၀၁၁-၂၀၁၃ ခုနှစ်တွင် နှစ်စဉ်အဖြိုက်နက်တင်ပို့ထားသော(ကုမ္ပဏီများ၏ တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းဖြင့် အတည်ပြုမည်)သူ ဖြစ်ရမည်။ ထို့အတူ တင်ပို့မည့်ကုန်များမှာ အပိုင်း၁(င)နှင့် ကိုက်ညီသည့်ကုမ္ပဏီများမှ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများဖြစ်ရမည်။

(၃) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာ ဒေသမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်းထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့်လူ့အဖွဲ့အစည်းတွင်းသတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ် အဆင့်အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာပါရှိရမည်။

(၄) (ISO-9000) အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။

(၅) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

၂။ ငွေနှင့် ငွေထုတ်ကုန်တင်ပို့မှုလျှောက်ထားသူအနေဖြင့် အောက်ပါအချက်များနှင့် ကိုက်ညီရမည်။

(က) ထုတ်လုပ်သည့်လုပ်ငန်းကုမ္ပဏီ

(၁) သွင်းကုန်ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော၊ ဥပဒေအရကုမ္ပဏီပိုင်ဆိုင်သူမှာ (၂)နှစ်အထက် မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ၂၀၁၄ ခုနှစ် နိုင်ငံတော်ပိုင်ကုမ္ပဏီပို့ကုန်ကိုတာရရှိထားသော၊ ၂၀၁၁-၂၀၁၃ ခုနှစ်တွင် ငွေတင်ပို့ထားသော ( ၂၀၁၁ ခုနှစ် နိုင်ငံတော်ပိုင်ကုမ္ပဏီ ကုန်ပစ္စည်းတင်ပို့မှု လုပ်ပိုင်ခွင့်ရရှိထားသူ။ ထိုလုပ်ကိုင်ခွင့်ရချိန်မှစ၍ ၂၀၁၃ ခုနှစ်အထိ ငွေနှစ်စဉ်တင်ပို့မှုပြုထားသူ) (၂၀၁၄ ခုနှစ်တွင် တင်ပို့ခွင့်ကိုတာ စရသောကုမ္ပဏီအသစ်မပါ) အသစ်လျှောက်သော ကုမ္ပဏီမှာ ၂၀၁၃ ခုနှစ်အတွင်း ငွေတန်ချိန်(၈၀)အနည်းဆုံးတင်ပို့နိုင်သူဖြစ်ရမည်။ တရုတ်နိုင်ငံအနောက်ပိုင်းဒေသ များမှ ကုမ္ပဏီများအနေဖြင့် အနည်းဆုံးတန်ချိန် (၄၀) တင်ပို့နိုင်သူဖြစ်ရမည်။ ကုမ္ပဏီများ၏ တင်ပို့မှုကိုအကောက်ခွန်ဦးစီးဌာနမှထုတ်ပြန်သည့်စာရင်းဖြင့် အတည်ပြုမည်။ တင်ပို့မှုပြီးစီးသည့် အဆင့်အတန်းကို နိုင်ငံတော်ဗဟိုစာရင်းအင်းဌာန (သို့မဟုတ်) ထိုကဏ္ဍတွင်းက အသင်း အဖွဲ့မှ စစ်ဆေးအတည်ပြုမည်။ လုပ်ငန်းကုမ္ပဏီမှ ထုတ်လုပ်သောပစ္စည်းသည် နည်းပညာဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအကောက်ခွန်ဌာန၊ အကောက်ခွန်ဌာနများမှ ထုတ်ပြန်ထားသော (တရုတ်နိုင်ငံအဆင့်မြင့် နည်းပညာထုတ်ကုန် စာရင်း) (သို့မဟုတ်) (တရုတ်နိုင်ငံအဆင့်မြင့်နည်းပညာထုတ်ကုန်တင်ပို့ကုန်စာရင်း)တွင် ပါရှိသောကုန်ပစ္စည်းဖြစ်ပါက ထိုသို့မဟုတ် သိပ္ပံနည်းပညာဝန်ကြီးဌာနမှ အတည်ပြုထားသော အဆင့်မြင့်နည်းပညာထုတ်ကုန်ပစ္စည်းဖြစ်ပါက အခြေအနေအရ ဖြေလျှော့ပေးမည်။

(၃) စက်ရုံထွက်အမှုန်များ၊ ရေဆိုးများ၊ ညစ်ညမ်းလေထုများစသည်တို့ကို နိုင်ငံတော်မှချထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။ (ငွေသတ္တုကိုကျိုရာတွင် အာစီနစ်မီးခိုး၊ ရေဆိုးတို့ကို အန္တရာယ်ကင်းအောင် လုပ်ရမည်။)

(၄) ငွေထုတ်လုပ်ရာတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်

■ သန်းသန်းနိုင်

ခွဲမှုလုပ်ရာတွင်လည်းကောင်း ကုမ္ပဏီတစ်ခုတည်းတွင် လုပ်ရမည်။ ထို့အတူ လျှပ်စစ်ဓာတ်ခွဲမှုနှင့် ငွေထုတ်လုပ်ရာတွင်ဖြစ်လာသော ပတ်ဝန်းကျင်ထိခိုက်နိုင်သည့် အရာများကို အပိုဒ်(၃)ပါ အချက်များနှင့် ညီညွတ်အောင်လုပ်ကိုင်ရမည်။

(၅) ငွေထည်စွန့်ပစ်ပစ္စည်းပြန်ဝယ်၍ အချောကိုင်လုပ်ငန်း လုပ်ရာတွင်လည်း ပတ်ဝန်းကျင် ထပ်မံ ညစ်ညမ်းမှုမရှိစေရန် သတိပြုရမည်။ လုပ်ငန်းတွင်းစွန့်ပစ်ပစ္စည်းများကို နိုင်ငံတော်သတ်မှတ်ချက်အတိုင်း လုပ်ကိုင်ရမည်။

(၆) ထုတ်ကုန်ကုမ္ပဏီမှ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန္တရာယ်ကင်းစွာ ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရေးဥပဒေ)နှင့်အညီ ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်ရမည်။ ထုတ်လုပ်သောကုန်ပစ္စည်းများသည်လည်း နိုင်ငံတော်မှသတ်မှတ်ချက်များနှင့် ညီညွတ်ရမည်။

(၇) နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာ ဒေသမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာ ပါရှိရမည်။

(၈) (ISO-9000) အရည်အသွေး အောင်လက်မှတ် (ISO-14001) သဘာဝပတ်ဝန်းကျင်အောင် လက်မှတ်လည်း ရရှိထားရမည်။

(၉) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။ အချက်အလက်တူသည့် ကုမ္ပဏီများအနေဖြင့် ထုတ်လုပ်သည့်ကုန်ပစ္စည်းအနေဖြင့် နိုင်ငံတကာဈေးကွက်တွင် မှတ်ပုံတင်ထားသူ၊ ထုတ်လုပ်မှုလုပ်ငန်းများပြည့်စုံသူ၊ ကုန်ချောထုတ်လုပ်မှု အဆင့်အတန်းမြင့်သူကို ဦးစားပေးသွားမည်ဖြစ်သည်။

(ခ) ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းရှင်။

(၁) သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော၊ ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ(၅)နှစ်အထက် မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ၂၀၁၄ ခုနှစ်တွင် နိုင်ငံပိုင်ကုန်သွယ်မှု ပို့ကုန်တင်ပို့ခွင့်ရရှိထားသော၊ ၂၀၁၁-၂၀၁၃ ခုနှစ်တွင် ငွေတင်ပို့ထားသော (ကုမ္ပဏီများ၏ တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းဖြင့် အတည်ပြုမည်)သူဖြစ်ရမည်။

(၃) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။

(၄) (ISO-9000) အရည်အသွေးအောင်လက်မှတ်လည်း ရရှိထားရမည်။

(၅) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူ မဖြစ်ရ။

ဆက်လက်ဖော်ပြပါမည်။

**စာမျက်နှာ (၃၀) ➤ ➤ ➤ ခရမ်းချဉ်သီးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် . . . . မှအဆက်**

ပတ်ချာလည်ဝိုင်းနေပါလိမ့်မယ်။ ဒါကြောင့်မို့ အိမ်ထောင်စုတိုင်းက ဝင်ငွေမြင့်မားရေး၊ ထွက်ငွေနည်းပါးရေး ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မိသားစုတွေဟာ နေ့စဉ်အကျိုးမဲ့ ဖြုန်းတီးနေတဲ့ ကိစ္စတွေ ရှိနေကြပါတယ်။ ဥစ္စာ၊ ပညာ၊ ကုသိုလ်ရရန် Facebook သုံးစွဲခြင်းသည် မထောင်းသာသော်လည်း အကျိုးမဲ့ကိစ္စရပ်များ အတွက် အသုံးမပြုသင့်ပါ။ မိမိတို့ရဲ့ထုတ်ကုန်ပစ္စည်းများကို တစ်ပွဲတိုးအတွက် မစဉ်းစားဘဲ ရေရှည်ပုံမှန် ဖောက်သည်မပျက် အလုပ် ဖြစ်ရေး စဉ်းစားကြရန် လိုအပ်ပါတယ်။ Buyer ၏ ယုံကြည်မှုကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ဝယ်သူရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ အမြဲကြိုးစားသွားမယ်ဆိုပါက ခရမ်းချဉ်သီး လောကသားများ ကြီးပွားချမ်းသာမှာဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။** အခုလို ခရမ်းချဉ်သီး စိုက်ပျိုး၊ထုတ်လုပ်၊ တင်ပို့ ရောင်းချမှုနှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ဦးအောင်အောင်၊ ဦးရွှေတိုးနှင့် ဦးငွေးလွင်တို့ကို အထူးပဲကျေးဇူး တင်ရှိပါတယ်။ ယခုဆွေးနွေးချက်များမှ တတ်နိုင်တဲ့အပိုင်းများကို ကူညီပေးသွားမှာဖြစ်ပါတယ်။ မိမိတို့ဌာနအနေနဲ့လည်း ခရမ်းချဉ်သီး လောကသားများရဲ့အခက်အခဲတွေနဲ့ လိုအပ်ချက်တွေကို အထက်ဌာနအဆင့်ဆင့်ကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**ဦးအောင်အောင်။** ဟုတ်ကဲ့ပါ။ ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့ ခရမ်းချဉ်သီးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချမှုများနှင့် ပတ်သက်ပြီး ပြောကြားခွင့်ရတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။

# ကုန်သွယ်ဖက်နိုင်ငံများအကြား အပြန်အလှန်အကျိုးရှိစေမည့် လွတ်လပ်သောကုန်သွယ်မှု

လွတ်လပ်သော ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ The Wall Street ဂျာနယ်တွင် အမေရိကန်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wilbur Rose က Free Trade is A Two-Way Street အမည်ဖြင့် ဆောင်းပါး ရေးသားဖော်ပြထားပါသည်။

အဆိုပါဆောင်းပါးတွင် အမေရိကန်နှင့် ၎င်း၏ အဓိကကုန်သွယ်ဖက်နိုင်ငံများအကြား မျှတသောကုန်သွယ်မှုဖြစ်ရန်အတွက် အမေရိကန်နိုင်ငံအနေဖြင့် ပြန်လည် ဆန်းစစ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ အဆိုပါဆောင်းပါးတွင် ဖော်ပြထားချက်များအရ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စီမံအုပ်ချုပ်မှုပုံစံတွင် အမေရိကန်နိုင်ငံဘက်မှ လွတ်လပ်သော ကုန်သွယ်မှုဒေသ ကတိကဝတ်များအရ အခြားနိုင်ငံများသို့ အကောက်ခွန် သက်သာခွင့်ပေးအပ်ထားမှုများ၊ တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့် ပေးအပ်ထားမှုများကို ပြန်လည်သုံးသပ်သွားနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းနိုင်ပါသည်။

အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား အမေရိကန်နိုင်ငံမှ ပေးအပ်သည့် Generalized System of Preference (GSP) အခွင့်အရေးကို မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ပြီး 8 Digit Level ရှိ Tariff Line ပေါင်း ၅၀၀၀ ခန့်ကို အကောက်ခွန်ကင်းလွတ်ခွင့် (Duty Free) အစီအစဉ်ဖြင့် တင်ပို့ခွင့်ပြုထားပါသည်။ သို့သော် မြန်မာနိုင်ငံမှ တင်ပို့နိုင်သည့် ကုန်ပစ္စည်းအရေအတွက်မှာ အနည်းငယ်မျှသာရှိကြောင်း သိရှိရပါသည်။ အမေရိကန်၏ GSP အစီအစဉ်အရ အကျုံးဝင်သော ကုန်စည်များမှာ ထုတ်ကုန်အများစုနှင့် ကုန်ကြမ်းများ၊ လက်ဝတ်ရတနာများ၊ လယ်ယာထွက်ကုန် ပစ္စည်းအများစု၊ ခရီးသွားသုံးပစ္စည်းများ၊ ကော်ဇောများဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် အမေရိကန်ဘက်မှ ကုန်သွယ်မှုအသာစီးရရှိလျက်ရှိသည့် အနေအထား ဖြစ်နေပါသည်။ မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအား ကမ္ဘာ့ကုန်သွယ်ရေးတွင် ပိုမိုပါဝင်လာစေရေးအတွက် ပေးအပ်ထားသည့် အခွင့်အရေးကို ပြန်လည်ရုပ်သိမ်းမည့် ဖြစ်နိုင်ခြေမှာ နည်းပါးသော်လည်း လက်ရှိနိုင်ငံရေး အခင်းအကျင်းနှင့်တကွ အမေရိကန်သမ္မတ၏ နိုင်ငံအကျိုးစီးပွားကို ကာကွယ်မည့်ဖြစ်နိုင်ခြေများကြောင့် တရားသေတွက်ချက်၍ မရသည့် ကိစ္စရပ်လည်း ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၏ အကောက်ခွန် သက်သာခွင့်ဆိုင်ရာ အစီအစဉ်ကို အကျိုးခံစားခွင့်ရသည့် နိုင်ငံများအနေဖြင့် Core Principle များဖြစ်သည့် နိုင်ငံတကာအသိအမှတ်ပြု အလုပ်သမားအခွင့်အရေးများ ပြင်ဆင်ထားရှိရန်လိုအပ်ပြီး အသင်းအဖွဲ့များ၏ အခွင့်အရေး၊ စုပေါင်းညှိနှိုင်းခြင်းနှင့် စုစည်းဆောင်ရွက်နိုင်မှုအခွင့်အရေး၊ အဓမ္မခိုင်းစေခြင်းအား တားမြစ်ချက်၊ အလုပ်သမားများ၏ ပြည့်မီရမည့် အသက်ကန့်သတ်ချက်၊ အခြေခံလစာ၊ အလုပ်ချိန်၊ အလုပ်ခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ရှိသင့်သည့်အခြေအနေများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပြီး ကလေး အလုပ်သမားခိုင်းစေမှုပပျောက်ရေး ကတိပြုလုပ်ဆောင်နိုင်ရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်၍ အမေရိကန်မှပေးအပ်သည့် GSP အခွင့်အရေးကို ဆက်လက်ရရှိစေရေးအတွက် နိုင်ငံတကာအသိအမှတ်ပြု အလုပ်သမားအခွင့်အရေးများကိုပြင်ဆင်သည့်အနေဖြင့် အလုပ်သမားဆိုင်ရာ မူဘောင်ကို ပိုမိုကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲမှုလိုအပ်သကဲ့သို့တစ်ဖက်တွင်လည်း အမေရိကန်နိုင်ငံမှ ပေးအပ်ထားသည့် အခွင့်အရေးများကို အပြည့်အဝအသုံးချ၍ နှစ်နိုင်ငံကုန်သွယ်ရေးတိုးတက်မှု ဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအား ပိုမိုတိုးတက်စေရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင် သဘောတူစာချုပ် (Trade and Investment Framework Agreement-TIFA) ကို ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၌ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ၎င်း၏အုပ်ချုပ်မှုကာလအတွင်း အမေရိကန် ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ရှေးရှုကာ American First Trade Policy ကို ကျင့်သုံးမည်ဖြစ်ပါသည်။ ကုန်သွယ်ရေး မူဝါဒသစ်အရ အမေရိကန်နိုင်ငံအနေနှင့် ဒေသဆိုင်ရာ ကုန်သွယ်မှုထက် နှစ်နိုင်ငံ ကုန်သွယ်မှုသဘောတူစာချုပ်များချုပ်ဆိုရန် လိုလားလျက်ရှိပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ GSP အစီအစဉ်အရ ရရှိမည့်အခွင့် အရေးနည်းပါးနေခြင်း၊ လက်ရှိမြန်မာနိုင်ငံနှင့် နှစ်နိုင်ငံအကြားရေးထိုးထားသော TIFA အရ ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များမှာ ဘောင်ကျဉ်းမြောင်းနေခြင်း အစရှိသည်တို့ကြောင့် TIFA ၏ Article Three အရ ကောင်စီ၏ လုပ်ဆောင်ချက်များအနက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန်စိစစ်ဆောင်ရွက်ခြင်းကို ရည်ညွှန်း၍ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား Trade Liberalization ကိုဦးတည်သည့် နှစ်နိုင်ငံကုန်သွယ်မှု သဘောတူစာချုပ် (Bilateral Trade Agreement) ကို ချုပ်ဆိုကာ အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်အစီအစဉ်ကိုအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ် တင်ပြလိုက်ရပါသည်။

**သီတာကျော်**

## ထိုင်းနိုင်ငံ အကောက်ခွန်ဦးစီးဌာနက ပွင့်လင်းမြင်သာမှု တိုးတက်စေရေးအတွက် ဆောင်ရွက်




ထိုင်းနိုင်ငံ အကောက်ခွန်ဦးစီးဌာနသည် ပွင့်လင်းမြင်သာမှုတိုးတက်စေရေးအတွက် အကြီးတန်းအရာရှိများ၏ ပိုင်ဆိုင်မှုများကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ကြေညာစေကြောင်း၊ အကောက်ခွန် အရာထမ်းများ ရာထူးအပြောင်းအလဲရှိသည့်အခါတွင်လည်း ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ထပ်မံကြေညာရမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr Kulit က ပြောကြားပါသည်။

ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်များအဖွဲ့၊ ထိုင်းကုန်သည်ကြီးများအသင်း၊ ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းနှင့် ကိုယ်စားလှယ်များ၊ စုစုပေါင်း ၆၀၀ ခန့်ကို ဖိတ်ကြားခဲ့ပြီး သွင်းကုန်တင်သွင်းမှုအပေါ် အကောက်ခွန်နည်းဥပဒေအသစ်၊ အခွန်ငွေပြန်အမ်းစနစ်နှင့် အခွန်ကင်းမဲ့ဇုန်စနစ်များအတွက် အခွန်နည်းဥပဒေအသစ် ပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ ၎င်းဥပဒေအသစ်ကို နိုဝင်ဘာလ ၁၃ ရက်နေ့မှ စတင်ပြီး ကျင့်သုံးမည်ဖြစ်ကြောင်း Mr Kulit က ပြောကြားခဲ့ပါသည်။

အခွန်နည်းဥပဒေအသစ်သည် မကြာသေးမီက ဆောင်ရွက်လျက်ရှိသော နယ်စပ်ဖြတ်ကျော် Cargo Examination Process နှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကို ရက်ပေါင်း ၃၀ အတွင်း အထောက်အကူပြုမည်ဟု မျှော်လင့်မိပါကြောင်း၊ လက်ရှိအချိန်မှာ Cargo Process ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် စမ်းသပ်နေဆဲကာလဖြစ်ပါကြောင်း Mr Kulit က ပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**မင်းအောင်အေး**

## ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအမြင်

ထိုင်းနိုင်ငံသည် ယခုနှစ် ပထမ ရှစ်လပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ ၆ ဒသမ ၅ မှ ၇ ဒသမ ၅ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့ပြီး ခိုင်မာသော အကျိုးအမြတ်ရရှိခဲ့သဖြင့် ၂၀၁၇ ခုနှစ်အတွက် ပို့ကုန်ခန့်မှန်းချက်ကို ကြီးထွားစေခဲ့သည်။

ထိုင်းစက်မှုလုပ်ငန်းများ ဖက်ဒရေးရှင်း၏ ဥက္ကဋ္ဌ၊ Chen Namchaisiri သည်လည်း JSCCIB အစည်းအဝေး၌ ပထမရှစ်လပတ်တွင် ပို့ကုန်တင်ပို့နိုင်မှုသည် အလားတူကာလ ဆောင်ရွက်နိုင်မှု အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆ ဘီလီယံထက် ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၉ ရာခိုင်နှုန်း ထိ ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ပို့ကုန်တစ်နှစ်လုံးလျာထားချက် ၂၃၀ ဒသမ ၅ ဘီလီယံအပေါ် ယခုပထမဦးဆုံး ရှစ်လပတ်မှာ သုံးပုံနှစ်ပုံခန့် ရရှိပြီးဖြစ်ကြောင်း၊ ပထမရှစ်လပတ်အတွင်းမှ တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားဈေးကွက် မြင့်တက်လာခြင်းကြောင့် TNSC အဖွဲ့က တစ်နှစ်လုံးလျာထားချက်အား ရာခိုင်နှုန်းအားဖြင့် ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းထိ ပို့ကုန်တင်ပို့မှုလျာထားချက်အား တိုးမြှင့်ခဲ့ပါကြောင်း၊ ယခုနှစ် နောက်ဆုံးသုံးလပတ်မှာ အထိမ်းအမှတ်ပွဲများ ကျင်းပရန်ရှိသဖြင့် ဝယ်လိုအားထပ်မံမြင့်မားလာမယ်လို့ ခန့်မှန်းထားနိုင်တဲ့အတွက် နှစ်ကုန်ပိုင်းလျာထားချက်ကို ထပ်မံတိုး မြှင့်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

TNSC ဥက္ကဋ္ဌ Ms Ghanyapad Tantipipatpong က တစ်ဖက်နိုင်ငံ ပို့ကုန်တင်ပို့မှု ဝယ်လိုအား မြင့်တက်လာပြီး နောက်ဆုံးလေးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ထက် ကျော်လွန်တင်ပို့နိုင်မယ်လို့မျှော်မှန်းထားကြောင်း၊ ဒါကြောင့်တစ်နှစ်လုံး ပို့ကုန်တင်ပို့မှု ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာရန် တိုက်တွန်းသင့်ကြောင်း၊ ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ရေး မိတ်ဖက်များဖြစ်သော အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် အာဆီယံ အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးပြန်လည် ထူထောင်ခြင်းလုပ်ငန်းသည် ထိုင်းပို့ကုန်ကဏ္ဍကိုတိုးတက်လာစေရန် အဓိက တွန်းအားပေးသည့် အချက်ဖြစ်ကြောင်း၊ အဓိကကုန်စည်များ၏ဈေးနှုန်းများမှာလည်း တစ်ကမ္ဘာလုံးမြင့်တက်လျက်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့် မြင့်မားလာသော ဘတ်ငွေကြေး တန်ဖိုးအပေါ် ထိန်းညှိရန်နားလည် သဘောပေါက်ကူညီသင့်ကြောင်း ပြောကြားခဲ့ပါသည်။

ဘတ်ငွေတန်ဖိုး ဆက်လက်မြင့်တက်လာပါက ပို့ကုန်တင်ပို့မှုကို အဓိကအန္တရာယ် အဟန့်အတားဖြစ်စေနိုင်ကြောင်း၊ ယခုနှစ်အတွင်း ဘတ်ငွေကြေး တန်ဖိုး ၇ ရာခိုင်နှုန်း ခိုင်မာမြင့်တက်လာမှုသည် ဆန်တင်ပို့သူများအတွက် များစွာ ထိခိုက်မှုဖြစ်စေပြီး ပို့ကုန် တင်ပို့မှုအတွက် အဟန့်အတားတစ်ခု ဖြစ်လာနိုင်ကြောင်း၊ ဘတ်ငွေဆက်လက် မြင့်တက်နေမှုသည်ထိုင်းကုန်စည်များ၏ ဈေးနှုန်းများ မြင့်တက်လာသဖြင့် ဝယ်ယူသူများ၏ ဝယ်လိုအားလျော့နည်းလာပြီး လာမည့်နှစ်စတွင် အဓိက ကုန်စည်များ၏ ပို့ကုန် တင်ပို့မှု ထိခိုက်နစ်နာမည်ကို စိုးရိမ်မိကြောင်း၊ အချို့ပို့ကုန် တင်ပို့သူများနှင့် သုတေသနပြုလေ့လာသူများက ဘတ်ငွေကြေးသည် အမေရိကန် တစ်ဒေါ်လာလျှင် ၃၃ ဘတ် အထိ ဆက်လက်မြင့်တက်လာလျှင် လာမည့်နှစ်တွင် ပို့ကုန်ပေါ် အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုမျိုး ရှိလာနိုင်တယ်လို့ သုံးသပ်ကြကြောင်း၊TNSC ရဲ့မျှော်မှန်းချက်အရ ယခုနှစ်တွင် အနည်းဆုံး ဘတ်ငွေတန်ဖိုး ၆ ရာခိုင်နှုန်းထိ မြင့်တက်မည်ဟု ခန့်မှန်းထားပြီး ဘတ်ငွေဈေးနှုန်း ဆက်လက်မြင့်တက်မှုကို မထိန်းချုပ်နိုင်ပါက နောက်ဆုံး သုံးလပတ်အတွင်း (သို့) ယခုနှစ် နှစ်ကုန်ပိုင်းတွင် ပို့ကုန်တင်ပို့မှုကို ထိခိုက်နိုင်သည်ဟု သိရှိရပါကြောင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေးကို အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့ ပူးပေါင်းဆောင်ရွက်ပေးမည့်အခြေအနေအား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချား၏ အမေရိကန်နိုင်ငံသို့တရားဝင် အလည်အပတ်ခရီးစဉ်ရလဒ်တွင် စောင့်ကြည့်ရမည်ဖြစ်ကြောင်း TNSC ဒုတိယဥက္ကဋ္ဌ Mr Wisit Limluecha က ပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**မင်းအောင်အေး**

# ကမ္ဘောဒီးယားနိုင်ငံမှ Virasun နှင့် ယူအေအီးနိုင်ငံတို့ ဆန်နှင့်အော်ဂဲနစ် မြေသြဇာများဝယ်ယူရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ကမ္ဘောဒီးယားနိုင်ငံမှ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Virasun နှင့် ယူအေအီးနိုင်ငံမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို အောက်တိုဘာ ၁၁ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။



အဆိုပါ နားလည်မှုစာချွန်လွှာအရ ကမ္ဘောဒီးယားနိုင်ငံမှ နှစ်စဉ်ဆန်တန်ချိန် ငါးသောင်းကို ယူအေအီးနိုင်ငံသို့ ရောင်းချရန်နှင့် ယူအေအီးနိုင်ငံမှ အော်ဂဲနစ်မြေသြဇာတန်ချိန် ငါးသောင်းကို နှစ်စဉ်ဝယ်ယူသွားရန် သဘောတူညီခဲ့ကြသည်ဟု ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Hean Vanhan က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယူအေအီးနိုင်ငံသို့ နှစ်စဉ်ဆန်တင်ပို့နေသော်လည်း ပမာဏနည်းပါးကြောင်း၊ သို့သော် ယခုစာချုပ်သစ်အရ ပိုမိုတင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Virasun Development အနေဖြင့် ဆန်တန်ချိန်ငါးသောင်းကို ကမ္ဘောဒီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့သို့ ရောင်းချရမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယား ကုမ္ပဏီများအနေဖြင့်လည်း ယူအေအီးနိုင်ငံရှိအဖွဲ့အစည်းအသီးသီးမှ အော်ဂဲနစ်မြေသြဇာတန်ချိန် ငါးသောင်းကို ဝယ်ယူရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနအသီးသီးတို့ဟာ ပုဂ္ဂလိကကဏ္ဍမှာ စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်နေရချိန်မှာ အဓိကအရေးပါတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်သလို သဘောတူညီချက်တွေအမျိုးမျိုးနဲ့လည်း ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခဲ့ပါတယ်"ဟု မစ္စတာဗင်ဟန်က ပြောကြားခဲ့သည်။

ယူအေအီးနိုင်ငံသည် ဘာစမာတီဆန်ကို အများဆုံးစားသုံးကြကြောင်း၊ သို့သော် အာရပ်နိုင်ငံများအနေဖြင့်ဆန်အမျိုးအစားအမျိုးမျိုးကို တင်သွင်းရာတွင် ၎င်းတို့နိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ လိုအပ်ချက်အတိုင်း တင်သွင်းလေ့ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဘာစမာတီဆန်တန်ချိန် ၄၂၀၀၀၀ ကို နိုင်ငံတကာဈေးကွက်ပေါင်း ၆၀ သို့ ယခုနှစ် စက်တင်ဘာလအထိတင်ပို့လျက်ရှိနေပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကဆန်တင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ပြင်သစ်နှင့် ပိုလန်နိုင်ငံတို့ဖြစ်ကြောင်း တရားဝင်စာရင်းဇယားများအရ သိရသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ကုန်သွယ်ရေးပိုမိုတိုးမြှင့်အောင် လုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်မှုကိစ္စများအား ယခုထက်ပိုမိုတိုးတက်အောင် လုပ်ဆောင်ရန် အောက်တိုဘာ ၂ ရက်က နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူ စာချုပ်များအားပြန်လည်ချုပ်ဆိုရန်တို့ပါဝင်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ခမာတိုင်းမ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံမှ Saida Muna Tasneem နှင့် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြောင်း၊ ယခုရေးထိုးသည့် နားလည်မှုစာချွန်လွှာကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ကမ္ဘောဒီးယားနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် မလာရောက်မီ ရေးထိုးရခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ပန်ဆိုရာဆတ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်အသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကုန်သည် အသင်းချုပ်တို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာများအား ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံ ကုန်သွယ်ဖက်နိုင်ငံများအဖြစ်ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးက ပြန်လည်ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံများဖြစ်ရာ ယခုကဲ့သို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် win-win ဖြစ်ရပ်ကို ပူးပေါင်းအကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်ဟု ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

## ကမ္ဘာ့သူဌေးကြီးစာရင်းဝင် ဂျက်မာ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် e-payment ဖိုရမ်သို့ တက်ရောက်မည်

ကမ္ဘာ့အချမ်းသာဆုံး ဘီလီယံနာတစ်ဦးဖြစ်သည့် အလီဘာဘာကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ဂျက်မာသည် ဗီယက်နမ်နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် e-payment ဖိုရမ်သို့ တက်ရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

အဆိုပါ e-payment ဖိုရမ်ကို ယခုနှစ်နိုဝင်ဘာ ၆ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပမည်ဖြစ်ကြောင်း ပွဲကျင်းပသူတို့က ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဂျက်မာသည် တရုတ်နိုင်ငံက ကျင့်သုံးလျက်ရှိသည့် e-commerce နှင့် မိုဘိုင်းလ်စနစ်ဖြင့် ငွေပေးချေခြင်းအကြောင်းတို့ကို ၎င်း၏အတွေ့အကြုံများနှင့်ယှဉ်၍ ပြောကြားမည်ဖြစ်သည်ဟု ဆိုသည်။

ဂျက်မာ၏အလီဘာဘာ e-commerce စကြီသည် ကမ္ဘာပေါ်တွင် အတွင်ကျယ်ဆုံးသော စနစ်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားသည် ဗီယက်နမ်အစိုးရအတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် e-payment ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ နောက်ဆုံးပေါ် နည်းစနစ်များကို အတူတကွ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်လုပ်ငန်းရှင်များအတွက် အကောင်းဆုံးသော အခွင့်အရေးကို အသုံးချရမည်ဖြစ်ကြောင်း ပွဲစီစဉ်သူတို့က ပြောကြားခဲ့သည်။



အဆိုပါ အခမ်းအနားကို ၂၀၁၅ ခုနှစ်က ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ကျင်းပသည့်ပွဲ၌ ဗီယက်နမ်နိုင်ငံတွင် လက်ရှိလုပ်ဆောင်လျက်ရှိသည့် မိုဘိုင်းဖြင့် ငွေပေးချေမှုလုပ်ငန်းများအား ပိုမိုဖွံ့ဖြိုးလာစေရန် အဓိကထား၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗီယက်နမ်နိုင်ငံတွင်ကျင့်သုံးလျက်ရှိသည့် မိုဘိုင်းဖြင့် ငွေပေးချေမှု လုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့်နည်းလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် နည်းလမ်းများကို အဖြေရှာကြမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းအခမ်းအနားကို ဗီယက်နမ်နိုင်ငံ၏အွန်လိုင်းသတင်းစာတစ်စောင်ဖြစ်သည့် VnExpress နှင့် ဗီယက်နမ်နိုင်ငံ National Payment Corporation တို့ကဦးဆောင်၍ ကျင်းပခြင်းဖြစ်သည်။

မယ်သီတာ စုစည်းသည်

### အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။


RHYTHM®
GLOBAL TIMEPIECE
Home Decorative Accessory
CRJ602CR06
GRANDFATHER CLOCK
BROWN CASE/ WOODEN CASE
57.0 X 194.0 X 27.0CM / 28.3KG
1PCS. / 0.592M3
BATTERY:CX4
RHYTHM SHOWROOM
No.209,Corner of 32nd Street (Middle Block)and Anawrahta Road,Pabedan Township,Yangon. Tel:01-373193, 09-977122580.
Available at: CHERRY OO
: 09-73145658, 09-31248534, 09-31247328, 09-425792870, 09-977122545, 01-375491, 02-72992, 067-23107, 09-964123821, 09-41002749, 09-977122590.

BL
BRIGHT LIGHT CO.,LTD.
Address :F/44 , Sein Pan Street, BayintNaungPwaeYone,
Mayangone Township, Yangon , Myanmar
Hand Ph : 95-9-5009577 , 95-9-73185577
Line Ph : 95-1-682246 , 686131
Fax : 95-1-682630
Email : brightlight.co.ltd@gmail.com
Website : www.brightlightgroup.com.mm



FLAV-O-RICH
Chicken Franks
Valley Farm
CHICKEN FRANKS
FRANKFURTER AYAM
GOURMET Chef
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214



Gold Choice®
what a feeling!
My Life My Choice
ဘဝအတွက် ရွေးချယ်မှု...
CAFÉ MOCHA
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214



AMERICAN PETROLEUM INSTITUTE
FOR GASOLINE ENGINES
CERTIFIED
RaceTeam™
Perfect Performance
MADE IN THE U.S.A.
အရည်အသွေးမြင့် အမေရိကန်နိုင်ငံထုတ် အင်ဂျင်ဝိုင်
ANTIFREEZE COOLANT
10W-40 Motor Oil
10W-30
DOT 3 BRAKE FLUID
TIRE INFLATOR
H4 VXL
Lotus Blossom Co., Ltd.
No.23, Parami Road, 10 Ward, Mayangone Township, Yangon.
Ph : 09-31294466, 01-657779 Email : lotusblossomcompany@gmail.com

COMMERCE
INTERNATIONAL

# အင်ဒိုနီးရှားနိုင်ငံနှင့် တူရကီနိုင်ငံတို့ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုး

အင်ဒိုနီးရှားနိုင်ငံနှင့် တူရကီနိုင်ငံတို့သည် စီးပွားရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီချက်တစ်ရပ်ကို အောက်တိုဘာ ၁၂ ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ လက်မှတ်ရေးထိုးခဲ့မှုကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာများအား ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူစာချုပ်ကို အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Enggartiasto Lukita နှင့် တူရကီနိုင်ငံ ဒုတိယဝန်ကြီးချုပ် Fikri Isik တို့ အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ အနောက်ပိုင်းရှိ Tangerang တွင် တွေ့ဆုံစဉ် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရောက်ရှိရန် နည်းလမ်းနှစ်သွယ်ဖြင့် လုပ်ဆောင်ရန် မျှော်မှန်းခဲ့ပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးမှုများအောင်မြင်မှုရရှိခဲ့ပါကြောင်း အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Enggartiasto က ပြောကြားခဲ့သည်။

“နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ဟာ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ဆောင်ရာမှာ နှစ်နိုင်ငံခေါင်းဆောင်များအကြား အမြင်ချင်းဖလှယ်ကြတဲ့သဘောဖြစ်ပါတယ်”ဟု Enggartiasto က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မဟာဗျူဟာအရ ထူးခြားသည့်အခြေအနေတွင်ရှိနေကြောင်း၊ အာရှနိုင်ငံအများအပြားအကြား အလားအလာရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ကြီးမားသော လူ့စွမ်းအားအရင်းအမြစ်များလည်း ရှိနေပါကြောင်း၊ ယခုသဘောတူညီချက်သည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အဆင့်တစ်ခုကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပါကြောင်း တူရကီနိုင်ငံ ဒုတိယဝန်ကြီးချုပ် Isik က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် တူရကီနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်အတွင်းက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်ကထက် ကိုးရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒေသဆိုင်ရာဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို တောင်ကိုရီးယား၊ အိန္ဒိယ၊ ချီလီ၊ အီးယူနိုင်ငံများနှင့် ကျယ်ကျယ်ပြန့်ပြန့် ကုန်သွယ်နိုင်ရန် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

မယ်သီတာ စုစည်းသည်



# တရုတ်နိုင်ငံက အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း အများအပြားကို မဖွံ့ဖြိုးသေးသည့် ဒေသများတွင် ဖွင့်လှစ်သွားမည်

တရုတ်နိုင်ငံအစိုးရသည် နိုင်ငံအတွင်းရှိ မဖွံ့ဖြိုးသေးသည့်ဒေသများတွင် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို အများအပြား ဖွင့်လှစ်သွားရန်စီစဉ်ထားရှိကြောင်း တရုတ်နိုင်ငံပညာရေးဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၉ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်မွေးဝမ်းကျောင်းပညာရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို လုပ်ဆောင်ရာတွင် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆန်ယိုက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖိုရမ်တစ်ရပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျောင်းအသစ်များကို ဖွင့်လှစ်ရာတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များတွင် စီးပွားရေးနှင့်လူမှုရေး အခြေအနေများကိုပါ အခြေခံပြီး ထည့်သွင်းသင်ကြားသင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသည့်ပြည်သူများအား နည်းလမ်းမျိုးစုံဖြင့် ထောက်ပံ့ပေးလျက်ရှိရာတွင် အသက်မွေးဝမ်းကျောင်းပညာရပ်ကို သင်ယူနေကြသည့် ကျောင်းသူ၊ ကျောင်းသားများအား ပိုမိုထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယင်းသို့ထောက်ပံ့ပေးရာတွင် ကျောင်းလခ ကင်းလွတ်ခွင့်ပေးခြင်း အပါအဝင် ပညာသင်ဆုများ ပေးအပ်ခြင်း၊ ကျောင်းသားထောက်ပံ့ကြေးများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲမှုပပျောက်ပြီး ချမ်းသာကြွယ်ဝသော လူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ရန် ရည်မှန်းချက်တစ်ရပ်ထားရှိသဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အဓိကထား၍ လုပ်ဆောင်နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်ကုန်ပိုင်းက ဆင်းရဲသူဦးရေ ၄၃ ဒသမ ၃၅ သန်းရှိခဲ့ပြီး ၎င်းတို့၏တစ်နှစ်ဝင်ငွေမှာ ယွမ် ၂၃၀၀ (အမေရိကန်ဒေါ်လာ ၃၄၄) သာရှိကြောင်း၊ အဆိုပါလူဦးရေသည် တရုတ်နိုင်ငံရှိ လူဦးရေ၏ သုံးရာခိုင်နှုန်းသာရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယခုအခါတွင် တရုတ်နိုင်ငံ၌ လူဦးရေစုစုပေါင်း ၁ ဒသမ ၃၇၉ ဘီလီယံရှိကြောင်း စာရင်းဇယားများအရ သိရသည်။

# ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဆန်တန်ချိန် နှစ်သိန်းခွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် ဆန်တန်ချိန် နှစ်သိန်းခွဲကို ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှ ဝယ်ယူမည်ဖြစ်ကြောင်း ဒါကာသတင်းတွင် ဖော်ပြထားသည်။

ဆန်တန်ချိန် နှစ်သိန်းခွဲကို ဝယ်ယူရန်အတွက် သက်ဆိုင်ရာ နိုင်ငံများမှ ဆန်တင်ပို့သူများနှင့် သဘောတူညီချက်များ ရရှိထားပြီးဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ သီးနှံဝယ်ယူရေးအဖွဲ့ချုပ်မှ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပုံမှန်အားဖြင့် ကမ္ဘာ့စတုတ္ထမြောက် ဆန်ထုတ်လုပ်တင်ပို့သူဖြစ်သော်လည်း ယခုနှစ်အတွင်း ရေလွှမ်းမိုးမှုများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်တွင်းဆန်ဈေးနှုန်းများမှာလည်း အဆမတန် မြင့်တက်လာသဖြင့် ယခုကဲ့သို့ ဆန်တင်သွင်းရန် စီစဉ်ရခြင်းဖြစ်သည်ဟုဆိုသည်။

“ကျွန်တော်တို့ ပေါင်းဆန်တန်ချိန် တစ်သိန်းခွဲကို ထိုင်းနိုင်ငံကနေ ဝယ်ယူမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ ပေါင်းဆန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၆၅ ရှိပါတယ်။ ကျန်တဲ့ဆန်တန်ချိန် တစ်သိန်းကိုတော့ အိန္ဒိယနိုင်ငံကနေ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၅၅ နဲ့ တင်သွင်းမှာဖြစ်ပါတယ်”ဟု အထွေထွေ စားနပ်ရိက္ခာဦးစီးဌာန၊ ဝယ်ယူရေးအေဂျင်စီမှ ဘာဒူလ်ဟာဆန်က ပြောကြားခဲ့သည်။

အဆိုပါဈေးနှုန်းများသည် သင်္ဘောတင်ခ၊ သီးနှံအာမခံကြေးများ ပါဝင်ကြောင်း သိရသည်။

“ကျွန်တော်တို့ ရည်မှန်းထားတဲ့ ဆန်တန်ချိန် နှစ်သိန်းခွဲရရှိဖို့အတွက် သဘောတူညီမှုတွေ ပြီးစီးလုနီးပါးဖြစ်နေပါပြီ။ အခုအချိန်ကနေ ၂၀၁၈ခုနှစ် ဇွန်လအထိ ဆန်တန်ချိန် တစ်သိန်းခွဲ တင်သွင်းနိုင်ဖို့ ရည်ရွယ်ထားပါတယ်”ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန်တစ်သိန်းကို ဝယ်ယူခဲ့ပြီးနောက် ထိုင်းနှင့် အိန္ဒိယတို့မှ ဆန်များကို ဝယ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တန်ချိန် နှစ်သိန်းခွဲကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၃ ဖြင့် ဝယ်ယူရန် သဘောတူညီခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေ ပေါင်းသန်း ၁၆၀ ရှိပြီး အဓိက အစားအစာအဖြစ် ဆန်ကိုစားသုံးကြရာ ဆန်ဈေးနှုန်းမြင့်တက်လာခြင်းသည် အစိုးရအတွက် အကျပ်အတည်းကိုဖြစ်စေခဲ့သည်။